

www.burmeseclassic.com
NEW IDEA
စိတ်ကူးသစ်စာပေ
မောင်ညိုမှိုင်း
(သန်လျင်)
စီစဉ်သော
နှစ်ဆယ့်တစ်ရာစု သီရိမာနှင့်
သူမ၏ ချစ်လင်များ
အပါအဝင်
ဂမ္ဘီရဝတ္ထုတိုများ
BURMESE CLASSIC .com
မောင်ညိုမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ အောင်
ဒေါ်ယမုန်းသျှင်၊ နန်းရွှေရည်
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၆၁၁၁၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၁၇၁၂၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၁၀၊ ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၂၀၀ကျပ်

၈၀၈ . ၈၃
ကလောင်စုံ
မောင်ညီမှိုင်း(သန်လျင်)စီစဉ်သော နှစ်ဆယ့်တစ်ရာစုသီရိမာအပါအဝင်
ဂန္ထဝင်ဝတ္ထုတိုများ / ကလောင်စုံ။ - ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၁၇၄-စာ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁)မောင်ညီမှိုင်း(သန်လျင်)စီစဉ်သောနှစ်ဆယ့်တစ်ရာစုသီရိမာအပါအဝင်ဂန္ထဝင်ဝတ္ထုတိုများ

## မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | (၂၁)ရာစု သီရိမာနှင့် သူမ၏ချစ်လင်များ<br>*မောင်ညီမှိုင်း (သန်လျင်)* | ၁ |
| ၂။ | ဘာသာခြားလူဝင်စားချစ်သူ<br>*မောင်မှူးကြီးသိန်းဝင်း* | ၄၆ |
| ၃။ | လက်တားချေသူ<br>*အောင်သာဖိုး* | ၈၁ |
| ၄။ | ထာဝရသစ္စာ<br>*နန်းရွှေရည်* | ၁၁၀ |
| ၅။ | သူဝဏ္ဏဘုမ္မိနိဗ္ဗာန် သူဝဏ္ဏဘုမ္မိငရဲ<br>*ငွေကျင်းသျှင်* | ၁၂၇ |

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

တစ်နေ့သောအခါ ကျွန်ုပ်သည် မြန်မာတိုင်းရင်းဆေးပညာနည်း၊ ဓာတ်ဗိဇ္ဇာနည်းပညာနည်းနှင့် စိတ်ရောဂါ (ခေါ်) အရူးကုသသောဆေးဆရာကြီး ဦးခုနစ်စင်ကြယ်ဆိုသူကို ရင်းနှီးကြုံတွေ့ခဲ့ရ၏။

ဆရာကြီး ဦးခုနစ်စင်ကြယ် မိတ်ဆက်ပေး၍လည်း သူအထူးဂရုပြု ကုသစောင့်ကြည့်ခဲ့သော လူအမျိုးသားငါးဦးနှင့်လည်း ကျွန်ုပ်စကားပြောဆွေးနွေးခွင့် ရရှိခဲ့လေသည်။

၎င်းတို့အနက် တစ်ဦးမှာ သက်နီးဝတ်နှင့်ဖြစ်ပြီး တစ်ဦးကားယောဂီဝတ်နှင့်ဖြစ်၏။ ကျန်သုံးဦးကား သူလိုကိုယ်လိုဘဝနှင့်ဖြစ်၏။





ဒီမှာ ဆရာကြီး ဦးခုနစ်စင်ကြယ်က ကျွန်တော့်ကို ထူးခြားသောမေးခွန်းတစ်ခု မေးခဲ့သည်။

''ဆရာမှိုင်းရဲ့''

''ဟုတ်ကဲ့ . . . အမိန့်ရှိပါ ဆရာကြီးခင်ဗျား''

''စုန်းမဆိုတာကို သိလား''

''ကျမ်းများမှာတော့ ပညာစက်ဖြင့် ပြုစားဝင်တဲ့သူလို့ ဆိုကြတာပဲ ဆရာကြီး''

''လက်တွေ့ရော မြင်ဖူးသလား ဆရာမှိုင်းရဲ့''

''မြင်ဖူးတာ အနည်းအကျဉ်းရှိပါတယ် ဆရာကြီး''

''ပြောပါဦးဗျာ . . . ပြောပါဦး''

''ကျွန်တော်တို့ ခပ်ငယ်ငယ်ကပေါ့ဆရာကြီးရယ်။ ကျွန်တော်တို့နေတဲ့ရွာမှာ ဒေါ်ရှင်မိုးထိဆိုတဲ့ အဘွားကြီးတစ်ဦးရှိတယ် ဆရာကြီး။ ရွာထိပ်သချိုင်းကုန်းအနီးမှာ တဲအိမ်လေးနဲ့ တစ်ကိုယ်တည်းနေတာခင်ဗျ။ ဘယ်ကလာသူမှန်း မသိကြဘူး။ အသက် (၈၀)လောက်ရှိပြီး ဆံပင်ဖားလျား၊ ခါးကိုင်းကိုင်းကြီးနဲ့ အင်္ကျီဝတ်လေ့ဝတ်ထနည်းပြီး အများအားဖြင့်တော့ ယောထဘီအနက်ပတ်လည် နံစော်စော်ကြီးကို ရင်ရှားဝတ်လေ့ရှိတယ်ခင်ဗျ။ ဆိုရလျှင် ကျွန်တော်တို့မိဘများအပါအဝင် ရွာရှိလူကြီးများက ဒေါ်ရှင်မိုးထိရဲ့ တဲအိမ်ရှိရာသို့ ကျွန်တော်တို့ကလေးများကို သွားရောက်လည်ပတ်ပေးလေ့ မရှိဘူးခင်ဗျ''

ဒေါ်ရှင်မိုးထိကို အရပ်က စုန်းမကြီးဟုလည်း ခေါ်ကြ၏။ ပညာသည် (ကဝေ)မကြီးဟုလည်း ဆိုကြ၏။ ကျယ်ကျယ်တော့မပြောရဲ။ ခပ်တိုးတိုး မကြားတကြား ခပ်ရွံ့ရွံ့နှင့် ပြောဆိုဝေဖန်ကြခြင်းသာ။

ဒေါ်ရှင်မိုးထိသည် ပါးစပ်ထက်၏။ တစ်နည်း နှုတ်စိမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်မှပြောလိုက်လျှင် ပြောသည့်အတိုင်း ဖြစ်တာများ၏။

လက်တွေ့မြင်ကွင်းဖြစ်စဉ်ကို ပြောရလျှင် ...

ရွာမှာ ကိုဟင်းခါးနှင့်ကိုကြက်တက်ဆိုသူ အမူးသမား လူမိုက်လူရွှာနှစ်ဦးရှိ၏။

ခါးထိုးမှု၊ နွားခိုးမှုနှင့် ထောင်ကျခဲ့ဖူးပြီး ထောင်ထွက်များဖြစ်၍ သူတို့နှစ်ဦးက မိုက်ဂုဏ်နှင့် တစ်ရွာလုံးကို ထီမထင်သလိုနေကြသူနှစ်ဦး ဖြစ်လေ၏။

တစ်ရွာလုံးရဲ့ အော့ကြောလန်လည်း ဖြစ်၏။

တစ်ညနေ ...

အရက်ရော၊ ထန်းရည်ရော မူးယစ်ပြီး သချိုင်းကုန်းအနီးမှာ ကေစာရိနေသော ဒေါ်ရှင်မိုးထိခေါ် တစ်ရွာလုံးက စုန်းမကြီးဟု ခပ်တိုးတိုး သမုတ်ထားသည့် အဘွားကြီးထံသို့ ဝင်၍ရမ်းကားကြလေ၏။

"အဘွားကြီး"

"ဘာတုံးဟဲ့"

"ဘာချက်တုံး"

"အမဲသား"

"အကုန်ထည့်ခဲ့စမ်းဗျာ"

"ဟဲ့ ... ငါစားဖို့ချက်ထားတာ။ နင်တို့ကို အလကားကျွေးရအောင် နင်တို့က ဘာကျေးဇူးရှိလို့လဲ"

"ခင်ဗျား လျှာရှည်လှချည်လား။ ကျုပ်တို့ ဘာကောင်လဲဆိုတာ ခင်ဗျားမကြားဖူးဘူးလား"

"နင်တို့ သိကြားမင်းကမွေးမွေး၊ ပြိတ္တာကမွေးမွေး၊ ယမမင်းကမွေးမွေး ငါ့အလုပ်မဟုတ်ဘူး။ ခု နင်တို့ ငါ့ဘဲကနေ ပြန်ကြနော်၊





တော်ကြာ ငါ့အဆိုးမဆိုနဲ့"

"ဟား ... ဟား ... ဟား ... ဟား လူကြည့်တော့ နံပတ်ရိုးနဲ့ သွားဗလာမိန်းမကြီးကများ။ ကိုင်းဟာ ... ကဲဟာ ... ကဲဟာ"

"ဖောင်း"

"ဝုန်း"

"အင့်"

"ခွပ်"

"အား"

ဟင်းခါးနှင့်ကြက်တက် လူမိုက်မူးနှစ်ယောက်က ဒေါ်ရှင်မိုးထိကို ထိုးကြိတ်ကန်ကျောက်ပြီး အမဲသားအိုးကိုယူကာ သူမကြီးရှေ့မှာ ပါလာသည့်အရက်နှင့် ခြောင်ထိုင်စားသောက်ပစ်ကြသည်။

အဘွားကြီးကား လက်သီးလက်ဝါးဒဏ်ချက်ကြောင့် မေါက်ပြပြီး ခွေးသံရဲရဲနှင့် ညည်းညူလူးလွန့်နေသည်။

စားလို့သောက်လို့ကုန်သည်နှင့် အိုးခွက်များကို ဒုပါက်ခွဲလွှင့်ပစ်ပြီး ကြိမ်းဝါးကြသည်။

"အဘွားကြီး"

"အဘွားကြီး"

သူတို့က အဘွားကြီးကို ကန်ကျောက်၍နှိုး၏။

"ဘာ ... ဘာတုံး ... အား ... ကျွတ် ... ကျွတ် ..."

"နောင်ကို ကြာသာပတေးနေ့တိုင်း အမဲသားငါးဆယ်သားကျုပ်တို့နှစ်ဦး အရက်နဲ့မြည်းဖို့ချက်ထား။ ချက်မထားရင် ဟောဒီလိုဟောဒီလို ..."

"အား ... အ ... အ ... အစ် ... အစ်"



www.burmeseclassic.com

www.burmeseclassic.com



လှုမိုက်ဟင်းခါးက အဘွားကြီးဒေါ်ရှင်မိုးထိရဲ့ လည်ပင်းကို သန်မာသော သူ့လက်နှင့်ညှစ်၍ ခါလှုပ်လိုက်ရကား အဘွားကြီး ဆံပင်ဖားလျားဖုံး၍ လည်ပင်းအစ်နေ၏။

"ကြားလား"

"အင်း ... အင်း ... အစ် ... အစ်"

"ဘယ်နေ့လဲ ... ပြောစမ်း"

"ကြာ ... ကြာ ... သာ ... ပ ... ပ ... တေး ... နေ့ ... နေ့ ... အစ် ... အစ်"

"ဗွီ"

"ချက်မထားရင် ခင်ဗျားကြီး အဲဒီနေ့သေပြီမှတ်၊ ကြားလား"

"အင်း ... အင်း"

လှုမိုက်နှစ်ဦး ဒယီးဒယိုင်အော်ဟစ်၍ သီချင်းများဆိုပြီး ထွက်သွားခဲ့သည်။ နောက် ကြာသပတေးနေ့သို့ ရောက်သောအခါ အဘွားကြီး ဒေါ်ရှင်မိုးထိတဲသို့ ရောက်လာသည်။

အဘွားကြီးက အသင့်ပါပဲ။ အမဲသားဟင်းအိုးကြီးနှင့် စောင့်နေလိုက်သည်။ ဟင်းနံ့က မွှေးကြိုင်နေ၏။

"အသင့်ပါပဲလား။ ခင်ဗျားက ဒီလိုကျတော့လည်း လိမ္မာသားပဲ။ ကြာသာပတေးနေ့တိုင်းချက်နော်"

အဘွားကြီးက ဘာမျှမပြော။

ဆံပင်ဖားလျားချ၍ ရေစိုထမိရင်ရှားနှင့် သူတို့နှစ်ဦးကိုကြည့်ပြီး ပြုံးနေ၏။

ဒီမှာ ဟင်းခါးက အရက်ပုလင်းကိုဖွင့်၍ တစ်ငုံသောက်၏။ ကြက်တက်ကလည်း ပုလင်းလိုက်မော့၏။





ပြီးနောက် မြေဟင်းအိုးကိုဖွင့်၍ အမဲသားတစ်ဖတ်ကို နှိုက်လိုက်သောအခါ ...

"ဖောက်"

"အား ... မလေးဗျ ... အား ..."

"ဟ ... ဟင်းခါး၊ ဘာဖြစ်လို့လဲ"

"ငါ့ကို ... ငါ့ကို မြွေ ... မြွေကိုက် ... အား ... အ ... အ"

ပြောရင်းမှ ဟင်းခါးလဲကျပြီး ဝါးကြမ်းခင်းပေါ်မှာ လူးလွန့်နေ၏။ ကြက်တက်က ဘာကြောင်တာလဲဟုဆိုလိုက်ပြီး အမဲသားဟင်းအိုးကို ငုံ၍ကြည့်လိုက်စဉ် ...

"ဖောက်"

"အားမလေးဗျ ... သေပါပြီဗျ"

ကြက်တက်ရူးဝါးစွာ အော်ဟစ်လိုက်ကာ နမူးကိုလက်ဝါးနှင့်အုပ်၍ တဲပြင်သို့ ကမူးရှူးတိုးထွက်ပြေးပြီး ခြေလှမ်းဆယ်လှမ်းခန့်အရောက်မှာ လဲကျလို့ လူးလွန့်နေတော့သည်။

ဒီမှာ အသံဘာကိစ္စအတွက် မြေကြီးကျင်းတူးရန်လာကြသည့် ကိုချစ်တီးတို့အုပ်စုက မြင်သွားပြီး ပြေးလာမေးကြသည်။

"ဟ ... ကြက်တက်၊ ဘာဖြစ်လို့လဲ။ ဟော့ကောင် ... ဘာဖြစ်လို့လဲ"

"ငါ့ကို မြွေ ... မြွေကိုက် ... ကိုက် ..."

"ဟင် ... ဘယ်က မြွေကိုက်လို့လဲ"

"အဘွားကြီး စုန်းမကြီး တဲ ... တဲ ... အား"

ပြောရင်း ဟင်းခါး အသက်ပျောက်သွားတော့၏ သို့နှင့်



www.burmeseclassic.com

အဘွားကြီးတဲသို့ ဝင်၍ မေးကြရတော့၏။

ကိုချစ်တီးတို့က ဘယ်ကရောက်လာနေမှန်းမသိသော အဘွားကြီးကို ပမာမခန့်မလုပ်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လေးလေးစားစား ဆက်ဆံလေ့ရှိ၏။

"အမေရှင် … အမေရှင် …"

"ဘာတုံးဟေ့"

"ဟိုကောင် … အမေ့တဲကနေ မြွေကိုက်လို့ဆို"

"အေး … ဟိုတစ်ယောက်ရောပဲဟေ့"

"ဟာ …"

"ဟင် …"

"အမလေး …"

ဒေါ်ရှင်မိုးထိ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သောအခါ ခေါင်းရင်းဆောက်မှာ လူမိုက်ကြက်တက် တွန့်လွန့်တစ်ကိုယ်လုံး မည်းညစ်၍ သေနေသည်ကို သူတို့ ကြောက်ခမန်းလိလိ မြင်လိုက်ရတော့သည်။

"အမေ … မြွေကိုက်တာရော ဟုတ်ရဲ့လားများဟင်"

"ဟိုမှာလေ … မြွေ"

"အမလေး …"

"ဟ … ဟ … နည်းတဲ့ကောင်ကြီး မဟုတ်ပါလား"

"နောက်ကိုဆုတ်၊ နောက်ကိုဆုတ်"

နောက်ဆုံး သူတို့ ဒေါ်ရှင်မိုးထိအိမ်မှပြေးခဲ့ပြီး ရွာလူကြီးကို အကြောင်းကြားကြရ၏။ ရွာလူကြီးများရောက်လာပြီး ဒေါ်ရှင်မိုးထိကို မေးမြန်းကြသောအခါ ဒေါ်ရှင်မိုးထိက သူ့ကို ဟိုတစ်ပတ်လာရောက် နှိပ်စက်ပြီး ဒုက္ခပေးပုံမှသည် ဒီနေ့ ကြာသာပတေးနေ့ အမဲသားဟင်း





ချက်မထားပါက အသေသတ်မည် ကြုံးဝါးကြိမ်းဝါး၍ အမဲသားဟင်း ဝါးဆယ်သား ချက်ထားကြောင်း …

အိုးအဖွင့်မှာ မြွေကိုက်၍ သေကုန်ကြကြောင်း ပြောပြလိုက်သောအခါ …

"အမေကြီး"

"ဘာတုံး … သူကြီး"

"အိုးထဲကို အမေကြီး မြွေဟောက်ထည့်ထားသလား"

"ကြုံကြုံစည်စည်တော်။ ကွင်းပိုင်က အမြင်မတော်လို့ ရှင်းပစ်လိုက်သလားမှ မသိတာ။ ကျုပ်က မြွေကို ကိုင်လည်းမကိုင်ရဲဘူး။ ဟိုမှာ မြွေရှိသေးပ။ ရှင်တို့ ရှင်းရဲရှင်းကြလေ"

သူကြီးနှင့်အဖွဲ့က …

ပါးပျဉ်းထောင်ပြီး တရှူးရှူး တဖူးဖူးမှုတ်နေသော မြွေဟောက်ကြီးကို ရိုက်သတ်ရန်လုပ်ကြသောအခါ မြွေဟောက်ကြီးက ခုန်၍ မှုတ်လိုက်ရကား အားလုံးခြံထဲမှ ထွက်ပြေးရသည့်အဖြစ်ကို ရောက်ကုန်ကြရလေသည်။

နောက်ဆုံး ဒေါ်ရှင်မိုးထိက မြွေဟောက်ကြီးကို တောင်းပန်ပြီးနှင်လိုက်မှ မြွေဟောက်ကြီးသည် သချိုင်းကုန်းအတွင်းရှိ ဝါးရုံအုပ်ထဲသို့ တိုးဝင်ပြေးလေ၏။

အချို့က …

ဒေါ်ရှင်မိုးထိ မြွေဆိုးနှင့်တိုက်၍ လူမိုက်နှစ်ဦး သေဆုံးရသည်ဟု ဝေဖန်ကြ၏။

အချို့က …

လူရမ်းကားနှစ်ဦးကို ကွင်းပိုင်တောပိုင်များမကျေနပ်၍ မိုးထိ

www.burmeseclassic.com



သေဆုံးရသည်ဟု ဆိုကြ၏။

မည်သို့ဆိုစေ အများစုက ဒေါ်ရှင်မိုးထိ သူမရဲ့ စုန်းမအတတ်ပညာနှင့်ပြုစားလို့ ယခုလိုသေဆုံးရသည်ဟု ဆိုကြ၏။

ရှာဦးဆရာတော်ကမူ မကောင်းမှု ဒုစရိုက်ပြုသူရဲ့ ကံ,ကံ၏အကျိုးကို ကံတရားနှင့်စီရင်အပ်သော အကျိုးပေးက ပြစ်ဒဏ်စီရင်လိုက်ခြင်းသာဖြစ်သည်ဟု မိန့်လေ၏။

နောက်တစ်ခါ ကြုံရသည်ကား ...

အဘွားကြီးက ကျွန်တော်တို့ ကလေးများကိုမူ ချစ်ခင်၏။ စားစရာလေးများရှိလျှင် ခေါ်ကျွေး၏။ သို့နှင့် ကျွန်ုပ်တို့ကလေးများက ဒေါ်ရှင်မိုးထိကို မကြောက်ပါ။ မရွံ့ပါ။ မလန့်ပါ။ ခင်မင်ကြပါသည်။

တစ်နေ့ ...

ကျွန်ုပ်နှင့် သူငယ်ချင်းများ ငှက်ပစ်ရင်း ရောက်သွားသည်။

"ကလေးတို့"

"ဗျာ ... အဘွား"

"ပုစွန်မီးဖုတ်စားမလားဟေ့"

"စားမယ် အဘွား၊ အဘွား ပုစွန်ရထားလို့လား"

"စားမှာမို့လား"

"စားမှာပေါ့ဗျ ... အဘွားရ"

"ဒါဆိုလာကြဟေ့"

ဒီမှာ အဘွားကြီးက ရေအင်တုံတစ်ခုထဲသို့ အိမ်တံစက်မြိတ်မှ ဓနိတံလေးများချိုးပြီး ရေအင်တုံထဲသို့ လက်နှင့်ဆုပ်၍ ပစ်ချပြီး ရေကို လက်နှင့်မွှေလိုက်သောအခါ ...

"ဟာ ..."





"ဟယ် ..."

"ဟင် ... ပုစွန်ကျော့တွေဟ"

ကြည့်စမ်း ... ချက်ချင်း ပုစွန်ကျော့ကြီးများဖြစ်ပြီး ရေအင်တုံထဲမှာ ကူးခတ်နေ၏။ ခုန်နေ၏။

ပြီး ... အဘွားကြီးက မီးဖိုထဲသို့ ပုစွန်များကိုပစ်ချ မီးဖုတ်ကာ ကျွန်ုပ်တို့ကိုကျွေးလေ၏။ အို ... ပုစွန်မီးဖုတ်ရနံ့များကား သင်းပျံ့ပြီး မွှေးနေ၏။

ကျွန်ုပ်တို့ကလည်း ကျေးဖူးတင်လွန်း၍ ပစ်ခတ်၍ရလာသော ချိုးသေနှစ်ကောင်ကို အဘွားဒေါ်ရှင်မိုးထိ စားသုံးရန်ပေးခဲ့ပြီး ပြန်ခဲ့ကြလေသည်။

ဒီအကြောင်းအား ကျွန်ုပ်တို့မိဘများကို ပြန်ပြောကြသောအခါ အမေတို့၊ ကြီးဒေါ်တို့ ရင်ဘတ်ထုပြီး အော်ကြလေ၏။

"အမလေး ... ဒုက္ခပါပဲတော်"

"အမေ ... ဘာဖြစ်လို့လဲ"

"နင်တို့ အပင်းသွင်းခံရပြီဟဲ့၊ သေနာလေးတွေရဲ့"

"အမေ ... အပင်းသွင်းခံရတယ်ဆိုတာ ဘာပြောတာလဲဟင်"

"ဟဲ့ ... နင်တို့ကို ဟိုစုန်းမကြီးက ဓနိတံကနေ ပုစွန်ကျော့ဖြစ်အောင်ဖန်ဆင်းပြီး ကျွေးလိုက်တာ နင်တို့ အပြုစားခံလိုက်ရတာ။ ဘုရား ... ဘုရား ... သေနာကျမကြီး၊ စုန်းမကြီး ငါတို့သားသမီးတွေကို ... တောက်"

သည့်နောက် အမေက ပယောဂဆရာကြီး ဦးပဲပြားကြီးထံ ခေါ်သွားပြီး အစာပင်းများကို ချနိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးပဲပြားကြီးက ရေမန်းနှင့်အစာပင်းကို ချ၏၊ ဘယ်လိုမျှ မကျ။ နောက်ဆုံး ဝမ်းနုတ်ဆေးကျွေးလိုက်ရကာ ကျွန်ုပ်တို့ ပုစွန်ကျော့စားမိသူအားလုံး ဝမ်းများသွားပြီး အိပ်ရာထဲလဲသည့်ဘဝ ရောက်တော့၏။ ကံကောင်းပေလို့ နောက်ဆုံး ဗိန္ဓောဆရာကြီး ဦးကံစွန်း ရဲ့ ဝမ်းပိတ်ဗိန္ဓော မြန်မာဆေးတိုက်မှ ဝမ်းရပ်ပြီး နာလန်ပြန်ထူလေ ၏။

"အဲဒါ ဟို စုန်းမကြီးပြုစားလို့ ဆရာကြီးရဲ့"

"မဟုတ်ပါဘူး ဒေါ်မြရီရယ်"

"ဝမ်းတွေသွားပြီး မထမှမထနိုင်တာဥစ္စာ ဆရာကြီးရဲ့"

"ဒါက ဟိုပယောဂဆရာ ဝမ်းနုတ်ဆေးတိုက်တာ များလို့ ပါဟာ။ ကောင်းသွားပါပြီ မြရီရာ"

"ဆရာကြီး စဉ်းစားလေ။ ခနိတ်ကနေ ပုစွန်မြစ်အောင် လုပ် ပြပါတယ်ဆို၊ ပြုစားတာမဟုတ်လို့ ဘာလဲ။ ကဲ ... ပြောပါဦး"

"မြရီ ဒါပဥ္စလက်လို့ခေါ်တဲ့ လက်လှည့်ပညာတစ်မျိုးကြောင့် ပါဟာ။ ပုစွန်ကို လက်ထဲမှာကတ်ထားပြီး ကလေးတွေကို မျက်လှည့် လုပ်ပြလိုက်တာပါ။ ခနိတ်က ဟန်ပြပါ။ ဒါမျိုး ပဥ္စလက်မျက်လှည့် ဆရာတွေ အများကြီးလုပ်ပြနိုင်သဟ။ ကိုင်း ... သွားတော့"

ဗိန္ဓောဆရာကြီး ဘယ်လိုပဲ အကျိုးအကြောင်းနှင့် ရှင်းပြရှင်းပြ ကျွန်ုပ်၏အမေကား ဒေါ်ရှင်မိုးထိစုန်းအတတ်ပညာဖြင့် ပြုစားသည်ဟု သာ ယေသည့်တိုင် ယူဆသွားခဲ့လေသည်။

■ ■ ■

| ၂ |

❑

ကျွန်ုပ်က အရှေ့ကုဆရာကြီး ဦးခုနစ်စင်ကြယ်ကို သို့ကလို ကျွန်ုပ်တို့ငယ်စဉ်ဘဝအရွယ်က ကြုံခဲ့ရဖူးသည့် ဒေါ်ရှင်မိုးထိဆိုသော ထူးဆန်းသည့် ပဥ္စလက်အစွမ်းထက်သူ၊ နှုတ်စီးသူ ပိန်းမကြီးအကြောင်း ပြောပြလိုက်သောအခါ ...

"အင်း ... အဓိကက စိတ်ပဲကွယ့် ဆရာမှိုင်းရဲ့။ စိတ်သာ ရှင်စေလို့ ဘုရားဟောခဲ့သကိုး။ စိတ်ကိုလှည့်စားလို့ရခဲ့ရင် ပညာဟာ ပြီးမြောက်တာပဲ။ ဒါကို ပညာရှင်ဘက်က ပြောတာ။ တစ်ခါ စိတ်ကို မထိန်းချုပ်နိုင်လို့ စိတ်လျှော့စိတ်ပျက် စိတ်အားငယ်ရင်လည်း ဆိုပဲဟာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစိတ်ကြောင့် ဦးနှောက်ထိခိုက်ပြီး ရူးတဲ့ဘဝကို ရောက်ကြရရော ဆရာမှိုင်းရယ်။ အကယ်လို့များ မိန်းမတစ်ယောက်ကြောင့် ယောကျ်ား သားကြီးငါးဦး ရူးသွားရတယ်ဆိုရင် ယုံမလား''

''စုန်းကဝေ ပြုစားတာမျိုး၊ ဒါမှမဟုတ် ဆေးခတ်ခံရတာ မျိုးဆိုရင်တော့ လက်ခံရမှာပေါ့''

''အိမ်း . . . ဆေးခတ်ခံရလို့လား၊ ဘာကြောင့်လားမသိရ အောင် အလှအပကြောင့် သိဝိမင်းလို ရူးသွပ်သွားရသည့် အချစ်ရူး ငါးယောက်အကြောင်း စာရေးဆရာကို ပြောပြချင်တယ်''

''ဆန်းတော့ဆန်းသားပဲ ဆရာကြီး။ အဲဒါ ဘယ်သူတွေလဲ ခင်ဗျား''

''ဟောဒီ လူငါးဦးပဲ''

''ဗျာ . . . ဒီ . . . ဒီလူငါးဦး''

''ဟုတ်ပဗျာ။ ကိုင်း . . . ကိုယ့်ဆရာကို မောင်ရင်တို့ ငါးဦးရဲ့ ဖြစ်စဉ်ကို မောင်ရင်တို့အပိုင်း မောင်ရင်တို့ပြောပြကြ။ ကျုပ်အပိုင်း ရောက်ရင် ကျုပ်ပြောပြမယ်။ ကိုင်း . . . မောင်ချမ်းသာက စပြောပြ လိုက်ကွာ''

ဒီမှာ မောင်ချမ်းသာဆိုသူ လူရွယ်က ကျွန်ုပ်အား သူ၏ဘဝ ကို ဤသို့စ၍ ပြောပြလေ၏။

( ၃ )

❑

ကျွန်တော့်အမည်က ကိုချမ်းသာလို့ခေါ်ပါတယ်ဆရာ။ အဲဒီ တုန်းက အလုပ်အကိုင်က နိုင်ငံခြားကနေ လျှပ်စစ်ပစ္စည်းများသွင်းပြီး လျှပ်စစ်အရောင်းဆိုင်ဖွင့်လို့ ကြီးပွားချမ်းသာနေချိန်ပါ။

တစ်နေ့ ကျွန်တော်တို့မြို့လယ်က တိုက်အိမ်ကြီးကို အလွန် ကိုချောမောလှပသည့် မိန်းမတစ်ဦး ပြောင်းလာနေထိုင်ခဲ့တယ်။

သူမရဲ့အမည်က ခင်စံပယ်မြိုင်တဲ့ . . .

ရက်ရက်စက်စက်ကို ချောတာပါဆရာ။ ဟောဒါ . . . သူမရဲ့ ဓာတ်ပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုချမ်းသာက ကျွန်ုပ်ကို ဓာတ်ပုံတစ်ပုံထုတ်၍ ပြလေ၏။ ကြည့်လိုက်သောအခါ ဟုတ်ပေ၏။ အလွန်ကို ချောမောလှပသည့် မိန်းမတစ်ဦး၏ဓာတ်ပုံဖြစ်၏။

ညို့အားကောင်းသော မျက်လုံး။

စင်းနေသည့် နှာတံ။

ပါးလျဖူးကြည် နှုတ်ခမ်း။

မောက်နေသည့် ရင်နှစ်မြွာနှင့်အတူ ကျဉ်သောခါးအောက်မှ ဖူးမောက်ကားနေသည့် တင်သားစိုင်နှစ်ခုက မြင်ရသူဖိုသတ္တဝါများအား ညို့ထားသလိုဖြစ်စေသည့် အင်္ဂါရပ်များပိုင်ဆိုင်သူ စပါးကြီးမြွေမတစ်ကောင်ဖြစ်ကြောင်း ပေါ်လွင်စေ၏။

အဲဒီ ခင်စံပယ်မြိုင် ရောက်လာတဲ့နေ့ကစပြီး သူ့အိမ်ရှေ့မှာ ကာလသားတွေ လျှောက်ပြန်သံပေးလုပ်နေတာ နေ့စဉ်ပဲ။ ခင်စံပယ်မြိုင် အပြင်ထွက်တာနဲ့ လိုက်လို့စကားပြောကြတာ။

ခင်စံပယ်မြိုင်ကလဲ ဘယ်သူ့မျှအရေးမလုပ်ဘူး။ အကုန်လုံးကို ခါချပစ်တာ။ အဲဒီထဲက ကျွန်တော်က ဖွဲကောင်းလို့ စွံပါရောဆရာရေ။

"ကျွန်တော် မခင်စံပယ်မြိုင်ကို ရင်ထဲအသည်းထဲက ချစ်တာပါ မြိုင်"

"စဉ်းစားပါဦး ကိုချမ်းသာ။ တော်ကြာ နောင်တနဲ့မျက်ရည်နှစ်ပါးသွားပြီး ရှင်ရှူးနေရလိမ့်မယ်"

"မြိုင့်ကြောင့် ရူးရမယ်ဆိုရင် ကျွန်တော်ဆယ်ခါပြန် ရူးရဲပါတယ်"

"ကုလို့ရမှာ မဟုတ်ဘူးနော်"





"အရူးဘဝနဲ့ ကျေနပ်စွာချစ်နေမှာပါ မြိုင်"

ဖွံ့နပဲကြီးလှစွာသောကျွန်တော်နဲ့ မြိုင်ဘက်မရှိ ချောမောလှပသည့် ခင်စံပယ်မြိုင်တို့ မကြာခင် ညားသွားခဲ့ကြတယ်။ ကျွန်တော့လောက် ကံကောင်းသူမရှိသလို ပျော်ရတဲ့သူလည်း မရှိပါဘူးဗျာ။

ဒီမှာ ကျွန်တော် ဘာကို ထူးဆန်းစွာ သွားကြုံရတာလဲဆိုတော့ နားနဲ့မနာ ဖဝါးနဲ့နာပါဆရာ မရှိသေ့စကား ...

ကျွန်တော့်မယားချော ခင်စံပယ်မြိုင်ရဲ့ရင်ဘတ်ပေါ်မှာ မှဲ့နက်သုံးလုံးတန်းစီနေရဲ့ ဆရာရေ ...

မှဲ့နက်သုံးလုံးဟာ ညာဘက်ရင်သားပေါ်မှာ တစ်လုံး။ ဘယ်ဘက် ရင်သားပေါ်မှာတစ်လုံး။ ရင်သားနှစ်ခုကြားမှာ တစ်လုံး။ အချိုက နို့သုပ်မှဲ့လို့ခေါ်တယ်ခင်ဗျာ။ အားလုံးမှဲ့သုံးလုံး တန်းစီနေတယ်။

"ကိုချမ်းသာ"

"မြိုင်"

"ဒီမှဲ့သုံးလုံးအကြောင်း ရှင်သိလားဟင်"

"မသိဘူး မြိုင်၊ ဘာဖြစ်လို့လဲဟင်"

"ဒီလို မှဲ့သုံးလုံးပိုင်ရှင် မိန်းမများဟာ အချစ်ရေး၊ အိမ်ထောင်ရေး မမြဲဘူး"

"ဟုတ်ရဲ့လား"

"ဟုတ်တယ် အလိုရမ္မက်ကြီးတယ်။ ရာဂစိတ်လွန်ကဲတယ်။ အိမ်ထောင်ရေး ပြိုကွဲလေ့ရှိတယ်၊ အိမ်ထောင်သုံးဆက်ကနေ လေးဆက်အထိ ဖြစ်လေ့ရှိတယ်"

"မဖြစ်နိုင်တာ မြိုင်ရယ်။ မြိုင့်ကို ဘယ်သူပြောတုံး"

"ကမ္ဘာကျော်လက္ခဏာဆရာကြီး ဦးနေမင်းရောင်ထိန်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပေးလိုက်တာ။ ရက်၊ လ၊ နှစ် အတိအကျပဲ''

''မောင့်ကို ခွဲမထားခဲ့ပါနဲ့ အချစ်ရယ်။ မောင်ရှုံးသွားမှာမို့ပါ''

ကျွန်တော်ဟာ မြိုင်ရဲ့ကိုယ်လုံးလေးကို အားရပါးရဖက်ထားပြီး ချစ်ဗျူဟာခင်းလိုက်ကြတယ်။ မြိုင်က ကျေနပ်အားရစွာပြုံးလို့ . . .

ဟုတ်လိုက်လေ ဆရာရယ် . . .

သူမဟာ ရာဂစိတ် အလွန်ပြင်းထန်တာပဲ။ အချစ်နဲ့တဏှာကို အငမ်းမရသောက်သုံးလေ့ရှိတယ်။ ကြာတော့ ကျွန်တော့်ကျန်းမာရေး ချို့တဲ့လာရော . . .

အဲဒီအချိန်မှာပဲ . . .

သူမက နောက်ထပ်ယောကျ်ားတစ်ယောက်ကို အိမ်ခေါ်လာခဲ့တာပဲ။ သူ့နာမည်က ကိုချစ်လွန်းရွှေတဲ့။

သူမဟာ ကိုချစ်လွန်းရွှေနဲ့ တပူးတွဲတွဲလုပ်ပြီး ကျွန်တော့်ကို ခနဲ့တယ်။ နောက်ဆုံးသူမက ကျွန်တော့်ကို ကွာရှင်းပေးဖို့ပြောခဲ့တယ်။

''မင်းကို ငါက ဘာလို့ကွာရှင်းပေးရမှာလဲ မြိုင်''

''ရှင် ကျွန်မရဲ့လိုအင်ဆန္ဒကို မဖြည့်ဆည်းနိုင်လို့ပဲ ကိုချမ်းသာ''

''ဟင် . . . မင်းရက်စက်လှချေလားဟင်''

''ရှင် အဲဒီအတွက် ပိုက်ဆံဘယ်လောက်လိုချင်လဲ ပြောပါ။ ကျွန်မ လျော်ကြေးပေးပါ့မယ်''

''ဘာ . . . ဘာ . . .''

''ဆယ်သိန်းလား၊ သိန်းငါးဆယ်လား ပြောပါ''

''မလိုချင်ဘူး။ မင်းကို ငါရင်နှင့်အမျှချစ်တာ''





''ဒါဆို ရှင် နှစ်လင်ပေါင်းနိုင်မလား''

''ဘာ . . . ဘာ . . .''

''ဟား . . . ဟား . . . ဟား . . . ဟား . . . ဟင်း . . . ဟင်း . . . ဟင်း . . . ကျွန်မ ရှင့်ကိုပြောခဲ့သားပဲ ကိုချမ်းသာ။ ကျွန်မတို့အိမ်ထောင်ရေး မမြဲပါဘူးဆို။ ကိုင်း . . . ဒါဆို ရှင့်သဘောပဲလေ။ ရှင်လည်းနေချင်သလိုနေ၊ ကျွန်မလည်း နေချင်သလိုနေမှာပဲ . . . တော့တာ''

အဲဒီအချိန်ကစပြီး သူမအိမ်မှာမကပ်တော့ဘူး။

ကိုချစ်လွန်းရွှေဆိုသူနဲ့ လျှောက်သွားနေတာပဲ။ ပြန်လာချင်မှလာတယ်။ ဘယ်သွားမှန်းမသိဘူး။ ပြန်လာရင် ကျွန်တော်နဲ့ စကားများ။ များရင် ကွာရှင်းပေးဖို့ပြော။

နောက်ဆုံး . . . သူတို့ဒီအိမ်ကြီးက ထွက်ပြေးသွားကြပါရော ဆရာ။ အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ သိဝိမင်းကြီး ဥမ္မာဒန္တီရဲ့အလှကို မမြင်ရမနေနိုင်ဖြစ်ပြီး 'ဥမ္မာ . . . ဥမ္မာ'နဲ့ တတမ်းတတခေါ်ရင်း အချစ်ရူးရူးသလို၊ ကျွန်တော်လည်း မယားတရူးရူးပြီး မစားနိုင်မအိပ်နိုင်နဲ့ နောက်ဆုံး စိတ်ရောဂါသည်ဘဝကို ရောက်သွားခဲ့ရတာပဲ ဆရာ။

www.burmeseclassic.com

www.burmeseclassic.com

## | ၄ |

❑

ကျွန်တော့်နာမည်က ကိုချစ်လွန်းရွှေပါဆရာ။ မိဘများရဲ့ ကျောက်မျက်ရတနာဆိုင်ကို ဦးစီးရသူဆိုတော့ ရွှေမရှားငွေမရှားပဲပေါ့ ဆရာရယ်။

ဒီမှာ မခင်စံပယ်မြိုင်နဲ့ တွေ့တာပဲ။

ကျွန်တော်ရဲ့ ဗိုလ်ချုပ်ဈေးကရတနာဆိုင်ကို ပတ္တမြားလက်စွပ်လာကြည့်ရင်း ရင်းနှီးသွားရတာ။

ရက်ရက်စက်စက်၊ ပက်ပက်စက်စက်လှတဲ့ အလှပဲ။ ကြည့်ပြီးရင် ခွာလို့မရတဲ့အလှပါ ဆရာရယ်။ ဗိုလ်ချုပ်ဈေးက ယောက်ျားတိုင်း သူမရောက်လာရင် ကျက်ကျက်ကြည့်ကုန်ရော။





အမှန်က ကျွန်တော့်အမှားလည်း ပါပါတယ်။

သူမမှာယောက်ျားရှိမှန်း ကျွန်တော်သိပါတယ်။ သူမကပြောတယ် ကွာရှင်းပြတ်စဲတော့မယ်တဲ့။ ဒါနဲ့ ကွာရှင်းပြတ်စဲမည့် အချိန်ကိုစောင့်ရင်း ...

သူမနဲ့ကျွန်တော် အနေနီးစပ်သွားခဲ့ရတယ်။

အထိအတွေ့သစ်ကြောင့် ကျွန်တော်သူမအပေါ် သာယာသွားခဲ့တယ်။ အဲဒီမှာ သူမရဲ့ရင်ဘတ်ပေါ်က မှဲ့သုံးအကြောင်း ကျွန်တော်သိခဲ့ရတာပဲ။

သူမက ကြိုပြောပါတယ်။ ၃း။

"ကျွန်မကို ချစ်ရဲရင်ချစ်ပါ။ မချစ်နဲ့လို့ မတားချင်ပါဘူး ဒါပေမဲ့ ရှင်တို့တစ်နေ့ အသည်းကွဲရလိမ့်မယ် ... ကိုချစ်လွန်းရွှေ"

"ဘာလို့လဲ မြိုင်"

"ကျွန်မနဲ့ညားတဲ့ယောက်ျား အိမ်ထောင်ရေးကောင်းလေ့မရှိဘူး ... ကိုချစ်လွန်းရွှေ"

"ကျွန်တော် သည်းညည်းခံပြီး ချစ်ပါ့မယ်မြိုင်။ ဘာလို့လဲဆိုတော့ မြိုင် ကျွန်တော့်အပါးမှာရှိနေရင်ပဲ အိုအိုနာနာ ထာဝရချစ်နေမှာ ယုံပါနော်"

အချစ်မူး ရူးနေတဲ့ကျွန်တော် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ပြီး မြိုင့်ကို မန္တလေးဘက်ခိုးပြေးသွားခဲ့မိတယ်။ ( ... )ဟိုတယ်မှာ တစ်လတာညီးခိုနေထိုင်ကြတယ်။

မြိုင်ဟာ ရမ္မက်သည်းထန်တဲ့ စပါးကြီးမြွေတစ်ကောင်ပါပဲ ဆရာ။ အမြဲတမ်း လိုအင်ဆန္ဒရှိနေတာပဲ။ တင်းတိမ်ရောင့်ရဲခြင်းမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ သူမ ကျွန်တော့်ကို စိတ်ကုန်သလို ရှိလာတယ်။ တစ်ညဲ့ သူမ ကျွန်တော့်ကို အားဆေးနဲ့အရက်တစ်ခွက်တိုက်ပြီး အချစ်မိုး သည်းကြီးမဲကြီး ရွာခဲ့ကြတယ်။

ဒီမှာ ကျွန်တော် မောမောနဲ့အိပ်ပျော်သွားခဲ့တယ်။

အိပ်ရာကနိုးလို့ ကြည့်လိုက်တော့။

အလို ... မြိုင်မရှိတော့ဘူး။

ကျွန်တော်နံဘေးမှာအိပ်နေတာ မြိုင်မဟုတ်ဘူးခင်ဗျား။ အခြား မိန်းမတစ်ယောက်။ သူမက ကျွန်တော့်ကိုလှမ်းဖက်ပြီး နမ်းမလို့အလုပ် ကျွန်တော်ရုန်းထွက်လို့ ...

"မြိုင်ရော ... မြိုင် ... မြိုင် ..."

"ဘယ်က မြိုင်လဲလို့ ... အစ်ကိုကလဲ"

"ကျုပ်ချစ်သူ ... မခင်စံပယ်မြိုင်လေ ... မြိုင် ... မြိုင်"

"ဘယ်မြိုင်မှ မရှိဘူး။ အစ်ကိုနဲ့ကျွန်မ ဒီအခန်းထဲမှာ နှစ် ယောက်တည်း"

"ဟာ ... ကျုပ်နဲ့မြိုင်နဲ့ အတူတူအိပ် ..."

"အို ... အစ်ကိုလည်း မူးမူးနဲ့ဘာတွေပြောနေမှန်း မသိဘူး ထွက်သွား။ သူပဲ တစ်ညလုံး ..."

"အို ... မြိုင်ရေ ... မြိုင် ... မြိုင် ..."

ကျွန်တော် ဟိုတယ်ကြီးတစ်ခုလုံးမှာ မြိုင့်ကို လိုက်ရှာခဲ့တယ်။ လုံးဝမတွေ့ဘူး။ ဒါနဲ့ မန်နေဂျာကို သွားတွေ့မေးလိုက်ရော ...

"ဆရာ့ကို မခင်စံပယ်မြိုင်ဆိုသူက စာတစ်စောင်ပေးသွားခဲ့ တယ်ဆရာ။ ဒီမှာ ..."

ကျွန်တော် မန်နေဂျာလှမ်းပေးသည့်စာကို အလျင်စလို ဖွင့်





ဖတ်လိုက်တယ်။

အစ်ကို

ကျွန်မ ယောကျ်ားတစ်ယောက်ကို ကြာရှည်ပေါင်းလို့မရဘူး။ ဆေးပညာမှာ အဲဒီရောဂါ (သို့မဟုတ်) ဒီသွေးသားခံစားချက်ကို ဘယ်လို ဆေးနာမည်တစ်ခါလည်း မသိဘူး။

ကျွန်မကိုမေ့လိုက်ပါ။ ကျွန်မတို့ နှစ်ဦးသဘောတူ လက်ထပ် ခဲ့တာမှမဟုတ်ပဲ။ ကျေးဇူးပဲ အစ်ကို။ ကျွန်မကိုဘယ်တော့မှ လက်ထပ် ဖို့မကြိုးစားပါနဲ့။ ကျွန်မ ဘယ်ယောကျ်ားမနဲ့မျှ လက်မထပ်ချင်ဘူး။ ဒါပေမဲ့ နေလို့လည်းမရဘူး။

မေ့လိုက်ပါနော် ...

မြိုင်

ကျွန်တော် သူမကို မိုးမြေအနှံ့ လိုက်ရှာခဲ့တယ်။ ချစ်တာကိုး။ ဘယ်မှာမျှ ရှာလို့မရဘူး။ အဲဒီစိတ်နဲ့ အလုပ်ကိုပစ်ပယ်ပြီး အရက် သမားဘဝနဲ့ လေလွင့်ခဲ့လိုက်တာ နောက်ဆုံး ဦးနှောက်ကြောင်သွားတဲ့ ဘဝကို ရောက်သွားခဲ့ပါရော ဆရာရယ် ...

www.burmeseclassic.com

www.burmeseclassic.com

# [ ၅ ]

နောက်နှစ်ယောက်၏ ပြောပြချက်ကလည်း အချစ်ရာဂနှင့် အလိုရမ္မက်၏ နောက်ဆုံးစွန်းခွာခြင်းကိုခံရကာ စိတ္တဇလိုဖြစ်ပြီး လေလွင့်သွားရသူနှစ်ဦး ဖြစ်လေသည်။

သူတို့နှစ်ဦး၏အမည်မှာ ...

မောင်ကြီးညိုနှင့် ချစ်ဦးခေါင်ဆိုသူများ ဖြစ်ကြ၏။

သူတို့ထုတ်ပြသည့် ဓာတ်ပုံများအရ သူတို့လည်း ရမ္မက်များ ပိုင်ရှင် ခင်စံပယ်မြိုင်နှင့် လွန်လွန်ကျူးကျူးဖြစ်ပြီး နောက်ဆုံး ... ခင်စံပယ်မြိုင်ရဲ့ စွန့်ပစ်စွန့်ခွာခြင်းကိုခံရကာ အသည်းကွဲလေလွင့် အချစ်ရူးရူး မူးယစ်သူများဘဝ ရောက်သွားခဲ့ရကြောင်း ကျွန်ုပ်သိခဲ့ရပါသည်။





နောက်ဆုံးတစ်ယောက်ကား ...

ရဟန်းဝတ်နှင့်လူ ဖြစ်၏။

လူအမည်မှာ ကိုတြိဂ်ဟုခေါ်လေ၏။

"ခင်ဗျားနာမည်က ဆန်းလှချည်လားဗျ။ ဘာလို့ ကိုတြိဂ် လို့ခေါ်သလဲဗျာ"

"နာမည်ဆန်းသလို ဘဝကံကြမ္မာကလည်း ဆန်းတယ်ဆရာ"

"လုပ်ပါဦးဗျ"

"ကျွန်တော်လည်း မွဲသုံးလုံးနဲ့ပဲဆရာ"

"ဟော့ ... လုပ်လှချီလား။ ဘယ်လိုမွဲလဲဗျ"

"ဆီးခုံပေါ်မှာ မွဲ့သုံးလုံးတြိဂံပုံစံ ဆိုင်နေတယ်ဆရာ"

"ဟုတ်လား ... အဲဒီတော့ ဘာဖြစ်လာသလဲဗျာ"

"ကျွန်တော်လည်း မိန်းမနဲ့ မြဲကိုမမြဲဘူး ဆရာရယ်"

"ဗုဒ္ဓေါ ... လုပ်ပါဦး ခင်ဗျားရဲ့ဇာတ်ဆန်းလေး"

"ကျွန်တော် မိန်းမငါးယောက်ရခဲ့တယ် ဆရာ။ ရသမျှ မိန်းမများဟာ အားလုံး လုံးကြီးပေါက်လှ ရေဆေးငါးချည်းပဲဆရာ။ ကံဆိုးပုံက မိန်းမတစ်ယောက်ရတိုင်း (၆)လပြည့်ရင် အိမ်ကနေဆင်းပြေးရော ဆရာ"

"ဘာလို့များပါလိမ့် ကိုတြိဂ်ရာ ဟင်"

"မပြောပါရစေနဲ့ ဆရာရယ်။ တိုတိုပြောရင် ကျွန်တော်နဲ့ သူတို့ ကြာရှည်မအိပ်ရဲကြဘူး ဆရာ။ ကျွန်တော် သူတို့ကိုချစ်လွန်းလို့ လိုက်ခေါ်ပေမဲ့ ခေါ်လို့ကိုမရတော့ဘူး။ မပေါင်းနိုင်ဘူးလို့ အကျောက်အကန် ငြင်းဆန်ပြီး ကွာရှင်းပြတ်စဲခဲ့ရတယ်"

"ခင်ဗျား အလုပ်အကိုင်ကရော ကိုတြိဂ်



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ပွဲစားပါဆရာ"

"ဝင်ငွေကောင်းရဲ့လား"

"ရွှေမရှား ငွေမရှားပါ ဆရာ။ နောက်ဆုံး ခင်စံပယ်မြိုင်ဆိုသူနဲ့ မိုးကုတ်မှာသွားတွေ့ပြီး ညားခဲ့ရတာပဲ။ ခင်စံပယ်မြိုင်ကလည်း ကျွန်တော်နှစ်သက်စွဲလမ်းလောက်တဲ့ ရုပ်ရည်နဲ့ ကိုယ်လုံးကိုယ်ပေါက် ပိုင်ရှင်ပါပဲ"

ဒီတုန်း ခင်စံပယ်မြိုင်က ကျွန်တော့်ကို ပြောတယ်ဆရာ။

"ကိုတြိဂံ ရှင်ကျွန်မနဲ့ညားရင် သုံးလပဲရှင့်"

"ဘာဖြစ်လို့"

"ကျွန်မက ယောက်ျားတစ်ယောက်ကို စွဲစွဲလမ်းလမ်း ပေါင်းလေ့မရှိဘူး။ တစ်ခဏအပျော်ပဲ ပေါင်းတာ"

"ကျွန်တော်က သေတပန်သက်တစ်ဆုံးပေါင်းချင်တာ မြိုင်။ ဘာလို့လဲဆိုတော့ ကျွန်တော်နဲ့ညားခဲ့သည့် မိန်းမတွေလည်း မြိုင်ပြောသလိုပဲ၊ သုံးလေးလနဲ့ အိမ်ထောင်ရေးပျက်ခဲ့ရတော့ ကျွန်တော် ထာဝရပေါင်းသင်းနိုင်မည့်မိန်းမကို လိုချင်တယ်"

"ကျွန်မနဲ့ ဖြစ်မှာမဟုတ်ဘူး"

"ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ် မြိုင်"

"ဘာဖြစ်လို့"

"ကျွန်တော် မြိုင့်ကိုမြင်တာနဲ့ မြိုင်ဟာ ကျွန်တော်နဲ့သေသည့်တိုင် စွဲစွဲမြဲမြဲချစ်သွားနိုင်မည့်မိန်းမ အချစ် ချစ်သူလို့ ယုံကြည်လို့ပါ"

"ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း . . . ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မကြောင့် ရူးသွပ်ခဲ့ရ၊ လေလွင့်ခဲ့ရ၊ ပျက်စီးခဲ့ရတဲ့ယောက်ျား လေးဦးရှိသွားပြီ ကိုတြိဂံ။ ကျွန်မ မေတ္တာရပ်ခံတဲ့ကြားက





ကို ဝင်တိုးကြတာ။ နောက်ဆုံး သူတို့အသည်းကွဲ၊ အသည်းနာ၊ အချစ်နာပြဿနာခံစားရပြီး ဦးနှောက်ပုံမှန်မရှိခဲ့ကြဘူး။ ကျွန်မကို စုန်းမလို့တောင် သူတို့အသိုင်းအဝိုင်းက ပြောကြလေရဲ့ရှင်။ ရှင်နောက်တိုးတစ်ယောက် မဖြစ်ချင်ပါနဲ့ရှင်နော်"

"ရူးချင်ရူးပါစေ မြိုင်။ မြိုင့်လို အလွန်လှပတဲ့မိန်းမကြောင့်ရူးရမယ်ဆိုရင် ကျွန်တော် ဆယ်ခါပြန်ရူးဝံ့ပါတယ်"

"ဒါဆိုလည်း ရှင့်သဘောပဲ"

"ကျွန်တော့်တို့ ဒီနေ့ပဲ လက်ထပ်ကြစို့လား မြိုင်"

"လက်မထပ်သေးဘဲ အတူနေကြရင် မကောင်းဘူးလားဟင်။ နှစ်ဦးနှစ်ဖက် စိတ်သဘောထားချင်း၊ အထိအတွေ့ချင်း တိုက်ဆိုင်ပြီးမှ လက်ထပ်ကြရင် နှစ်ဖက်စလုံး အကျိုးမယုတ်ဘူးပေါ့"

"ဒါဆိုလည်း မြိုင့်သဘောအတိုင်းပါပဲ"

သုံးရက်အတွင်း မြိုင်ကကျွန်တော့်ကို တရားဝင်လက်ထပ်ပါရစေလို့ တောင်းဆိုခဲ့တယ်။

"ဘာလို့လဲဗျာ"

"သူရှာနေတဲ့ယောက်ျား၊ သူလိုချင်တဲ့ယောက်ျား၊ သူချစ်ချင်တဲ့ယောက်ျားမျိုး ခုမှတွေ့လို့တဲ့။ အဲဒါနဲ့ သူမနဲ့ကျွန်တော် တရားဝင်လက်ထပ်ပြီး မူလနေထိုင်ရာ ( . . . )မြို့ကတိုက်ကို ပြောင်းရွှေ့နေထိုင်ခဲ့ကြတယ်"

မြိုင်ဟာလေ ကျွန်တော့်ကို 'မောင် . . . မောင်'နဲ့ ပါးစပ်ဖျားကကိုမချဘူး။ ကျွန်တော်ကလည်း မြိုင့်လို မှဲ့သုံးလုံးနဲ့ ထူးဆန်းတဲ့မိန်းမကို အရမ်းကိုချစ်တာ . . .

သူမကလည်း ကျွန်တော့်ကို နှစ်နှစ်ကာကာ စွဲလမ်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



''မောင့်ကို မြိုင်ဘယ်တော့မှမခွဲဘူး မောင်''

''မောင်ကလည်း မြိုင့်ကို ရိုးမြေကျပေါင်းသွားမှာပါ မြိုင်။ ဟောဒီကမ္ဘာမှာ မောင်လေ မြိုင်ကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်နိုင်ဘူး။ ရှိသမျှအချစ်ကိုလည်း မျှဝေမပေးတော့ဘူး၊ ယုံလားဟင်''

''အင်း ... အင်း ... အဟင့်''

ကျွန်တော်တို့နှစ်ဦးရဲ့အချစ်ဟာ စွဲစွဲနစ်နစ်ချစ်ကြတဲ့ အချစ်ပါ၊ မခွဲနိုင်မခွာရက်ချစ်ကြတဲ့ အချစ်ပါ။ မြိုင်ကလေ မောင့်ကို အစောကြီးကတည်းကတွေ့ခဲ့ရရင် ကျွန်မဘဝမှာ 'စုန်းမ'လို့ အပြောခံရမှာ မဟုတ်ဘူးတဲ့ ...

''ဘာလို့ စုန်းမလို့ ခေါ်ကြတာလဲ မြိုင်''

''ကျွန်မက ပြုစားတတ်လို့တဲ့''

''တကယ်ရော ပြုစားတတ်လို့လား မြိုင်ရယ် ... ဟင်''

''ကျွန်မလည်း ခေတ်ပညာတတ် မိန်းမတစ်ယောက်ပါ မောင်။ ဇီဝကမ္မဗေဒသဘောအရ ရာဂတပ်မက်မှုဟာလည်း ဇီဝဗေဒနဲ့ စိတ်ခံစားချက်သဘောပါပဲ မောင်။ လူတစ်ယောက်ဟာ သူ့ရဲ့အလိုဆန္ဒ မပြည့်ဝရင် ... ဥပမာ အချစ်၊ ကာမ၊ စည်းစိမ်ဥစ္စာ၊ ကြင်နာမှု အဲဒါ တစ်ခုမဟုတ်တစ်ခုမရရင် အလိုမကျလေ့ရှိတာပဲ။ အလိုမကျလို့ လမ်းခွဲရတော့ ကျွန်မကို အလုရုပ်ပြုနဲ့ အသည်းခွဲရူးသွပ်အောင် ပြုစားသူ စုန်းမလို့ ခေါ်ကြရော။ ဆရာဝန်က ကျွန်မကို စိတ်ပညာနဲ့ လိုအင်ဆန္ဒကိုချုပ်တည်းဖို့ အကြံပြုတယ်။ ဥပမာ-တရားထိုင်ပြီး ခန္ဓာကိုယ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုပြီး ဆင်ခြင်ဖို့''

''အခု ဆင်ခြင်လို့ရပြီလား''

''လိုအင်ဆန္ဒလည်း ပြည့်ဝစွာခံစားရရှိလာတော့ လူ့ဘဝတစ်





ပျောက် ကျွန်မကြောင့်ခံစားခဲ့ရသူ လင်ယောက်ျားတွေကို ကိုယ်ချင်းစာပြီး တရားရပါပြီ မောင်။ ဒါကြောင့် ကျွန်မ ဆရာတော်ကြီးတစ်ပါးဆီမှာ တရားမှတ်နည်းနဲ့ ဆန္ဒဇောများကိုထိန်းချုပ်နည်း သင်ယူနေပါပြီ မောင်။ ကျွန်မမိုက်တော့ပါဘူး။ ကျွန်မ ကာမဂုဏ်ရူး မဖြစ်ချင်တော့ပါဘူး။ ကျွန်မ စုန်းမလို့ အခေါ်မခံချင်တော့ပါဘူး မောင်ရယ်''

အဲဒီလိုနဲ့ မြိုင်ဟာ သူ့နောင်တနဲ့သူ၊ သူအသိသတိနဲ့သူ ကျွန်တော်နဲ့ ပျော်ရွှင်စွာနေထိုင်စဉ်မှာပဲ ...

တစ်ည ...

သူမ မည်သည့်ရောဂါနဲ့မှန်းမသိဘဲ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ရတယ် ဆရာ ...

ကျွန်တော်ဟာ ကြွေရုပ်လေးလိုလှပတဲ့ သူမရဲ့အလောင်းကို ပွေ့ပိုက်ပြီး ရှိုက်ကြီးတငင် ငိုခဲ့ရတယ်။

သုံးရက်လုံးလုံး ငိုခဲ့ရတာ။

သုံးရက်ပြည့်တော့ အလောင်းက ဖူးရောင်လာပါပြီ။ အနံ့ထွက်လို့လာပါပြီ။

ဒီမှာ မြိုင်ရဲ့ ကိုးကွယ်တဲ့ ဆရာတော်ကြီးက ...

''တကယ်ချစ်လို့ ရသေးရဲ့လားတဲ့''

ကြည့်လိုက်တော့ မြိုင်ရဲ့မျက်နှာဟာ အလှအပ မရှိတော့ပါဘူး။ ပွဖူးပြီး အနံ့ထွက်နေပြီ။

ဒါ တစ်ချိန်က ယောက်ျားတိုင်း ရူးသွပ်စွာစွဲလမ်းခဲ့ရတဲ့ ရွှေရုပ်ကြွေရုပ်မလေး ဒေဝစ္ဆရာမြိုင် မဟုတ်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

❑

"သူတို့ပြောလို့ဝရင် ကျုပ်အလှည့်ရောက်ပြီ စာရေးဆရာ"

ယောက်ျားသားငါးဦးက သူတို့ကြုံခဲ့ရသည့် မြိုင်ဆိုသူနှင့် စပ်လျဉ်း၍ အသည်းကွဲ ဘဝပျက် ခံစားချက်များကို အသီးသီးဖွင့်ဆိုပြီးသောအခါ အရူးကုဆေးဆရာကြီး ဦးခုနစ်စင်ကြယ်က သူ့အလှည့်ရောက်ပါပြီဟု ဆိုလေ၏။

"ကဲ ... ဆရာကြီးရဲ့ ကြုံရပုံကို ပြောပါဦးခင်ဗျ"

"ဒီလို ဆရာမှိုင်းရေ။ ကျုပ်က ပောဒီမြို့ကလေးမှာ တိုင်းရင်းမြန်မာ အရူးအထူးကု ဆရာတစ်ဦးပေါ့ဗျာ။ ကျုပ်ရဲ့အဘိုး ဦးဝေဒမောင်မောင်ကြီးဆိုတာကလည်း ရတနာပုံမြို့ နန်းတည်မင်းတရားကြီး





ရဲ့ဝန်ကြီး ယောအတွင်းဝန် ဦးဘိုးလှိုင်နဲ့ တိုင်းရင်းဆေးပညာသင် ပညာရှာဘက်ခင်ဗျာ။ အဖေကလည်း တိုင်းရင်းဆေးဆရာကြီးပါပဲ။ ကျုပ်လည်း အဘိုး၊ အဖေတို့ရဲ့ ဆေးပညာအမွေအနှစ်ကို ရခဲ့တာပေါ့။ အထူးသဖြင့် စိတ်ရောဂါကုသရာမှာ နာမည်ရခဲ့တယ်။ ကျုပ်တို့ မြန်မာတိုင်းရင်းဆေးပညာ အလိုအရ အရူး (၂၆)ပါးကုထုံးဆိုတာ ရှိတယ်။

ဥမ္မတ္တက၊ အမည်ရလျက်၊ ဟာဒယမငြိမ်၊ နှလုံးအိမ်ယွင်းသွေ၊ သည်းခြေပျက်လတ်၊ စိတ်ဓာတ်ညစ်ညူး၊ အရူးများလား ... တဲ့။

အနည်းငယ်ပြောရရင် ... ဘုရားစိမ်ရေသင့်၍ ရူးသောအရူး၊ မီးမြေလေပျက်၍ ရူးသည့်အရူး။ သွေးပျက်လို့ ရူးသည့်အရူး၊ သည်းခြေမည်း၍ ရူးသည့်အရူး၊ ပစ္စည်းဥစ္စာမရှိ ဆင်းရဲလို့ရူးတဲ့အရူး၊ စီးပွားပျက်၍ ရူးသည့်အရူး၊ စုန်းပယောဂအတိုက်ကြောင့် ရူးသည့်အရူး၊ ဆိတ်ရူး၊ မြွေရူး၊ မြင်းရူး၊ နွားရူး၊ ခွေးရူး၊ ဝက်ရူး၊ တဏှာရူး၊ ဦးနှောက်ပျက်၍ ရူးသည့်အရူး၊ ဆင်းရဲရာမှချမ်းသာ၍ ရူးသည့်အရူး၊ ဆွေမျိုးသားချင်းပျက်စီး၍ ရူးသည့်အရူး စသည့် အရူးအမျိုးအစား (၂၆)ပါးရှိတယ်။ ပဋ္ဌာစာရီရူးတာ ဆွေမျိုးသားချင်းပျက်စီးလို့ ရူးတဲ့အရူး။ နီရိုးဘုရင်ရူးတာ ရာထူးစည်းစိမ်ပျက်လို့ ရူးတဲ့အရူး။ သိဝိဘုရင်မင်းမြတ်ရူးတာ အချစ်တဏှာကြောင့် ဖြစ်သည့်အရူး။ ခွေးရူးပြန်၊ ဝက်ရူးပြန်တာတော့ စာရေးဆရာတို့ တွေ့ဖူးမြင်ဖူးပြီးရောပေါ့။

"ဟုတ်ကဲ့ ... မြင်ဖူးပါတယ် ဆရာကြီး"

"ဒီလို သွေးသည်းခြေလေသလိပ်၊ ကံ၊ စိတ်၊ ဥတုအာဟာရနဲ့စည်းစိမ်ဥစ္စာကြောင့် ဖြစ်ရပျက်ရတဲ့ စိတ်ရောဂါခေါ် အရူးရောဂါအတော်များများကို ကျုပ်ကုခဲ့တာ ပျောက်ခဲ့တာ လူပေါင်းမနည်းပါဘူး။ အင်္ဂလိပ်လည်း အင်္ဂလိပ်ဆေးနည်း၊ မြန်မာလည်း မြန်မာဆေး



www.burmeseclassic.com

www.burmeseclassic.com



နည်းရှိပါတယ်။ အရေးကြီးတာ ရောဂါစဖြစ်ရတဲ့ အခြေခံအကြောင်း
တရားနဲ့ ရာသီကာလ၊ နက္ခတ်ဘဝကို ဆရာကနားလည်ဖို့ အရေးကြီး
တယ်။

တစ်နေ့တော့ ဟိုသူငယ်မောင်ချမ်းသာ ကျုပ်ဆီကို ရောက်
လာတယ်။ သူ့မိဘညီအစ်ကို မောင်နှမများကိုယ်တိုင် လာပို့ကြတာ
ဓာတ်ပုံတစ်ပုံ ရင်မှာပိုက်လို့။ ငိုလိုက်ရယ်လိုက် နာမည်ခေါ်လိုက်။

'မြိုင်ရေ ... မြိုင်ရေ'နဲ့ တစ်မြိုင်တည်းမြိုင်နေတာ။ မေ
လိုက်တော့ 'မယားကိုတပြီးလွမ်းနေတဲ့ မယားတရူး။

အင်း ... ဓာတ်ပုံထဲကမိန်းမ တော်တော်ကိုချောတာပဲ။ ရှ
မယ်ဆို ရူးလောက်ပါရဲ့။ ဒါနဲ့ ဖြစ်ကြောင်းကုန်စင်ကို မေးမြန်းပြီး သင်
လက်ဝါးကိုကြည့်လိုက်ရော ရူးသွပ်စိတ်နောက်ရမည့် လက္ခဏာအရေး
အကြောင်းက နှလုံးလမ်းကြောင်း၊ အိမ်ထောင်ရေးလမ်းကြောင်းနဲ့
အသက်လမ်းကြောင်းပေါ်မှာ တန်းတွေ့ရတယ်။

ဒါနဲ့သူ့ကို နှလုံးငြိမ်ဆေးကျွေးပြီး တရားချရတယ်။ သူ
(မောင်ချမ်းသာ)ကို အချိန်ယူကုနေတုန်း သုံးလစီခြားပြီး စိတ်ရောဂါ
အရူး နောက်ထပ် သုံးဦး ရောက်လာပါရော စာရေးဆရာရေ။

အားလုံးရဲ့လက်ထဲမှ 'မြိုင်'ခေါ် မခင်စံပယ်မြိုင်ဆိုတဲ့ မိန်း
ချောရဲ့ ဓာတ်ပုံကိုယ်စီကိုင်ပြီး ဟိုမြို့ဒီမြို့ကနေ ကျုပ်ဆီကို ရောဂါကုသ
ခံဖို့ ရောက်လာကြတာ။

တူညီတဲ့အချက်က သူတို့လေးဦးရဲ့ အိမ်ထောင်ရေးလမ်း
ကြောင်းဟာ ကျွန်းကြီးကျွန်းငယ်ခံပြီး ဘဝပျက်ရမည့်ကိန်း ကိုယ်စီ
တူညီနေတာပဲ။ အချိန်စောတာနဲ့ နောက်ကျတာပဲ ကွာကြတယ်။

တစ်ခါ ဗေဒင်ကိန်းခန်းနဲ့ တွက်ချက်ကြည့်လိုက်တော့ သူတို့





ရောဂါပျောက်ရမည့်ရာသီဟာ မိုးရာသီဖြစ်နေတယ်။ သူတို့ခေါင်းပေါ်
ကိုမိုးရေစိုပြီး မိုးကြိုးပစ်သံကြားရချိန်မှာ သူတို့ရောဂါပျောက်လိမ့်မယ်
ဆိုတာကို ကျုပ်ရဲ့ဗေဒင်ပညာ၊ ဆေးပညာ၊ မနောအာရုံခံပညာနဲ့ သိနေ
တယ်။

ဒါနဲ့ ပြောလိုက်တယ်။

"မင်းတို့ မိုးကြီးရွာချိန်နဲ့ မိုးကြိုးပစ်ချိန်မှာ အရူးရောဂါပျောက်
လိမ့်မယ်"

ဒီလိုဟောလိုက်ရော ...

တစ်ယောက်က မေးတယ်။

"ဘယ်လလည်း ဆရာကြီး"

"မိုးရာသီလပြည့်နေ့လို နေ့မျိုး"

"ကျိန်းသေရဲ့လား ဆရာကြီး"

"ကျုပ်မြင်တာ အဲဒီလိုမြင်တယ်။ ဒါပေမဲ့ သူတို့ကို အခုပေး
လိုက်တဲ့ စိတ်ငြိမ်ဆေး၊ နှလုံးငြိမ်ဆေး မှန်မှန်တိုက်ပါ။ အရူးဟာ
ရေကြောက်သလို အချို့က ရေကိုချစ်တယ်။ မိုးရွာထဲနေရတာ ပျော်ကြ
တယ်။ ဟုတ်မဟုတ် စောင့်ကြည့်ပါ။ ကျုပ်နဲ့လည်း မကြာခဏ လာ
ရောက်ဆက်သွယ်ကြပါ"

ဒါနဲ့ သူတို့ပြန်သွားကြတယ်။

တစ်နေ့ ...

ပဋ္ဌမမြောက် စိတ်ဖောက်သွားသူတစ်ဦး ကျုပ်ဆီ လူချုပ်နဲ့
ရောက်လာတယ်။

သူ့အမည်က ကိုတြိဂံတဲ့။

ဗလကောင်းကောင်း ထွားထွားမြင့်မြင့် လူချောကြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လာတာလဲ"

ကိုတြိဂ်ဟာ ရင်ထုပြီး ငိုနေတာ။

"မြိုင်ရေ ... မြိုင်ရဲ့ မောင့်ကိုအချစ်ဆုံးဆို။ မောင့်ကို သေတစ်ပန်သက်တစ်ဆုံး ပေါင်းသွားတော့မယ်၊ ကျွန်မ နောင်တတွေရပါပြီဆို။ မောင့်ကို တစ်ပါတည်းခေါ်သွားပါတော့ မြိုင်ရဲ့ ... ဟီး"

လာပြန်ပြီ 'မြိုင်' ...

"ဘယ်လိုဖြစ်ရတာတုံး"

"သူ့မိန်းမဆုံးသွားလို့ပါ ဆရာကြီး"

"မိန်းမနာမည်ဘယ်လိုခေါ်သတုံးဟေ့"

"မခင်စံပယ်မြိုင်လို့ ခေါ်ပါတယ်ဆရာကြီး"

"ငါထင်သားပဲ ... ရူးပြီပေါ့"

ဒီ မခင်စံပယ်မြိုင့်ဆိုတဲ့ မိန်းမချောကြောင့် ခဏတစ်ဖြုတ်သာပေါင်းကြရသည့် ယောက်ျားငါးဦး ရူးမလိုဖြစ်နေရတာ ကျူပ်ဆေးသမားဘဝမှာ အလွန်ထူးဆန်းသည့်ဖြစ်ရပ်ပါပဲ စာရေးဆရာ။

သိလိုက်ပါပြီ ...

ဒါ နောက်ဆုံးယောက်ျား မယားတရွး။

ဒါနဲ့ သင်းကို ဘရန်ဒီအရက်နဲ့ရောစပ်ထားတဲ့ ဆေးတစ်ခွက်, ကိုတိုက်လိုက်မှ (၁၀)မိနစ်ခန့်ကြာရော ငနဲ ပုံမှန်အနေအထားကိုရောက်ပြီး ဖြစ်ကြောင်းကုန်စင်ကို ရင်ဖွင့်တယ်။

အင်း ... ဆန်းတော့ဆန်းသား စာရေးဆရာ။

ရင်ညွန့်ရင်ဖျားမှာ မှဲ့သုံးလုံးတန်းစီနေသည့် လေးလင်ကွဲလေးလင်ကွာ မိန်းမချောတစ်ယောက်ဟာ ဆီးခုံပေါ်မှာ မှဲ့တြိဂံဖြစ်နေတဲ့ လေးမယားကွာ လင်ယောက်ျားနဲ့ညားမှ စိတ်ချမ်းသာပြီး အိမ်





ထောင်ရေးစစ်စစ် အကြင်လင်မယားဘဝကို တည်ဆောက်မယ်လို့ ဆုံးဖြတ်ချက်သန္နိဋ္ဌာန်ချပြီးမှ သေဆုံးရတဲ့အဖြစ်။

အင်း ... ဂမ္ဘီရဆန်လိုက်ပါဘိ။

"ဘယ်နေ့ သင်္ဂြိုဟ်မှာလဲ"

"နက်ဖြန် ကဆုန်လပြည့်နေ့ပါ ဆရာကြီး"

"ကဆုန်လပြည့်နေ့ ... ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ ..."

"အင်း ... ထူးတော့ ထူးလိမ့်မနဲ့တူရဲ့ဟ"

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❏

ဒီနေ့ မခင်စံပယ်မြိုင်ရဲ့အသုဘကို လမုမြိုင်သချိုင်းမှာ သင်္ဂြိုဟ်တဲ့နေ့ပဲ။

ကဆုန်လပြည့်နေ့။

နေ့ခင်း တစ်နာရီအချိန်။

ကောင်းကင်မှာ မိုးက ညှို့မည်းနေတယ်။

အသုဘချလာချိန်မှာလဲ ကဆုန်လပြည့်မိုးက လျှပ်စီးများဝင်းလက်ပြိုးပြက် မိုးခြိမ်းသံပေးပြီး သဲကြီးမဲကြီး ရွာချပါလေရော။ အသုဘကို မမြင်ရဘူး။ ကြေးစည်ထုသံတောင် မကြားရဘူး။ မိုးက တဝေါဝေါရွာနေတာ။





အသုဘအခမ်းအနားမှာ လိုက်ပို့သူ သိပ်မရှိပါဘူး။ အားလုံး (၁၀)ယောက်လောက်ပဲရှိတယ်။ တရားနာလို့ပြီးရော အခေါင်းကို မြှုပ်မည့်ကျင်းဝရှိရာ သယ်သွားကြတယ်။

ဒီမှာ လူလေးယောက် အဝတ်အစားဖရိုဖရဲနဲ့ မြှုပ်မည့်ကျင်းဝမှာ ရပ်စောင့်လို့ …

ကျုပ်မသက်ာလို့ ကြည့်လိုက်ရော …

အရှုးမောင်ချမ်းသာ၊

အရှုးချစ်လွန်းရွှေ၊

မောင်ကြီးညို့နှင့် ချစ်ဦးခေါင်။

တြိဂံက သူ့မိန်းမအခေါင်းကို ကိုယ်တိုင်ထမ်းချလာတယ်။ မျက်ရည်စီးကြောင်းတွေနဲ့။ အင်း … တကယ်ချစ်ရှာသကိုး။ ခေါင်းဖုံးဖွင့်ပြီး အုန်းရည်နဲ့ စဏ္ဍာလက မျက်နှာသစ်ရော။ ဟိုအရူးလေးယောက်ရယ် …

ဘယ်ကနေဘယ်သူပြောလို့ ကြားလို့ ရောက်လာမှန်းမသိဘူး၊ ခေါင်းထဲက မခင်စံပယ်မြိုင်ရဲ့ ရုပ်အလောင်းမျက်နှာကို ကြည့်ပြီး 'မြိုင်ရေ … သွားပေဦးတော့ မြိုင်လေးရဲ့' ငိုပါရောဗျာ။

အဲဒီအချိန်မှာပဲ …

မိုးကြိုးပစ်ချလိုက်တာ …

ကျယ်လိုက်တဲ့ မိုးကြိုးပစ်သံနှယ်။ အသုဘခေါင်းကိုများ ပစ်လိုက်သလား မှတ်ရတယ်။ ကျုပ်တို့ပါ မျက်စိကိုပြာသွားတာပဲ။ မိုးကြိုးက သုံးကြိမ်ဆက်ပစ်တာ။

ပစ်သမှ သချိုင်းကုန်းက ညောင်ခြောက်ပင်ကြီးကို ပေါ်တာ။ ညောင်ခြောက်ပင်ကြီး မီးဟုန်းဟုန်းစွဲရော …



www.burmeseclassic.com

www.burmeseclassic.com



မိုးတြိုးသုံးကြိမ်ဆက်တိုက် ပစ်သံလည်းကြားရော မယားတစ်ရှူငါးယောက်နှယ် နားပိတ် မျက်စိမှိတ်ပြီး မိုးရေထဲ အော်ဟစ်ပြေးလိုက်တာ ...

သူတို့အမျိုး ညီကိုမောင်နှမများ မနည်းကိုလိုက်ဖမ်းရတဲ့ဘဝ ရောက်ရော။

ခုတော့ ... သချိုင်းကုန်းမှာ ...

ကျူပ်ရယ် မြေမို့နေတဲ့ စဏ္ဍာလကြီးရယ် နှစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့တော့တယ် စာရေးဆရာရေ။

| ၈ |

❑

ရက်လည်ဆွမ်းကျွေးနေ့ကျတော့ တြိဂံတို့အိမ်ကို ရောက်သွားခဲ့တယ်။ စောစောကြိုသွားလိုက်တာပါ။ ဘာလို့လဲဆိုတော့ ကိုယ်က လူကြီးကိုး။ သူတို့ခမျာ လူငယ်ဖြစ်နေတော့ ရဟန်းသံဃာများနဲ့ ပြောရေးဆိုရေးကိစ္စ နားမလည်မှာစိုးလို့။

အလိုလေး ...။

သံဃာတော်ငါးပါးကို ဆွမ်းကပ်နေတုန်းရှိသေး။

တိုက်ပုံအင်္ကျီ ဝတ်ကောင်းစားလှများနဲ့ ဟိုပုဂ္ဂိုလ်များ အလျှိုအလျှို ရောက်လာကြပါရောဗျာ။

ဘယ်သူတွေမှတ်လို့တုံး စာရေးဆရာ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်ချမ်းသာ . . . ချစ်လွန်းရွှေ . . . မောင်ကြီးညိုနဲ့၊ ချစ်ဦး ခေါင်တို့ခင်ဗျား။

ဘုရား . . . ဘုရား . . . အံ့သြစရာကောင်းလိုက်ပါဘိ။

ဟိုနေ့များကလို ခါတ်ပုံလေးတွေကိုင်ပြီး ငိုလိုက်ရယ်လိုက်၊ ချစ်စကားကြိုက်စကားပြောလိုက်၊ ထိုင်လိုက်ထလိုက် . . မြိုင်ရေ . . . မြိုင်ရေ)လို့အော်ခေါ်နေတဲ့ မယားတရူး အရူးကြောင်ကျားတွေ မဟုတ်တော့ဘူးဗျို့။ ကြည့်စမ်း . . .

အချို့က တိုက်ပုံအင်္ကျီနဲ့ ပုဆိုးနဲ့။

အချို့က စပို့ရှပ်နဲ့ ဘောင်းဘီရှည်နဲ့။

ကြီးညိုက ရှပ်အဖြူလက်တိုလေးနဲ့ သားသားနားနား၊ ကျကျနန၊ ဣန္ဒြေရရ လူကြီးလူကောင်းသားသမီးများပီသစွာ ဝတ်လာကြသကိုး။

မသာရှင် တြိဂံနဲ့လည်း ကျုပ်ဆီမှာဆေးကုရင်း နှစ်ကြိမ်လောက်တွေ့ဖူးတော့ မျက်မှန်းတန်းမိကြလို့ . . .

တြိဂံကလည်း ဖော်ဖော်ရွေရွေပဲ ခရီးဦးကြိုပြုတယ်။ သူတို့လေးဦးဟာ ရဟန်းသံဃာများကို ဦးကုန်းချပြီးနောက် . . .

ကျုပ်ကိုပါ လေးလေးစားစား ဂါရဝပြုကြတယ် ခင်ဗျား။

ကျုပ်ဝမ်းသာလိုက်တာဗျာ။

သူတို့အချင်းချင်းလည်း ရန်စကား တစ်ခွန်းမပြောကြဘူး။ တစ်ဦးနဲ့တစ်ဦး ညီရင်းအစ်ကိုလို နှုတ်ဆက်စကားပြောကြလို့။

ကြည့်စမ်းပါ . . . စာရေးဆရာ။

ဒီ ငါးယောက်ဟာ မခင်စံပယ်မြိုင်ဆိုတဲ့ ဥပက္ခာပြု စိမ်းကားရက်စက်ရာမှာ သူမတူတဲ့ ဒေဝဒ္ဓရာမိန်းမချောတစ်ယောက်နဲ့ လပိုင်းမျှ





ပေါင်းပြီးနောက် အချစ်ကြောင့် စိတ်ဖောက်သွားကြသူ ငါးဦး။

အခု . . . သူတို့ ခင်စံပယ်မြိုင်အကြောင်း တစ်လုံးတစ်ပါဒ၊ တစ်ခွန်းတစ်ပါဒ မဖာကြဘဲ၊ အာလာပသလ္လာပပြောကြလို့ . . .

ဆွမ်းစားလို့ပြီးရော သံဃာအရှင်သူမြတ်များက ရေစက်ချတရားဟောတယ်။

ဒီမှာ ရဟန်းအိုကြီးက မင်းနေပြည်တော်ရဲ့ ပြည့်တန်ဆာ သီရိမာအကြောင်း ဟောပါရော။

''သီရိမာဆိုတဲ့ ပြည့်တန်ဆာဟာ အလွန်လှပတဲ့ မိန်းမပေါ့ ဒကာတို့။ သူမနဲ့ တစ်ကြိမ် ကာမဂုဏ်ဆက်ဆံဖို့ အသပြာငါးရာပေးရတယ်ကွယ့်။ ခေတ်စကားနဲ့ပြောရင် ငွေကြေးချမ်းသာသူ ယောကျ်ားသားများ ကြိုတင်ငွေပေးပြီး တန်းစီစောင့်ရသပေါ့။ တစ်နေ့တော့ သီရိမာကိုမြင်သွားတဲ့ ရဟန်းတစ်ပါးဟာ သီရိမာရဲ့အလှမှာယစ်မူးပြီး ဆွမ်းမစားနိုင်သည့်ဘဝကိုရောက်လို့ တမှိုင်မှိုင်ဖြစ်နေပါရော။ အနီးရှိ ရဟန်းများက ငါ့အရှင် ဘာများဖြစ်လို့လဲလို့မေးလည်း မဖြေဘူး။ အဲဒါ ဘုရားရှင်ထံ သတင်းပေါက်ကြားသွားရော။ ဘုရားရှင်က သူ့ရဲ့အသိဉာဏ်မျက်စိနဲ့ မြင်တော်မူတယ်။ ရဟန်းပျိုလေး သီရိမာအလှကြောင့် မစားနိုင်မအိပ်နိုင် ဖြစ်နေသည့်ဘဝ။

ဒီမှာပဲ သီရိမာ ကွယ်လွန်အနိစ္စ ရောက်သွားပါရောကွယ်။ ဒါနဲ့ဘုရားရှင်က သီရိမာကို ချက်ချင်းမသဂြိုဟ်နဲ့။ သုသာန်မှာ ဒီအတိုင်း အလောင်းစင်ပြင်ပြီးထားလို့ ရှင်ဘုရင်ကို ပြောလိုက်တယ်။

ရှင်ဘုရင်က ပြည်ကြီးရဲ့ပြည့်တန်ဆာဖြစ်လို့ သင်္ချိုင်းမှာ ကျကျနန သီရိမာရဲ့အလောင်းကို ပြင်ဆင်ထားတယ်။

သီရိမာအလောင်းကို မြေချသဂြိုဟ်မည့်နေ့မှာ သီရိမာအစွဲ



www.burmeseclassic.com

www.burmeseclassic.com



နှဲ့ခံစားနေရတဲ့ ရဟန်းကိုပါခေါ်ပြီး သချိုင်းကို ကြွလာခဲ့ကြတယ်။ ဒီ အချိန်မှာ အချောအလှသီရိမာရဲ့ ရုပ်ခန္ဓာဟာ ပုပ်ပွပြီး နံစော်နေပြီ။

သီရိမာနဲ့ ပေါင်းသင်းဆက်ဆံခဲ့တဲ့ မင်းညီမင်းသား၊ သူဌေး သူကြွယ်သားများလည်း နံလွန်းလို့ အော့အန်နေကြပြီ။

ဘုရားရှင်က အားလုံးကိုကြည့်ပြီး မေးရော ...

"အချောအလှ ပြည့်တန်ဆာသီရိမာနဲ့ အသပြာငါးရာပေးပြီး ဆက်ဆံချင်သူ ရှိပါသေးသလား ဒကာတို့"

ဖြေမည့်သူ တစ်ယောက်မျှ မရှိဘူး။

"ဒါဆို အချောအလှသီရိမာကို အသပြာငါးရာ ပေးစရာမလို ဘဲ အလကားအခမဲ့ ဆက်ဆံမည့်သူရှိရင် ထွက်ခဲ့ကြ ... ဒကာတို့"

ထွက်မည့်သူတစ်ယောက်မျှ မရှိဘူး။

"ဒကာတို့ အချောအလှ သီရိမာသေပါပြီ။ သီရိမာရဲ့ ရုပ် အလောင်းကို အသပြာငါးရာနဲ့ ရောင်းမည်။ ဝယ်သူရှိသလား"

မည်သူမျှ မဝယ်ကြ။

ဒါနဲ့ အသပြာလေးရာ၊ သုံးရာ၊ နှစ်ရာ၊ တစ်ရာ၊ လျှော့ ရောင်းသည့်တိုင် ဝယ်မည့်သူလုံးဝမရှိဘူး။

"ကိုင်း ... ဒါဆို အလကားပေးလိုက်မည်။ သီရိမာကို အလို ရှိသူ လာခဲ့လော့"

အလကားပေးတာတောင် ယူမည့်သူမရှိတော့ဘူး။ ဒီမှာပဲ သီရိမာအချောအလှကြောင့် စားမဝင်၊ အိပ်မပျော် စိတ္တဇအနာဖြစ်နေ သည့် ရဟန်း တရားရသွားတယ်။

ဩော် ... သီရိမာရှင်စဉ်အခါတုန်းက သီရိမာရဲ့အလှကြောင့် ငါးအပါအဝင် ပုရိသယောကျ်ားတွေ အလုအယက် စွဲလမ်းခဲ့ကြရဲ့။ အခု





သီရိမာအချောအလှ ကွယ်လွန်အနိစ္စရောက်လို့ ဖူးရောင်ပုပ်ပွ အပုပ် အရည်ကျနေတော့ ငွေပေးဆက်ဆံဝယ်ဖို့ဝေးစွ၊ အလကားပေးသည် ကိုပင် ယူမည့်သူမရှိပါကလား။

ဒီမှာပဲ ဘုရားရှင်က အနိစ္စ အမြဲမရှိ၊ ဒုက္ခ ဆင်းရဲခြင်းနှင့် အနတ္တ ငါ့ကိုယ်မဟုတ် ငါမပိုင်သည့် သင်္ခါရအကြောင်းကို ဟောကြား တော်မူမှ သီရိမာကိုစွဲလမ်းခဲ့တဲ့ ရဟန်းရော ပုရိသလုလင်တို့ပါ အလှ အပလည်း မမြဲ၊ ဥစ္စာစည်းစိမ်လည်း မမြဲ၊ အသက်လည်းမမြဲ အချိန် မရွေး အနိစ္စသင်္ခါရချည်းဖြစ်သည်ကို သဘောပေါက်လို့ အမြင်မှန်ရ သွားခဲ့ကြတယ် ... ဒကာတို့။

ကိုင်း ... ခုလည်း ကွယ်လွန်သူဒကာမကြီး မခင်စံပယ်မြိုင် ရဲ့ အလောင်းကိုဖော်ပြီး အိမ်ပေါ်မှာ အလှကြည့်လိုသူရှိသလား ... ဒကာတို့။

"မရှိပါဘုရား"

"ခုနေအလောင်းကိုဖော်ကြည့်ရင် ဟိုတုန်းက မခင်စံပယ်မြိုင် နဲ့ အခု မခင်စံပယ်မြိုင် တူပါဦးမလား"

"မတူတော့ပါဘုရား"

"ဟိုတုန်းက ဒကာမကြီး မခင်စံပယ်မြိုင် မချောဘူးလား"

"ချောပါတယ် ဘုရား"

"ဒကာတို့ မနှစ်သက်ခဲ့ဘူးလား"

"နှစ်သက်ခဲ့ပါတယ် ဘုရား"

"ခုရော နှစ်သက်သေးရဲ့လား"

"မနှစ်သက်ပါဘုရား"

"ဘာကြောင့်ပါလဲ ဒကာတို့"



www.burmeseclassic.com

www.burmeseclassic.com



"ပုပ်ပွပျက်စီးနေလို့ပါဘုရား"

"ပြီးတော့ရော . . ."

"အရည်ကျပြီး နံဟောင်နေလို့ပါဘုရား"

"အိမ်း . . . ဟုတ်ပေရဲ့။ အဲဒီလို အနိစ္စရောက်ရမှာသည် သူမ တစ်ဦးတည်းမဟုတ်ဘူး။ ဘုန်းကြီးတို့အပါအဝင် ဒကာကြီးတို့ ဒကာမကြီးတို့အားလုံးပဲ။ အသက်ခန္ဓာရှိသည့်သတ္တဝါမှန်ရင် အားလုံး တစ်နေ့ သေရမှာပဲ။ သေပြီးရင် ပုပ်ပွနံဟောင် အရည်ကျပျက်စီးရွှံရှာ စက်ဆုပ်ဖွယ်ရှိမှာပဲ။ ဒါကြောင့် ဒီမမြဲတဲ့ရုပ်ကြီးကို မစွဲလမ်းကြနဲ့။ စွဲလမ်းရင် သံယောဇဉ်တဏှာ ဖြစ်မယ်။ တဏှာဖြစ်ရင် တဏှာရဲ့ကျေးကျွန်ဖြစ်မယ်။ စည်းစိမ်ဥစ္စာနဲ့ဘဝပျက်ပြီး အဲဒီအစွဲကြောင့် သေလွန်ပြီးရင် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံကို သွားကြရမယ် ဒကာတို့။ ကိုင်း ကွယ်လွန်သူကို အမျှအတန်းပေးဝေဖို့ ပြုသမျှကောင်းမှုကုသိုလ်များကို ရေစက်ချကြစို့"

ရေစက်ချတရားပြီးတော့ အားလုံးက မခင်စံပယ်မြိုင်ကိုရည်စူးပြီး အမျှအတန်း ပေးဝေကြတယ်။

အဲဒီအချိန်မှာ နံရံမှာချိတ်ထားတဲ့ ခင်စံပယ်မြိုင်ရဲ့ ဓာတ်ပုံကြီးပြုတ်ကျပြီး မှန်အစိပ်စိပ်အမွှာမွှာကွဲသွားခဲ့တယ်။

နောက်ဆုံးတော့ . . .

ကိုတြိဂံက ရဟန်းဘဝကိုကူးပြောင်းပြီး တရားရှာ တရားသိ ဘဝကို ရောက်သွားခဲ့ရသလို . . .

ကိုချမ်းသာလည်း ယောဂီဝတ်ဘဝနှင့် တရားရှာသူဘဝသို့ ရောက်သွားခဲ့ရတယ် စာရေးဆရာ။

ဒီနေရာမှာ ကျုပ်ပြောချင်တာတစ်ချက်ရှိတယ် စာရေးဆရာ။





ဂမ္ဘီရဆန်လွန်းတဲ့ ဘဝဖြစ်စဉ်တစ်ခုအကြောင်းပါ။

ကျုပ် သူတို့ငါးဦးရဲ့လက္ခဏာကို ကြိုဖတ်ခဲ့တယ်။ ဗေဒင်ကိန်းခန်းပညာနဲ့လည်း တွက်ချက်ကြည့်ခဲ့တယ်။

ကျုပ်ရဲ့ အနှစ်ငါးဆယ်ကျော်ကျင့်ကြံခဲ့တဲ့ သမထစွမ်းအားကျင့်စဉ်နဲ့လည်း သူတို့ငါးဦးကိုကြည့်ပြီး အာရုံပညာနဲ့ ဟောခဲ့လိုက်တယ်။ တိုင်းရင်းဆေးလည်း ကျွေးခဲ့တယ်။

သူတို့ရဲ့ စိတ္တဇကာလနာရောဂါသည် . . .

မိုးရွာသည့်လပြည့်နေ့မှာ မိုးကြိုးစိုပြီး မိုးကြိုးပစ်သံကြားရသည်နှင့် အလျှင်းပျောက်လိမ့်မည်ဆိုတဲ့ ကြိုတင်ဟောချက်။

ဒက်ထိပါပဲဗျာ။

မခင်စံပယ်မြိုင်ကိုသင်္ဂြိုဟ်တဲ့ ကဆုန်လပြည့်နေ့မှာပဲ မိုးကြီးသည်းထန်စွာရွာလို့ မိုးရေများစိုရွှဲနေချိန် မိုးကြိုးပစ်သံ သုံးကြိမ်ကြားရပြီးနောက် ချစ်မယားဟောင်းရဲ့ အသုဘပို့လာကြသည့် ချစ်လင်ငါးဦးလန့်ပြေးပြီး စိတ်ရောဂါ အလျှင်းပျောက်သွားခဲ့ရတယ်။

ခေတ်စကားနဲ့ပြောရရင် သူတို့ဦးနှောက်ကို လျှပ်စစ်ရှော့(ခ်)ရိုက်ပြီး ကုလိုက်သလိုပါပဲ။

အင်း . . . လောကကြီးလည်း ဆန်းပြားတာပဲ။

လူ့ဘဝဖြစ်စဉ်များကလည်း အံ့ဩဆန်းပြားတာပဲ။

ဒါကြောင့်များ ဂမ္ဘီရလို့ခေါ်ကြသလားမသိဘူး စာရေးဆရာ။

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

၁၉၈၅–၈၆ ခုနှစ်က အောက်ချိုင့်သီအုန်းစိုက်ပျိုးရေးခြံ (ကော့သောင်းမြို့)မှာ ကျွန်ုပ်အုပ်ချုပ်ရသော စခန်းဖြစ်သည်။ တနင်္သာရီရိုးမနှင့် ချန်းဖန်းရွာအကြားတွင် တည်ရှိသည်။ စခန်း၌ရဲဘက်အင်အား (၁၀၀)ခန့်၊ ဆေးရုံတွင် ရဲဘက်အင်အား (၁၀၀)ခန့် ရှိသည်။ အထက်ခန်းများနှင့် အောက်စခန်းများအတွက် အောက်ချိုင့်ခြံစခန်းဆေးရုံမှာ တစ်ခုတည်းဖြစ်သည်။ ရောဂါကြီးပါက ကော့သောင်းမြို့ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသရသည်။ ကော့သောင်းမြို့နှင့် ကျွန်ုပ်တို့စခန်းအား တနင်္သာရီရိုးမကြီးက ခြားထားသည်။ ရိုးမကြီးအရှေ့ဘက်တွင် ကျွန်ုပ်တို့၏ စခန်းတည်ရှိပြီး၊ အနောက်ဘက်တွင် ဘန်းကချွန်စိုက်ပျိုးရေးခြံနှင့် ကော့သောင်းမြို့သွား ကတ္တရာလမ်းမကြီးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘန်းကချွန်မှ ဆယ်မိုင်ရွာ၊ (၇)မိုင်လေယာဉ်ကွင်း၊ (၃)မိုင်ကုန်းဆင်း အကျဉ်းဦးစီးဌာနရိပ်သာကိုကျော်မှ ကော့သောင်းမြို့ထဲသို့ရောက်သည်။ ကျွန်ုပ်တို့စခန်းမှ ကော့သောင်းမြို့သို့သွားရန်အတွက် ချွန်းဖန်းဆိပ်ကမ်းမှ စက်လှေရှိသည်။ ချက်ပလက်ဗိုက်ပူကားကြီးလည်း တစ်နေ့ (၂)စီးထွက်သည်။ စခန်းမှ HINO (RANGER) နှင့် HINO (T.E) ကားကြီးများအပြင် ကျွန်ုပ်တို့စခန်းတာဝန်ခံများအတွက် HONDA ဆိုင်ကယ်ကလေးများ ကိုယ်စီရှိကြသည်။ ကားလမ်းမှာ မြေလမ်းဖြစ်သဖြင့် မိုးရွာသည်နှင့်လမ်းချော်သည်။ တောင်ဆင်းတောင်တက်လမ်းများဖြစ်ကြသောကြောင့် အလွန်အန္တရာယ်များသည်။ မိုးကလည်း ဘင်္ဂလားပင်လယ်အော်ကြီးနှင့်နီးသဖြင့် တစ်နှစ်ပတ်လုံး အနည်းနှင့်အများ ရွာတတ်သည်။ မိုးရွာပြီးသည်နှင့် ကားများသွားမရတော့။ လှေစက်နှင့် ဆိုင်ကယ်များသာ သွားနိုင်လာနိုင်တော့သည်။ ရပ်ရွာလူထုကတော့ မော်တော်ဆိုင်ကယ်များကိုသာ အားထားနေရတော့သည်။ ကော့သောင်းမြို့၌ ဆိုင်ကယ်ကယ်ရီများရှိသည်။ စက်အင်အားကောင်းသော ဆိုင်ကယ်များဖြစ်ကြသည်။ စေလိုရာစေ၊ ဘယ်နေရာမဆို လိုက်ကြသည်။ အခကြေးငွေ ကောင်းကောင်းပေးရသာဖြစ်သည်။ လူနှင့်ကုန်ပစ္စည်းများကိုပင် အပြည့်အမောက်တင်ကြသည်။ ထို့ကြောင့်လည်း ဆိုင်ကယ်မှောက်ခြင်းမှာ မကြာခဏ ဖြစ်တတ်သည်။ သို့သော် လမ်းကျဉ်း၍ တောင်ဆင်းတောင်တက်များသော ကော့သောင်းမြို့နှင့် ဆိုင်ကယ်မှာ မရှိမဖြစ်ပင်။

တစ်နေ့တွင် ကျွန်ုပ်၏ HONDA ဆိုင်ကယ်ကလေး ချိန်းနှင့် စပေါ့ကက်လဲရန် အကြောင်းပေါ်လာသည်။ မြေပြန့်တွင် (၆)လခန့်စီးနိုင်သေးသော်လည်း တောင်ဆင်းတောင်တက်လမ်းတွင် စိတ်မချရတော့





အနီးဆုံး စခန်းအထွက်လမ်းထိပ်ရှိ ဆိုင်ကယ်ဝပ်ရှော့တွင် လဲခိုင်းရင်း စောင့်နေရသည်။ မိုးရာသီမနက်ပိုင်းဖြစ်သော်လည်း ကော့သောင်းမိုးက သဲမဲစွာ ရွာချလာသည်။ ထိုစဉ် ဆိုင်ကယ်လေးတစ်စီး ဘန်းနွားရွာဖက်တောကြီးအားဖြတ်၍ မိုးရွာထဲ အပြေးမောင်းနှင်လာသည်။ ဆိုင်ကယ်ဝပ်ရှော့ရှေ့ရောက်သည်နှင့် ရုတ်တရက် ဘရိတ်နင်းလိုက်ရာ လမ်းချော်ပြီး တိမ်းမှောက်သည်။ ဆိုင်ကယ်စီးလာသူမှာ မိန်းမငယ်တစ်ဦးဖြစ်သည်။ ဒေသခံ ပသျှူးလုံမပျိုတစ်ဦးဖြစ်သည်။ ဝတ်စုံ (ဆာရီ) အားဖားကိုဝတ်ဆင်ထားရာ ဆိုင်ကယ်လဲသည်နှင့် ထဘီက လက်ကိုင်နောက်ကြည့်မှန်တွင်ချိတ်၍ ကျွတ်သွားပြီး လူက လွင့်စဉ်သွားသည်။ ကျွန်ုပ်မှာ မနေသာတော့။ ကျွန်ုပ်ရှေ့တွင် ဖြစ်ပျက်သွားခြင်းဖြစ်၍ ထဘီကိုကောက်ပြီး ကလေးမထံပစ်ပေးလိုက်သည်။ ပြီးနောက် ဆိုင်ကယ်ကို ထောင်ပေးရတော့သည်။ အပျိုမကလေးမှာ ထဘီကို အလျင်အမြန်ဝတ်၍ ဆိုင်ကယ်ဝပ်ရှော့နောက်ခန်းထဲ ဝင်ပြေးသွားတော့သည်။

ဆိုင်ကယ်စက်ပြင်ဆရာမှာ ကျွန်ုပ်၏ဆိုင်ကယ်အား ပြင်ပြီးသည်နှင့် စမ်းသပ်ကြည့်ရင်း ...

"ဆရာရေ ... ကျေးဇူးတင်တယ်။ သမီးက ဆိုင်ကယ်စီးတာ အရမ်းကြမ်းတယ်။ အတွက်အဆ မရှိဘူး။ မိုးတွင်းမှာ ဘရိတ်ကိုအရမ်း မသုံးရဘူးဆိုတာ သူနားမလည်ဘူး။ တောင်ဆင်းလမ်းသာဆိုရင် ဒီနေရာမှာ ဒုက္ခရောက်ပြီပေါ့။ အခုလည်း ဆရာကူညီလို့။ လူများတဲ့လက်ဖက်ရည်ဆိုင်လိုနေရာမျိုးဆိုရင် အရှက်ကွဲပြီ။ ကျွန်တော်တို့ ဘာသာရေးအရ အဲဒီလိုအရှက်ကွဲရင် ယောက်ျားတွေကမယူကြတော့လို့ နတ်ဆရာကို ပ,သရတော့မှာ"

"ထားပါဗျာ။ အခုကလည်း တခြားသူမမြင်ပါဘူး။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပဲမြင်တာပါ။ ကျွန်တော်က မြန်မာ၊ ဗုဒ္ဓဘာသာဝင်ပါ။ ပြဿနာမရှိပါဘူး။ မေ့ထားလိုက်ပါ့မယ်။ စိတ်ထဲမထားပါနဲ့''

''စက်ပြင်ဆရာ၊ ဘယ်လောက်ကျပါသလဲ''

''ဆရာ့ကို ချွန်တော် ကျေးဇူးတင်လို့ ပစ္စည်းဖိုးပဲယူမယ်။ လက်ခ မယူတော့ဘူး။ ချိန်းနဲ့စပေ့ါကက်အတွက် (၃၅ဝိ/)ပဲပေးပါဆရာ''

''မဟုတ်တာဗျာ၊ ခင်ဗျားတစ်နာရီလောက် အပင်ပန်းခံပြီး ပြင်ယားရတာ လုပ်အားခဆိုတာရှိတယ်။ ၅ဝဝိ/-ကျပ်ယူပါ''

''ဟုတ်ကဲ့ဆရာ။ ချွန်တော့်နာမည် မြန်မာလို လှတင့်လို့ခေါ်ပါတယ်။ ပသျှူးလိုတော့ အဒူလတစ်ပါ။ ဆရာ ... နောင်အမြဲတမ်း ချွန်တော့်ဆီကိုလာလည်ပါ။ ချွန်တော်လည်း ဆရာတို့စခန်းကို လာလည်ပါရစေ''

''လာခဲ့ပါဗျာ။ ကျွန်တော်တို့စခန်းက တနင်္သာရီရိုးမတောင်ကြီး နောက်ခံထားပြီး အလွန်သာယာပါတယ်။ စခန်းက တောင်ကုန်းပေါ်မှာတည်ထားလို့ ဆီအုန်းစိုက်ခင်းကြီးကို အပေါ်စီးက ကြည့်ရတာ အင်မတန်လှသဗျာ''

''ကဲ ... ကျွန်တော်ပြန်ဦးမယ် ဦးလှတင့်။ ခင်ဗျားစခန်းလာလည်ရင် ခင်ဗျားသမီးကိုလည်း အလည်ခေါ်ခဲ့ပါ။ ကျွန်တော်ကြိုဆိုနေပါ့မယ်''

''ဟုတ်ကဲ့ဆရာ။ ချွန်တော်တို့ လာခဲ့ပါ့မယ်''

ကျွန်ုပ် ချုန်းဖန်းရွာအစပ်မှ ဘန်းနွားရွာလမ်းအတိုင်း ပသျှူးသင်္ချိုင်းကုန်းကိုဖြတ်၍ အောက်ချိုင့်စခန်းသို့ ပြန်ခဲ့ပါသည်။ အတွင်းလမ်းမှာ မြေလမ်းဖြစ်သော်လည်း ကျွန်ုပ်တို့စခန်းမှ ကားကြီးများ ဆိမ့္မန်ကွပ်ကဲရေးရုံးသို့သွားနိုင်ရန် ချဲ့ထွင်ဖောက်လုပ်ထားသဖြင့် ကျယ်





ဝန်း ပြန့်ပြူးနေသည်။ ဘန်းနွားရွာအစပ်မှ ချုန်းဖန်းရွာအဆုံး ဆက်လက်၍ လမ်းချဲ့ထွင်ရဦးမည်ဖြစ်သည်။ တောင်ကြားလမ်းကိုဖြတ်၍ ကွေ့တက်လိုက်တော့ ကုန်းမြင့်ဆီအုန်းပင်တန်းအစပ်သို့ ရောက်သည်။ စနစ်တကျ စိုက်ပျိုးထားသော ဆီအုန်းပင်တန်းအလယ်ရှိ စခန်းအဝင်လမ်းအတိုင်း ဆိုင်ကယ်စီးလာရာ ကျွန်ုပ်၏ဆိုင်ကယ်စက်သံကို ယဉ်ပါးမှတ်မိနေကြသော ဘိုဖြူ၊ ဘိုနီ ဟူသော ခွေးနှစ်ကောင်က စခန်းအဝင်တံခါးတွင် ထွက်၍ ကြိုနေကြသည်။

ထိုခွေးနှစ်ကောင်မှာ လသားအရွယ်ကပင် ကျွန်ုပ်မွေးထားသဖြင့် ယခု တစ်နှစ်သားပင်ကျော်ပေပြီ။ နီဝါရောင်အမွေးများဖြင့် အတော်လှသည်။ ပသျှူးအမဲလိုက်ခွေးများ ဖြစ်ကြသည်။ ဘိုနီက အနီရောင် အမွေးရှည်၊ ဘိုဖြူက အဖြူဝါရောင်အမွေးတို။ အလွန်လည်း ထွားကျိုင်းသန်မာလှသည်။ တောလိုက်အတွေ့အကြုံလည်း များပြီဖြစ်သည်။

''ဝုတ် ... ဝုတ် ... အီး ... အီး ... အီး''

ကျွန်ုပ်၏ဆိုင်ကယ် ရုံးခန်းဘေး သစ်ပင်အောက်သို့ရပ်ပြီး ကျွန်ုပ်ဆိုင်ကယ်ပေါ်ကဆင်းသည်နှင့် ခွေးနှစ်ကောင်မှာ ဘောင်းဘီခြားထဲသို့ဝင်လာပြီး ချွဲနွဲ့တော့သည်။

''ဟဲ့ကောင် ... သံချောင်း၊ ငါ့ကောင်တွေကို ထမင်းမကျွေးရသေးဘူးမဟုတ်လား။ ဒီမှာ လာတိုင်နေပြီ''

ကျွန်ုပ် အရာရှိဖိုက ထမင်းချက်သံချောင်းကို အော်ဟစ်လိုက်သည်။

''ဟုတ်ပါရဲ့ ... ဆရာရယ်၊ ဆရာမစားရသေးဟော့ သူတို့ကိုလည်း မကျွေးရသေးဘူး။ အခုမှ မွန်းတည့် (၁၁)နာရီကျော်ရုံလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသေးတယ်။ ဒီကောင်တွေကို ဝန်ထမ်းဖိုကလည်း ကျွေးပြီးပါပြီ ဆရာရယ်။ ဆရာ့ကောင်တွေ လွန်ကိုလွန်ပါတယ်''

''အိန် ... အိန် ... ဝူ ... အု အု အု''

''သံချောင်းရေ ... မင်းပြောတာမဟုတ်ဘူးတဲ့။ သူတို့ကို ဝန်ထမ်းဖိုကလည်း မကျွေးဘူးလို့ပြောနေတယ်''

''ဟာ ... ဆရာရယ်၊ ဒီကောင်တွေနဲ့တော့ ဒုက္ခပါ။ ဝန်ထမ်းဖိုက ဖိုခေါင်း ကိုလှသောင်းကိုယ်တိုင် ကျွေးတာပါဆရာရယ်။ ကျွန်တော်မြင်ပါတယ်''

ထိုစဉ် ဝန်ထမ်းဖိုက လှသောင်းထွက်လာပြီး ...

''ကျွန်တော်ကိုယ်တိုင် ကျွေးတာပါဆရာ။ ဒါပေမဲ့ ဒီနေ့ပဲဟင်းနေ့ဆိုတော့ ထမင်းကို ပဲဟင်းနဲ့ ငါးပိနဲ့ လူးကျွေးတော့ ဒီကောင်တွေ မစားဘူးဆရာ''

''အေး ... အဲ့ဒါကြောင့် ပြောတာပေါ့။ ငါ့ကောင်တွေ ထမင်းမစားရသေးလို့ တိုင်နေကြတာ။ သံချောင်း ...''

''ဗျာ ... ဆရာ''

''မဗျာနဲ့။ ဒီနေ့ဘာချက်သတုံး''

''မန်ဒါလီသားဟင်းနဲ့ ပင်လယ်ငါးကြော်ဆရာ''

''အေး ... ထမင်းကို ဟင်းရည်နဲ့ဆမ်းပြီး ငါးအမြီး ခေါင်းရိုးနဲ့နယ်ဖတ်ပြီး ခွေးတွေကိုကျွေးလိုက်တော့။ ငါက ခဏနား ရေချိုးပြီးမှ နေ့လယ်စာစားမှာ''

''ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် အခုချက်ချင်း ကျွေးလိုက်ပါ့မယ်''

သံချောင်းတို့က ခွေးနှစ်ကောင်ကိုဖြုသည်။ ကျွန်ုပ်က နောက်





ပြောင်ပြောဆိုနေသော်လည်း ခွေးနှစ်ကောင်၏အထာကိုသိသည်။ ခွေးစကား နားလည်သည်မဟုတ်သော်လည်း ၎င်းတို့၏ အမူအရာနှင့်အသံကိုကြားရသည်နှင့် ကျွန်ုပ်သဘောပေါက်သည်။ ထို့ကြောင့်လည်း တောထဲ၊ တောင်ထဲ၌ ခွေးနှစ်ကောင်နှင့်ကျွန်ုပ် အပေးအယူမျှစွာ နားလည်သဘောပေါက်၍ အမဲလိုက်နိုင်ကြခြင်း ဖြစ်ပေတော့သည်။

ကျွန်ုပ် ရေမိုးချိုးပြီး နေ့လယ်စာ ထမင်းစားတော့ ခွေးနှစ်ကောင် ကျွန်ုပ်၏စားပွဲအောက်တွင် ဝင်အိပ်နေသည်။ ကျွန်ုပ်စားပြီးရုံးအဖွဲ့ ထမင်းစားသည်။ ပြီးနောက် အရိုးအရင်းများဖြင့် ထမင်းကိုနယ်ဖတ်ကျွေးတော့လည်း ခွေးနှစ်ကောင်စားကြပြန်သည်။ အလွန်အစားသန်သော တိရစ္ဆာန်များဖြစ်ကြပေသည်။ ထို့ကြောင့် တစ်နှစ်သားကျော်အရွယ်သာဖြစ်သော်လည်း ခွေးနှစ်ကောင်မှာ ကျွန်ုပ်၏ပေါင်လယ်ခန့်အရပ်မြင့်နေပြီဖြစ်သည်။ အချိန် (၄၀-၅၀) ဝက်မတစ်ကောင်ကိုလည်း ၎င်းတို့နှစ်ဦး ပေါင်း၍ ဖြုလှဲနိုင်ပြီလည်းဖြစ်သည်။ ညဘက်ကျတော့လည်း စခန်းတစ်ခုလုံးကို ဝန်ထမ်းများနှင့်အတူ ကင်းပတ်သည်။ လူစိမ်းနှင့် ကျွဲနွားတိရစ္ဆာန်များကို စခန်းအတွင်း လုံးဝအဝင်မခံ။ စခန်းရှိ ရဲဘက် (၄၀၀)နှင့် ဝန်ထမ်း(၅၀)ကိုလည်း အကုန်မှတ်မိသည်။ ထူးဆန်းသည်ကတော့ ကျွန်ုပ်သင်မထားဘဲ ရုံးခန်းထဲသို့ ယူနီဖောင်း ဖိုသီဖတ်သီနှင့်ဝင်လာသော ဝန်ထမ်းများအား ကိုက်တတ်သည်။ ထို့ကြောင့် ဝန်ထမ်းများ ကျွန်ုပ်၏ရုံးခန်းထဲသို့ဝင်လိုလျှင် ယူနီဖောင်းကို သေသပ်စွာဝတ်၍ ဖိနပ်ကိုလည်း သေသပ်စွာကြိုးစီးပြီးမှ ဝင်ရဲကြတော့သည်။ သို့ကလောက် စည်းကမ်းကြီးသော ခွေးလိမ္မာများဖြစ်ကြပေသည်။

တနင်္ဂနွေရုံးပိတ်ရက်တစ်ရက်တွင် ကျွန်ုပ်နှင့် ဝန်ထမ်း(၁၁)ဦး ရဲဘက် (၅၀)ယောက်တို့ ဘန်နွားရွာမှ ချုန်းဖန်းရွာလမ်းမကြီးအား ချဲ့



www.burmeseclassic.com

www.burmeseclassic.com



ထွင်ပြင်ဆင်လမ်းဖောက်ကြသည်။ ဖွက်အား မြေဖို့သည်၊ လမ်းချဲ့သည်၊ လမ်းဘေး သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းသည်။ ထိုစဉ် ချုန်းဖန်းရွာအစပ် စခန်းအဝင်လမ်းဝ မော်တော်ဆိုင်ကယ်ပြင်ဆိုင်ရှေ့ရှိ အုန်းပင်တစ်ပင်၌ ရှဉ့်ဖြူလေးတစ်ကောင်ကိုတွေ့ရသဖြင့် ကျွန်ုပ်တို့ ဝန်ထမ်းများအပျော်သဘော ဗိုင်း၍လေးခွများဖြင့် ပစ်ကြသည်။ ရှဉ့်ဖြူလေးမှာ ဝေးဝေးသို့ပြေး၍မရှောင်။ အနီးရှိ အုန်းပင်များနှင့် သီဟိုဠ်ပင်များသို့သာ တစ်ပင်ပြီးတစ်ပင် ကူး၍ရှောင်နေသည်။ ထို့နောက် လမ်းဖြတ်ကူးကာ ဆိုင်ကယ်ဝပ်ရှော့ခေါင်းရင်းရှိ အုန်းပင်သို့တက်သည်။ ထိုစဉ် ကျွန်ုပ်ပစ်လိုက်သော လေးသီးမှန်၍ အောက်ပြုတ်ကျသည်။ အုန်းပင်ရင်းမှ အနီးတွင်အသစ်တူးထားသည့် မိလ္လာကျင်းထဲသို့ကျသည်။

ထိုစဉ် ဆိုင်ကယ်ဝပ်ရှော့အိမ်ထဲမှ ဦးလှတင့်၏သမီးထွက်လာပြီး ကျွန်ုပ်အား မပစ်ရန်လက်ကာပြသည်။ ပြီးနောက် လည်ပင်းအား ပွတ်ပြပြီး ရှဉ့်ကလေးမှာ သူမမွေးထားခြင်းဖြစ်ပြီး လည်ပင်း၌ခြူကလေး ဆွဲထားကြောင်း လက်ဟန်ခြေဟန်ဖြင့်ပြသည်။ ကျွန်ုပ်လည်း အလွန် အားနာသွားမိသည်။ အရိုင်းကောင်အနေဖြင့် ပစ်မိပါကြောင်းတောင်း ပန်ရသည်။ ရဲဘက်တစ်ဦး မိလ္လာကျင်းထဲဆင်းကောက်မှ လည်ပင်းတွင် ငွေရောင်ခြူကလေးကို ဆွဲထားသော ရှဉ့်ဖြူအသေကလေးကို တွေ့ရတော့သည်။ ကျွန်ုပ်လည်း အလွန်စိတ်မကောင်းဖြစ်မိသွားသည်။ ထိုနေ့က ဝပ်ရှော့အိမ်တွင် ဦးလှတင့်တို့မရှိကြ။ အပျိုမကလေးတစ်ဦး တည်းသာရှိသည်။ သူကလည်း ကျွန်ုပ်တို့ကို စကားပြောသည်မဟုတ်။ လက်ဟန်ခြေဟန်ဖြင့်သာ ပြခြင်းဖြစ်သည်။ အစောပိုင်းကသာ တားဆီးပါက ကျွန်ုပ်တို့လည်း ပစ်ခတ်မိမည်မဟုတ်ပါ။ အခုတော့ မည်သို့ ပြန်တောင်းပန်၍ အလျော်ပေးရတော့မည်မှန်း မသိတော့ပါ။ အပျိုမ





ကလေးကတော့ သူ၏ရှဉ့်ဖြူကလေးအား ရင်ခွင်တွင်ပိုက်၍ တရှုပ်ရှုပ် ငိုနေသည်။ ကျွန်ုပ်လည်း မချော့ရဲပါ။ ရပ်ကြည့်လို့သာနေရတော့သည်။

ကျွန်ုပ်တို့ နေ့ဝက်လုပ်အားပေးလမ်းပြင်ပြီး စိတ်မကောင်းစွာဖြင့် စခန်းသို့ပြန်ခဲ့ကြသည်။ စိတ်ထဲမှာတော့ တနုံ့နုံ့ခံစားရသည်။ ကျွန်ုပ် ညဘက်အိပ်ရာဝင်သည်အထိ ရှဉ့်ကလေးနှင့် မိန်းမပျိုအား မျက်စိထဲ၌ မြင်ယောင်ပြီး မည်သို့တောင်းပန်ရမည်ကို အထပ်ထပ်အခါခါ စဉ်းစားနေမိသည်။

နောက်တစ်နေ့မနက် (၉)နာရီခန့်တွင် ဦးလှတင့်ရောက်လာသည်။ ကျွန်ုပ် ကော်ဖီသောက်နေချိန်ဖြစ်၍ ကော်ဖီနှင့်မုန့်များဖြင့် ဧည့်ခံရမည်။

“ဦးလှတင့် ... ကျွန်တော် မနေ့ကကိစ္စကို အနူးအညွတ် တောင်းပန်ပါတယ်ဗျာ။ ဘယ်လို အလျော်ပေးရမယ်ဆိုတာကိုပြောပါ”

“မလို ဆရာ။ ဆရာစိတ်မကောင်းဖြစ်သွားတယ်ဆိုလို့ ကျွန်တော် လာခဲ့တာ၊ စိတ်ထဲမထားပါနဲ့။ သမီးက ကျွန်တော့်မိန်းမက မွေးတဲ့ သမီးဖြစ်ပေမဲ့ ကျွန်တော့်သမီးအစစ် မဟုတ်ဘူးဆရာ”

“ခင်ဗျားစကားက ဘယ်လိုလဲ ဦးလှတင့်။ စိတ်မရှိနဲ့နော်။ ခင်ဗျားသမီးက ခင်ဗျားမိန်းမကမွေးပေမဲ့ ခင်ဗျားနဲ့ရတာ မဟုတ်ဘူး လို့ ပြောချင်တာလား”

“အဲသည်လိုလည်း မဟုတ်ဘူးလေ ဆရာ။ ကျွန်တော့်မိန်းမ ကျွန်တော်နဲ့ရလို့ သမီးကိုမွေးတာ မှန်တယ်။ ဒါပေမဲ့ သမီးက ကျွန်တော် တို့လူမျိုး မဟုတ်ဘူး။ တခြားက လာတာ”

“ဩော် ... ကျွန်တော် သဘောပေါက်ပြီ။ လူဝင်စားလို့ပြော ချင်တာထင်တယ်။ ဘယ်ကလာတာလို့ ပြောသလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဆရာ၊ လူဝင်စား။ ဆရာတို့ ဗမာလူမျိုးဝင်စားတာ။ စကားအလွန်နည်းတယ်။ ငယ်ငယ်က ပသျှူးစကားသင်ပေးတော့ မြန်မာစကားကို အလိုလိုပြောတတ်နေတယ်။ သူတို့မြို့က စက်လှေစီးလာကြရင်း မပူတေးရွာနားမှာ စက်လှေနစ်လို့သေဆုံးပြီး ဝင်စားတာလို့ပြောတယ်။ သူ့နာမည်ကို ချွန်တော်တို့က ဘာတီမာလို့မှည့်ထားပေမဲ့ မဟုတ်ဘူးတဲ့။ သူ့နာမည် မြနန်းနွယ်လို့ပြောနေတာ။ အတော်ခက်တာပဲ။ ချွန်တော်တို့ကိုးကွယ်တဲ့ ဘာသာကိုလည်း သူမကြိုက်ဘူး။ အရွယ်ရောက်တာနဲ့ ချန်းဖန်းဘုန်းကြီးကျောင်းကို သွားတယ်။ ဘုန်းကြီးကိုကန်တော့တယ်။ အတော်ခွကျတယ် ဆရာရယ်"

"ကျွန်တော် သူ့ကို လက်ဆောင်အစားပေးချင်တယ်။ ခွေးတော့ချစ်မှာ မဟုတ်ဘူး။ ယိုးဒယား ကြောင်ဖြူကလေးတစ်ကောင် ဝယ်ပေးမယ်။ လက်ခံပါ"

"ချွန်တော် လက်မခံဆရာ။ သမီးကတော့မသိ။ ဆရာ သူနဲ့တွေ့ကြည့်ပါ။ ဒါပေမဲ့ အလျော်မပေးလည်း ရ ဆရာ၊ ကိစ္စမရှိ"

"မဟုတ်တာဗျာ။ ကျွန်တော်တို့ဘက်က မှားပြီးလွန်တာပဲ။ ကျွန်တော် သူ့ကိုတွေ့ပြီး တောင်းပန်ပါ့မယ်"

"ဆရာအိမ်ကို ကြွပါ။ အိမ်မှာထမင်းကျွေးချင်လို့ ချွန်တော် လာခေါ်တာ။ တွေ့မှ သူနဲ့ပြောပါ"

"ဟုတ်ကဲ့ . . . ခဏစောင့်ပါ။ ကျွန်တော် အဝတ်လဲလိုက်ဦးမယ်"

"ဟုတ် . . . ဆရာ"

ကျွန်ုပ် စပို့ရှပ်အဖြူရောင်နဲ့ ဂျင်းပင်ကိုလဲပြီး ဆိုင်ကယ်ကိုယ်စီဖြင့် စခန်းမှထွက်ခဲ့သည်။ ယနေ့ထူးခြားနေသည်မှာ စခန်းက ခွေးနစ်ကောင်က လူစိမ်းဖြစ်သော ဦးလှတင့်ကို မဟောင်ပါ။ စခန်းအထွက်လမ်း ချန်းဖန်းရွာအစပ် ဆိုင်ကယ်ဝပ်ရှော့ရှေ့ရောက်တော့ ဘာတီမာခေါ် မြနန်းနွယ်က ကျွန်ုပ်တို့အား အပြုံးနှင့်ထွက်ကြိုသည်။ သို့သော် စကားတော့မပြောပါ။ ချက်ချင်းပင် သားအမိနှစ်ယောက် ထမင်းပွဲပြင်သည်။ ကျွန်ုပ်ခင်မင်သော ပသျှူးလူမျိုးများ ထမင်းစားဖိတ်၍ စားဖူးသည်။ သူတို့က ကြက်ဆိုလျှင်လည်း လည်လှီးပြီး၊ အုန်းနို့နှင့်ချက်သည်။ ဆီမသုံးတတ်။ ငါးဆိုလျှင်လည်း အကြေးမပါသောငါးကို မစား။ အုန်းနို့ဖြင့်ပင် ချက်သည်။ မဆလာတော့သုံးသည်။ ကြက်သွန်၊ ငရုတ်သီး မသုံး။ ကျွန်ုပ်တို့ပါးစပ်နှင့်တော့ အလွန်ခွကျသည်။

သို့သော် ယနေ့တော့ ပသျှူးထမင်းဝိုင်းမှာ အထင်နှင့်အမြင် လွဲနေသည်။ ကြက်သားဟင်းနှင့် ငါးဟင်းအပြင် ငါးကြော်ပါသည်။ ချဉ်ပေါင်ရွက်နှင့် ငါးချဉ်ရည်ဟင်းအပြင် ဘူးသီးပြုတ်တို့စရာ၊ တညင်းသီးပြုတ်နှင့် ငါးပိရည်ပင် ပါသေးသည်။ ထမင်းဝိုင်းမှာလည်း ခုံနှင့်ထိုင်ရခြင်းမဟုတ်။ တကယ့်မြန်မာပီသသော ကျွန်းစားပွဲဝိုင်းကြီး ဖြစ်သည်။ စားပွဲခင်းပန်းရောင်နုနုကိုလည်း ခင်းထားသည်။ ထမင်းပန်းကန်အေး၌ ခက်ရင်းနှင့်ဇွန်းကို ချထားသော်လည်း စားပွဲအောက်တွင် ရေဇလုံ၊ ဆပ်ပြာနှင့် လက်သုတ်အဝတ်က အသင့်ရှိနေသည်။ ကျွန်ုပ် ဆုံးဖြတ်ချက်ချပြီး လက်ကိုရေဆေး၍ စတင်စားတော့သည်။ ကျွန်ုပ်ထမင်းပန်းကန်အားမြှောက်၍ . . .

'မြနန်းနွယ်တို့မိသားစု ဤသို့ ထမင်းကျွေး ကုသိုလ်လုပ်ခြင်းအတွက် ကျန်းမာချမ်းသာကြပြီး၊ သွားလေရာလာလေရာ ဘေးအန္တရာယ်ကင်းစေကြောင်း' ဆုတောင်းမေတ္တာပို့လိုက်သည်။ မမျှော်လင့်ဘဲ ကြားလိုက်ရသောအသံကတော့ မြနန်းနွယ်ထံမှ ဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ" တဲ့လေ။

ထမင်းစားသည်မှာ ကျွန်ုပ်နှင့်ဦးလှတင် နှစ်ယောက်တည်းသာ ဖြစ်သည်။ မြနန်းနွယ်က ယပ်ခတ်၍ လိုအပ်သည်များကို စီစဉ်ပေးသည်။ မြနန်းနွယ်အမေကတော့ မီးဖိုချောင်ထဲက ထွက်လိုက်၊ ဝင်လိုက်နှင့် လိုအပ်သည်များကို ပံ့ပိုးနေသည်။

ဦးလှတင် ...

"ဆရာ အံ့သြနေသလား။ ဒါ ချွန်တော့်သမီး လက်ရာတွေပါ။ ဗမာလက်ရာလို့ပြောတယ်။ ချွန်တော်တို့ အလွန်စားကောင်းတယ်။ ငါးပိရည်က သူ့ကိုယ်တိုင်လုပ်တာ။ ချွန်တော်တို့ဒေသကလူတွေက ငါးပိငံပြာရည်မစားဘူး။ ဆီမသုံးဘူး။ ဆားနဲ့အုန်းနို့ပဲ သုံးကြတာများတယ်။ ရေချိုငါးလည်းမစားဘူး။ အကြေးမပါတဲ့ ပင်လယ်ငါးခူကိုလည်း မစားဘူး။ အခု သမီးကြီးလာမှချက်ကျွေးလို့ ကောင်းမှန်းသိတာဆရာရေ့"

ကျွန်ုပ် ...

"မြနန်းနွယ် ... ကျေးဇူးတင်တယ်နော်။ အစ်ကိုက ဗမာဖြစ်ပေမဲ့ စခန်းကိုရောက်တော့ ငါးပိတို့စရာမစားရတာ ကြာပြီ။ ငါးပိတို့စရာက မိန်းမတွေမှလုပ်တတ်တာ။ မြနန်းနွယ်က ဘယ်တုန်းကတတ်တာလဲ"

"ညီမက ငယ်ငယ်ကလေးကတည်းက တတ်တာပါ။ ညီမက ဟိုဘဝက ဗမာပဲ။ ဗမာစာကိုပဲ ကြိုက်တယ်"

"အဲဒါဆို ညီမအရင်ဘဝက ဘယ်မြို့မှာနေခဲ့ဖူးတာလဲ။ အဖေ အမေတွေနာမည်ကိုရော မှတ်မိသလား"

"မှတ်မိတာပေါ့ အစ်ကိုရာ။ ညီမ အဖေနဲ့အမေနာမည်က ဦးထွန်းအောင်၊ ဒေါ်စိန်တဲ့။ ကွမ်းခြံကုန်း မြို့လယ်ကျောက်တိုင်နားမှာ





နေတာ"

"ဟာ ... အဲဒါဆိုရင် ကွမ်းခြံကုန်းမြို့လယ် ပန်းခြံနားက ထန်းပင်တွေနဲ့ အိမ်နီကြီးမဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို။ ညီမအဖေက ဆရာဝန်ပါ။ အမေကတော့ ဈေးထဲမှာ ရွှေဆိုင်ဖွင့်ထားတယ်။ အစ်ကိုနဲ့ သိသလားဟင်"

"အင်း ... အစ်ကိုနဲ့ တိုက်ရိုက်သိတာတော့ မဟုတ်ပါဘူး။ ကျောင်းဆရာ ဦးခင်မောင်သန်း မိတ်ဆက်ပေးလို့သိတာပါ။ ဒါပေမဲ့ အဲ့ဒီအချိန်မှာ ညီမမရှိတော့ပါဘူး။ အပျိုဘဝရောက်မှ စက်လှေနစ်ပြီး ဆုံးတယ်ဆို မဟုတ်လား။ လေးငါးနှစ်တောင်ကျော်ပြီလို့ ပြောတယ်"

"ဟုတ်ပါတယ် အစ်ကို။ ညီမက တစ်ဦးတည်းသော သမီးပါ။ အခုဘဝမှာလည်း တစ်ဦးတည်းပါပဲ။ ဆရာဦးခင်မောင်သန်းက အရင်ဘဝက ညီမတို့ကျောင်းဆရာပါ။ (၁၀)တန်းလောက်အထိ သင်ဖူးတယ်။ လွန်ခဲ့တဲ့အနှစ်(၂၀)ကျော်ကပါ အစ်ကို"

"ထူးဆန်းလှပါတယ်ကွယ်။ ညီမဘဝဟောင်းက မိဘတွေလည်း အခုထိရှိကြဦးမယ် ထင်ပါတယ်။ ညီမမှာချင်တာတွေရှိရင် စာရေးထားပါ။ အစ်ကိုရန်ကုန်ပြန်ရင် ကွမ်းခြံကုန်းကို သွားပို့ပေးမယ်"

"ဟုတ်ကဲ့ အစ်ကို။ ညီမတို့ဆီကို အသုံးလုံးဆရာတွေလာတုန်းက ညီမမြန်မာစာ သင်ခဲ့ရပါတယ်။ သိထားပြီးသားတွေမို့ အတတ်လည်း မြန်ပါတယ်။ အစ်ကို့မှာ စာအုပ်တွေရှိရင်လည်း ညီမကိုပေးဖတ်ပါနော်"

"အေး ... အေး ... ညီမ"

ကျွန်ုပ် အံ့သြနေသလို၊ သူမ၏မိဘများကလည်း အံ့သြနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှတင် . . .

"ဆရာ . . . သမီးက အဲ့ဒီအကြောင်းကို ခဏခဏပြောတယ် ဆရာ။ ငယ်စဉ်ကတည်းက ပြောခဲ့တာ။ ကွမ်းခြံကုန်းကို ကျွန်တော် မသိဆရာ။ ကျွန်တော်တို့က သမီးကိုသိပ်ချစ်တော့ သူမရဲ့ ဟိုဘက်ဘ ... က မွေးဖခင်ကို လိုက်ပို့ချင်တယ် ဆရာ။ ဆရာကူညီနိုင်မလား"

"ကျွန်တော် ပို့နိုင်ပါတယ် ဦးလှတင်။ ဒါပေမဲ့ အခုတော့ မဟုတ်ဘူး။ ဒီမှာက ကျွန်တော့်တာဝန်ကြီးက ကြီးတယ်။ ကျွန်တော် တာဝန်ပြီးလို့ ရန်ကုန်ပြန်တော့ လိုက်ခဲ့ကြပါ။ ကျွန်တော်ကွမ်းခြံကုန်း ကို လိုက်ပို့ပါ့မယ်"

ကျွန်တော့်စကားကြောင့် မြနန်းနွယ်၏မျက်နှာ အလွန်ကြည် နူးပျော်ရွှင်နေဟန်ကို မြင်ရပြီး နေ့လယ်စာစားပြီးသည်နှင့် မြန်မာဆ... သော လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကို ချပေးပြန်သည်။

"သမီး . . . ဆရာ့ကို လက်ဖက်ရည်ချိုဖြစ်ဖြစ် ကော်ဖီဖြစ် ဖြစ် လုပ်ပေးရင်မကောင်းဘူးလား။ အဖေဝယ်လာတဲ့ ကိတ်မုန့်တွေ လည်း ရှိသေးတယ်လေ"

"နေပါစေ ဦးလှတင်။ ကျွန်တော် လက်ဖက်သုပ်မစားရတာ ကြာပါပြီ။ ဒီအတိုင်းပဲ ကောင်းပါတယ်"

"ဩော် . . . ဆရာကလည်း လက်ဖက်သုပ်ကြိုက်သကိုး ကျွန်တော်တို့ မစားတတ်ဆရာ"

"ငါးပိစားသလိုပါပဲ။ နောက်တော့လည်း လက်ဖက်အရသာ ကို ကြိုက်သွားမှာပါ"

"နောက်တစ်ခုက ဘာသာရေးကိစ္စဆရာ။ သမီးက ကျွန်တော် တို့ဘာသာကို မကြိုက်ဘူး။ ဘုရားကျောင်းလည်း မသွားဘူးဆရာ။ ဒါ





ကြောင့် ရပ်ရွာက သူမကို မကြိုက်ဆရာ။ ဒါကြောင့် ရပ်ရွာမှာ သူမ အပေါင်းအသင်းမရှိဆရာ"

"သူ့ဘာသာအတိုင်းနေပါစေ ဦးလှတင်။ သူယုံကြည်ရာကို ကိုးကွယ်ပါစေ။ လွတ်လပ်ခွင့်ပေးလိုက်ပါ"

"ကျွန်တော်တို့သမီး ကျွန်တော်တို့ချစ် ဆရာ၊ ပြဿနာမရှိ။ ဒါပေမဲ့ ရပ်ရွာက လက်မခံဆရာ။ အဲဒါအခက်ပဲ ဆရာ"

"လူဝင်စားဆိုတော့ မွေးရာပါဗီဇက ပါလာတာကိုး ဦးလှတင်ရဲ့။ နောက်ပြီး သူက အရင်ဘဝဟောင်းကိုတောင် မှတ်မိနေသေးတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလေးပေးကြပေါ့ဗျာ နော့"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါနဲ့ မြနန်းနွယ်ကို အစ်ကိုက ရှဉ့်ဖြူကလေးအစား ယိုး ဒယားကြောင်ဖြူလေးတစ်ကောင် လက်ဆောင်ပေးချင်တယ် လက်ခံ မှာလား"

"မလိုတော့ပါဘူး ဆရာရယ်။ တိရစ္ဆာန်မွေးရတာ သံယောဇဉ် ကြီးလှပါတယ်။ ကျွန်မ မမွေးချင်တော့ပါဘူး။ ဆရာပေးချင်ရင်တော့ ကျွန်မကို စိပ်ပုတီးတစ်ကုံးပဲ လက်ဆောင်ပေးပါ။ အခု တရားမှတ်ရ တာ လက်ချိုးရေတွက်နေရတော့ အဆင်မပြေဘူး"

"မြနန်းနွယ် . . . ဘာတွေ ပုတီးစိပ်သလဲ"

"ဂုဏ်တော်ကွန်ခြာ၊ ရှင်အရဟံပုတီးစိပ်နည်းနဲ့ သရဏဂုံ သုံးပါးကို မနက်ညစိပ်ပါတယ်"

"ရှင်အရဟံပုတီးစိပ်နည်းက ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ နာမရုပ် အနိစ္စံ ဒုက္ခံ အနတ္တာ မဟုတ်လား"

"ဟုတ်ပါတယ် . . . အစ်ကို၊ အစ်ကိုလည်းစိပ်သလား"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ည စိပ်ပါတယ်။ အစ်ကိုမှာ သစ်ကနက်သားနဲ့ လုပ်ထားတဲ့ သိမ်ဝင်ပုတီးနှစ်ကုံးရှိတယ်။ တစ်ကုံးကို ညီမယူပေါ့နော်"

"အခုလား အစ်ကို"

"အေး ...အေး ...အစ်ကိုပြန်ရင် လိုက်ယူလှည့်ပေါ့။ အစ်ကိုတို့စခန်းကိုလည်း လိုက်လည်ရင်းပေါ့"

ထိုနေ့က ကျွန်ုပ်စခန်းပြန်တော့ မြနန်းနွယ် ဆိုင်ကယ်တစ်စီးဖြင့် စခန်းသို့လိုက်လာသည်။ သူမ ဆီအုန်းခင်းကြီးကိုလည်း သဘောကျသည်။ စခန်းကိုလည်း သဘောကျသည်။ စခန်းအနောက်ဘက်က တနင်္သာရီ ရိုးမတောင်တန်းကြီးကိုလည်း သဘောကျသည်။

စခန်းအတွင်းဝင်သည်နှင့် ကျွန်ုပ်၏ အမဲလိုက်ခွေးနှစ်ကောင်က ထွက်ကြိုသည်။ ဆိုင်ကယ်ရပ်သည်နှင့် ဘိုဖြူနှင့်ဘိုနီခွေးနှစ်ကောင်က မြနန်းနွယ်အားပတတ်ရပ်၍ ချစ်ခင်လေးစားဟန်ပြသည်။ သခင်နှင့်တွေ့သည့်အလား တအီအီအော်နေသေးသည်။

"ဟင် ...ဒါ ဘိုဖြူ၊ ဘိုနီ ခွေးညီနောင်မဟုတ်လား။ ညီမတို့အိမ်က ခွေးတွေလေ"

"မဟုတ်ပါဘူး ညီမရယ်။ အစ်ကိုဒီစခန်းရောက်မှပဲ မွန်ရွာကယူပြီး နို့ခွဲစကတည်းက မွေးထားတာပါ။ အမဲလိုက်ခွေးတွေပါ။ ဘယ့်နှယ်ကြောင့် ညီမကို သူတို့သိနေကြတာလဲ"

"ညီမရဲ့ အရင်ဘဝက အိမ်ကခွေးတွေပဲ ညီမကိုသိတာပေါ့"

"ထူးဆန်းပါပေ့ ညီမရယ်။ ပဋ္ဌာန်းဆက်တွေ ထင်ပါရဲ့။ လာလာ ...ညီမ၊ ရုံးခန်းထဲမှာ ထိုင်နားဦး"

ကျွန်ုပ် အံ့ဩစွာဖြင့် မြနန်းနွယ်အားနေရာပေးရင်း သံချောင်းအား ကော်ဖီဖျော်ခိုင်းနေစဉ် ခွေးနှစ်ကောင်မှာ မြနန်းနွယ်အား သခင်





အဟောင်းကို တွေ့ရသည့်အလား အသေကပ်နေတော့သည်။ ကျွန်ုပ် အပေါ်ထပ်သို့တက်၍ ပုတီးယူပြီး မြနန်းနွယ်အားပေးရာ မြနန်းနွယ်မှာ အလွန်သဘောကျနေရှာသည်။

"အစ်ကို အပေါ်ထပ်မှာ ဘုရားခန်းရှိသလားဟင်"

"ရှိတယ် ညီမ၊ ဘုရားဝတ်ပြုချင်လို့လား"

"ဟုတ်တယ် အစ်ကို"

"ဒါဆိုလာလေ"

"နေဦးအစ်ကို။ ညီမက တရားထိုင်ချင်တာ။ ခြေလက်မျက်နှာ ဆေးရဦးမယ်"

"ဒါဆို ဟိုအနောက်ဘက်မှာ ရေချိုးခန်းရှိတယ်။ အစ်ကို မျက်နှာသုတ်ပဝါယူပေးမယ်"

"ဟုတ်ကဲ့ အစ်ကို"

မြနန်းနွယ်မှာ ကော်ဖီပင်မသောက်တော့ဘဲ အိမ်ပေါ်ထပ် ဘုရားခန်းသို့တက်၍ ဘုရားဝတ်ပြု၊ ပုတီးစိပ် တရားထိုင်နေသည်။ ကျွန်ုပ်လည်း သူမကို အနှောင့်အယှက်မဖြစ်စေရန်အတွက် အောက်ထပ်သို့ဆင်းပြီး ရုံးစားပွဲတွင် ထိုင်၍ အလုပ်လုပ်သည်။ တစ်နာရီခန့်ကြာတော့ ဆိုင်ကယ်သံကြားရပြီး ဦးလှတင့် ရောက်လာသည်။ ရောက်လျှင်ရောက်ချင်း ...

"သမီးကော ဆရာ၊ ပြန်သွားပြီလား"

"မပြန်သေးဘူး။ အပေါ်ထပ်ဘုရားခန်းမှာ တရားထိုင်နေတယ်"

"အင်း ...ဒီလိုဆိုရင်ဖြင့် သမီးက ဆရာတို့စခန်းကို [illegible]တိုင်းလာပြီး တရားထိုင်တော့မယ်ထင်ပါရဲ့ ဆရာ။ ကျွန်တော့်သမီးကို



www.burmeseclassic.com

www.burmeseclassic.com



သည်းခံပြီး စောင့်ရှောက်ပါနော်။ ချွန်တော် ဆရာ့ကို အပ်ပါတယ်''

''ရပါတယ် ဦးလှတင့်ရယ်။ ခင်ဗျားသမီးကို ကျွန်တော့် ညီမလေးလို စောင့်ရှောက်မှာပါ။ ဘာမှမပူပါနဲ့။ နောက်ပြီး ကျွန်တော့် စခန်းက ဝန်ထမ်းနဲ့ ရဲဘက်တွေအားလုံး စည်းကမ်းရှိကြပါတယ်။ စိတ်ချပါ''

မကြာမီ အပေါ်ထပ်မှ ခြေသံကြားရပြီး မြနန်းနွယ်ပုတီးကိုင်၍ ဆင်းလာသည်။ သိမ်မွေ့ညင်သာ၍ တကယ့်မြန်မာမလေးအတိုင်းပင်။

''အဖေ၊ သမီး ဆရာ့အိမ်နဲ့ ဘုရားခန်းကို အရမ်းသဘောကျတယ်။ နောင်နေ့တိုင်း လာပါရစေနော်''

''အေး ...အေး ...သမီး၊ ဆရာခွင့်ပြုရင် ပြီးတာပါပဲ။ သမီးက စည်းကမ်းနဲ့တော့နေနော်။ ဆရာက ဒီစခန်းမှာ အကြီးဆုံး။ ဆရာ့ကိုတော့ စိတ်မညစ်စေနဲ့''

''ဟုတ်ကဲ့ပါ အဖေ၊ သမီးနေတတ်ပါတယ်။ ဒါနဲ့ အစ်ကို ကော့သောင်းကို ဘယ်နေ့ဆင်းမလဲ။ သမီးလည်း လိုက်ချင်တယ်။ ဘုရားမှာ သစ်သီးငါးမျိုးကပ်ချင်လို့ပါ။ အနန္တောအနန္တငါးပါးကို ရည်မှန်းပြီး ပူဇော်ချင်လို့ပါ''

''လာမယ့်တနင်္ဂနွေနေ့ဆင်းမယ်။ မနက်(၈)နာရီလောက်ပေါ့''

[ ၂ ]

❑

ထိုနေ့ကစ၍ မြနန်းနွယ် ကျွန်ုပ်၏စခန်းသို့ မနက်တိုင်းလာသည်။ ဘုရားဝတ်ပြုသည်။ တပည့်ကျော်သံချောင်းနှင့်တွဲ၍ ကောင်းနိုးဆရာ ချက်ပြုတ်ပေးသည်။ စခန်းတွင် နေ့လယ်စာစားပြီးမှ ပြန်သည်။ တစ်ခါတစ်ရံလည်း သူ့အဖေဖြစ်စေ၊ အမေဖြစ်စေ ပါလာတတ်သည်။ သူတို့ကလည်း စခန်းကို သဘောကျသည်။ စခန်းတွင် ကျွန်ုပ်၏ အစီအစဉ်ဖြင့် စိုက်ပျိုးထားသော (၅)ဧကခန့် အကျယ်အဝန်းရှိ တောင်ယာရှိသည်။ ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား၊ ပြောင်းဖူး၊ ငှက်ပျော၊ ချဉ်ပေါင်၊ မုန်ညင်း၊ ပန်းဂေါ်ဖီ၊ မုန်လာ၊ နီကိုဥ အစုံရှိသည်။ ဖြစ်လည်းဖြစ်ထွန်းလှသည်။ ထို့အပြင် ယခင်က ယာဟောင်းဖြစ်၍ ပိန္နဲ၊ တညင်း၊ သရက်၊ ဒူးရင်းပင်များလည်း ဝေဆာစွာ သီးပွင့်နေသည်။ တောင်ယာ



www.burmeseclassic.com

www.burmeseclassic.com



ထဲရောက်လျှင် မြနန်းနွယ်အလွန်ပျော်သည်။ ခွေးနှစ်ကောင်ကလည်း နောက်က တကောက်ကောက်လိုက်နေသည်။ တောင်ယာတာဝန်ခံ အဘ တပ်ကြပ်ကြီး ဦးအေးမောင်ကလည်း မြနန်းနွယ်ကို အလွန်ချစ်သည်။ မြနန်းနွယ်လာသည်နှင့် ပြောင်းဖူး၊ ကံစွန်းဥ ဖုတ်ကျွေးသည်။ သရက်သီး၊ ပိန္နဲသီးခွဲကျွေးသည်။

တနင်္ဂနွေနေ့မနက်တွင် ကျွန်ုပ် ကော့သောင်းမြို့သို့ အလုပ်ကိစ္စနှင့် ဆင်းသည်။ ယခင်က တပည့်ကျော်သံချောင်း ပါနေကျဖြစ်သော်လည်း ယနေ့ မြနန်းနွယ်လိုက်မည်ဖြစ်၍ သံချောင်းကို မခေါ်တော့ပါ။ ကျွန်ုပ်တစ်ဦးတည်း ချန်းဖန်းရွာဘက်သို့ ဆင်းခဲ့သည်။ ဆိုင်ကယ် ဝပ်ရှော့ဆိုင်ရှေ့ရောက်တော့ မနက်(၈)နာရီတိတိပင်။

မြနန်းနွယ် အသင့်စောင့်ကြိုနေသည်။ သူမကလည်း ယနေ့တော့ ဘောင်းဘီရှည်နှင့်။

''အစ်ကို ဘာစားခဲ့ပြီးပြီလဲ။ အိမ်မှာ မုန့်ဟင်းခါးလုပ်ထားလို့ စားပါဦး အစ်ကို''

''အေး . . . အေး . . . ညီမ''

မုန့်ဟင်းခါးအသံကြားရ၍ ကျွန်ုပ် စားချင်မိသွားသည်။ သို့သော် ချန်းဖန်းရွာ မုန့်ဟင်းခါးလက်ရာမှာ အဆင်မပြေလှ။ ပင်လယ်ငါးနှင့်ဟင်းရည်ချက်ပြီး နံနံပင်အစား သိဟိုဠ်ရွက်နုများကို ထည့်ပေးလေ့ရှိသည်။ ငှက်ပျောအူကလည်း မပါပြန်။

မြနန်းနွယ်၏မုန့်ဟင်းခါးကို ကျွန်ုပ်စားကြည့်တော့ အလွန်အရသာရှိသည်။ စပါးလင်နုံကလေး မွှေးနေသည်။ ငှက်ပျောအူနုနုကလေးလည်း ပါသည်။ နံနံပင်လည်း ထည့်ပေးသည်။ ကြက်သွန်ဖြူဆီချက်ကလေးလည်း ထည့်ပေးသည်။ ပဲကြော်နှင့် ဘူးသီးကြော်ပင်





ပါလိုက်သေးသည်။

''ညီမ ဟင်းခတ်တွေ ဘယ်ကရတာလဲ။ ဒီရွာမှာ မရှိပါဘူး''

''အဘ ဦးအေးမောင် ပေးလိုက်တာ အစ်ကို။ ကောင်းရဲ့မဟုတ်လား''

''အလွန်ကောင်းပြီး ပြည့်စုံပါတယ်ကွယ်။ ဒီချန်းဖန်းရွာက မုန့်ဟင်းခါးကတော့ အစ်ကိုစားဖူးတယ်။ မစွံဘူး။ ကော့သောင်းမြို့ပေါ်မှာတော့ ကောင်းပါတယ်''

ရေချိုငါးမစားသော ဦးလှတင့်တို့မိသားစုလည်း မုန့်ဟင်းခါးဝင်စားကြသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့စားသောက်ပြီး ဆိုင်ကယ်ကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။ ဦးလှတင့်က ပသျှူးစကားဖြင့် မြနန်းနွယ်ကို မှာသည်။ သူ့မအမေကလည်း မှာသည်။ ကျွန်ုပ်တို့ ဘန်ဆွားရွာ ဗွက်တောကြီးအား ကွေ့ပိုက်ရှောင်ရှားဖြတ်သန်းပြီး ပါဆယ်ပါညန်း စခန်းဘက်ရောက်လာသည်။ ထိုစဉ် မြနန်းနွယ်က . . .

''အစ်ကို ညီမဆိုင်ကယ်ကို တစ်နေရာရာမှာထားခဲ့ပြီး အစ်ကို့ဆိုင်ကယ်ကို စီးချင်တယ်။ အိမ်မှာကတည်းက ပြောဖို့ပဲ၊ အမေဆူမှာစိုးလို့''

''အင်း . . . အစ်ကိုလည်း ပြောမလို့ပါ။ နှစ်ယောက်တည်းဘဲ ဆိုင်ကယ်တစ်စီးတည်းသွားရင် ရပါတယ်။ ဒါပေမဲ့ အားနာလို့ မပြောဖြစ်တာပါ''

''အစ်ကိုရေ . . . အသက်ကြီးလာလေ အပေတို့လေ့ထုံးစံနဲ့ ညီမနဲ့ မကိုက်လေပဲ။ ညီမက အရင်ဘဝကို မှတ်မိနေသူဆိုတော့ ပိုဆိုးတယ်။ ဟိုဟာမလုပ်ရ ဒီဟာမလုပ်ရ စည်းကမ်းတွေက အများ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကြာရင်တော့မလွယ်ဘူး''

ကျွန်ုပ်တို့ ပါဆယ်ပါညန်း ရဲဘက်စခန်းရှေ့ရောက်တော့ မြနန်းနွယ်၏ဆိုင်ကယ်ကလေးကို ကျွန်ုပ်ရုံးခန်းထဲ ဝင်ထားလိုက်သည်။ လမ်းသွားလမ်းလာများ မမြင်စေရန်လည်း ဖြစ်သည်။ ပြီးနောက် စခန်းတာဝန်ခံ ထောင်ပိုင်ဦးဟန်မြင့်နှင့်တွေ့ပြီး ကော့သောင်းဆင်းမည်ဖြစ်၍ မှာစရာကြားစရာ ရှိမရှိ ဝင်မေးရသည်။ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ပြည်မသို့ပို့ရန် စာများကို သာထည့်ပေးလိုက်သည်။ မြနန်းနွယ်ကို သူတို့မြင်တော့ အတော်အံ့သြကြဟန်တူသည်။ ဘောင်းဘီရှည်ဝတ်ထား၍ ပသျှူးအမျိုးသမီးမှန်း မသိကြ။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏ညီသည် ဟူ၍သာ သာမန်မိတ်ဆက်ပေးလိုက်ပါသည်။

ကျွန်ုပ်နှင့်မြနန်းနွယ်တို့ ကျွန်ုပ်၏ဆိုင်ကယ်ဖြင့် ပါဆယ်ပါညန်းစခန်းမှ ထွက်ခဲ့ကြသည်။ ပါဆယ်ပါညန်းစခန်းမှာ အင်မဒိုင်းရွာအနီးအထိ မြေပြန့်လမ်း။ ထိုမှ လျှိုတစ်ခုကို ဖြတ်ကျော်ပြီးတော့လည်း မြေညီလမ်းပင်။ ဆီအုန်းပင်များအကြား ဖောက်လုပ်ထားသည့် ပေ(၅၀)ခန့် အကျယ်ရှိသော လမ်းဖြစ်သည်။ ပါဆယ်ပါညန်းရွာကြီးကိုရောက်တော့ ကုန်းဆင်းကုန်းတက် များလာသည်။ ထိုအချိန်တွင်တော့ ကျွန်ုပ်၏နောက်မှထိုင်လိုက်လာသော မြနန်းနွယ်က ကျွန်ုပ်ခါးကို ဖက်ထားလေပြီ။ မြင့်မားလှသော စောမောင်ချစ်ကုန်းဆင်းရောက်တော့ မြနန်းနွယ်နှင့်ကျွန်ုပ် တစ်သွေးတစ်သားတည်း ဖြစ်သွားသည်။ ကုန်းမှာမြင့်သဖြင့် ကုန်းဆင်းမှာ အလွန်မတ်စောက်ပြီး ရှည်လျားသည်။ ကုန်းဆင်းချောင်းကူးတံတားကို ဖြတ်ပြီးနောက် တောင်ကုန်းတက်တစ်ခုသို့ တက်ရပြန်သည်။ ဤအချိန်တွင်တော့ ကျွန်ုပ်က မြနန်းနွယ်၏ ရင်ခွင်ထဲတွင် တစ်သွေးတည်းတစ်သားတည်း။ စိတ်ကို အတော်ထိန်းရပါသည်။ သူမက





တော့ အလွန်ပျော်မြူးနေဟန်ဖြင့် တခစ်ခစ်ရယ်နေသည်။ ပွင့်လင်းရိုးသားလှသော ကလေးဆန်သည့် အဖြူရောင်မလေးဖြစ်သည်။ ကျွန်ုပ်သူမ၏ ဖြူစင်လှသောဘဝကို အရောင်မဆိုးလိုပါ။ ထို့ကြောင့်ပင် မသိကျိုးကျွန်သာ နေမိတော့သည်။

ကိုင်းကွင်းဖွက်တောကိုဖြတ်ပြီး ရေတံခွန်ချောက်အတက်သို့ တက်ရပြန်သည်။ ကုန်းတက်မှာ မြင့်မားလှ၍ ကျွန်ုပ်ဆိုင်ကယ်ကြီးကို နံပါတ်(၁)ဂီယာထည့်၍ ခြေထောက်ဖြင့်ပါထိမ်းပြီး ရုန်းကန်တက်ရသည်။ မြနန်းနွယ်ကတော့ ကျွန်ုပ်ခါးကို တအားကုန်ဖက်ထားပြီး သဘောကျနေသာနေတော့သည်။ ရေတံခွန်စခန်းကို မဝင်တော့ဘဲ ဆက်၍စီးလာရာ (၁၀)မိုင်ရောက်တော့ ကျွန်ုပ်တို့အအေးဆိုင်တွင် ခေတ္တနားကြပြီး မြနန်းနွယ်အကြိုက် ကိုကာကိုလာ (Cocacola) သောက်ကြသည်။ ပြီးနောက် ဆက်၍မောင်းလာရာ (၇)မိုင်လေယာဉ်ကွင်း(၃)မိုင်ကုန်းဆင်း၊ (၃)ထပ်ကွေ့ကိုကျော်သည်နှင့် ကော့သောင်းမြို့ထဲ ဝင်လာသည်။ ကျွန်ုပ် ဆိုင်ကယ်အား ဆိပ်ကမ်းတံတားနှင့် ဈေးအနီးရှိ ပိတောက်ပင်အောက်၌ ရပ်နားလိုက်သည်။

မြနန်းနွယ်က ဆိုင်ကယ်ပေါ်မှဆင်းပြီး ဦးထုပ်အားချွတ်ကာ ကျွန်ုပ်အားပေးသည်။

"အစ်ကို ...ညီမ သစ်သီးငါးမျိုးဝယ်မယ်။ ပြီးရင် ဈေးထဲသွားပြီး မုန့်နဲ့အသုံးအဆောင်လေးတွေ ဝယ်မယ်။ အစ်ကို ဘယ်က စောင့်မလဲ ဟင်"

"အစ်ကိုလည်း စာထည့်စရာရှိတယ်။ ဈေးနည်းနည်းဝယ်မယ်။ ပြီးရင် ဈေးအနောက်ဘက်တန်းက သုံးရောင်ခြယ် လက်ဖက်ရည်ဆိုင်က စောင့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အစ်ကို၊ ညီမသွားပြီ"

ကျွန်ုပ် ရုံးစာများနှင့် ကိုယ်ရေးကိုယ်တာစာများအား ဘယ်ရှေ့တံဆိပ်ပုံးအတွင်းသို့ ထည့်သည်။ ကိုယ်ရေးကိုယ်တာစာထဲတွင် ကွမ်းခြံကုန်းမြို့မှ ကျွန်ုပ်၏မိတ်ဆွေ ကျောင်းဆရာဦးခင်မောင်သန်းထံသို့ မြနန်းနွယ်အကြောင်းရေးထားသော စာပါသည်။ ယခင်ဘဝဟောင်းက မိခင်များနှင့် မြနန်းနွယ်ကို ဆက်သွယ်ပေးရန်လည်း တိုက်တွန်းထားသည်။ လူမှုရေးအကျိုးဆောင်လုပ်ငန်းများကို ကိုယ်ကျိုးစွန့်၍ လုပ်တတ်သော ကျောင်းဆရာဦးခင်မောင်သန်းအကြောင်းကို ကျွန်ုပ်သိပါသည်။

ပြီးနောက် ကျွန်ုပ်လိုအပ်သော ပစ္စည်းများကို ဝယ်သည်။ ခန်းရိုက္ခာစိုသွင်းရန် လိုအပ်သော ငါးသေတ္တာနှင့်ဘဲဥကို ဖောက်သည်ဆိုင်တွင် ဝင်မှာသည်။ ပြီးနောက် ရှေ့အနောက်ဘက်တန်း ကမ်းစပ်တွင်ဆောက်လုပ်ထားသည့် သုံးရောင်ခြယ်လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့သည်။ ကျွန်ုပ် လက်ဖက်ရည်မှာသောက်ရင်း လိုအပ်သောပစ္စည်းများကို စဉ်းစားနေစဉ် မြနန်းနွယ်ပစ္စည်းများ တစ်ပွေ့တစ်ပိုက်ဖြင့် ပြန်ရောက်လာသည်။

"ညီမ လာထိုင်၊ ဘာသောက်မှာလဲ။ ထမင်းချိန်တော့နီးနေပြီ"

"ညီမ ထမင်းမဆာဘူး အစ်ကို။ လက်ဖက်ရည်ချိုပဲ သောက်မယ်။ နေ့လယ်စာထမင်းက အပြန်ကျမှ (၇)မိုင် မရှိဆိုင်မှာ စားကြတာပေါ့"

"ပစ္စည်းတွေက များလှချည်လား။ ဘာတွေတုံး ညီမရဲ့"

"အမေ့အတွက် မိုးကာ၊ ဂျာကင်ရယ်၊ အမေ့အတွက် ထီးနဲ့ ဖိနပ်။ နောက်ပြီး အစ်ကို့အတွက် ရုပ်အင်္ကျီနဲ့ဂျင်းပင်။ ကျွန်တာတာ





ညီမအတွက် ပစ္စည်းတွေ။ ဘုရားတင်ဖို့တော့ ငှက်ပျောသီးနဲ့ ကီလိုမာလကာသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီးနဲ့ မင်းကွတ်သီး၊ ကြက်မောက်သီးတွေ အစ်ကို။ ယိုးဒယားဘက်က လာတာ။ အလုံးလှပြီး လတ်ဆတ်တယ် အစ်ကို"

"အေး ... အေး ... ကောင်းပါတယ်ကွယ်။ မြို့ဦးဘုရားလည်း ဖူးဦးမယ်မဟုတ်လား ညီမရေ"

"ဟုတ်တယ် ... အစ်ကို၊ အမေနဲ့လာရင် မလွတ်လပ်ဘူး။ သူဈေးဝယ်နေတုန်း အလစ်သွားဖူးရတာ။ ကဲ ... အစ်ကို မြန်မြန်သောက်။ မွန်းမတည့်မီ မြို့ဦးဘုရားကို သစ်သီးဆွမ်းကပ်ရအောင် ညီမ ပိုဝယ်လာတာ။ ကျွန်တာကတော့ အစ်ကိုတို့စခန်းက ဘုရားကို ကပ်ရမယ်"

"ကဲ ... ဒါဆိုသွားကြစို့ ညီမရေ၊ (၁၁)နာရီကျော်နေပြီ"

"ဟုတ်ကဲ့ အစ်ကို"

ကျွန်ုပ် ဆိုင်ကယ်ရှေ့ခြင်းထဲ ပစ္စည်းများထည့်၊ ကြိုးချည်ပြီး ဈေးရှေ့လမ်းမှဖြတ်၍ ဦးကျော်ခေါက်ဆွဲဆိုင်ကိုကျော်ပြီး အရှေ့ဘက် ဘုရားကုန်းတော်ပေါ်သို့ ဆိုင်ကယ်ဖြင့် တက်ခဲ့သည်။ ဘုရားကုန်းတော်ပေါ်သို့ရောက်တော့ အရိပ်ကောင်းရာတွင်ထိုင်ကြပြီး ဘုရားဝတ်ပြုကြသည်။ မြနန်းနွယ်က သစ်သီးဆွမ်းကပ်ပြီး ဈေးမှဝယ်လာသော ယိုးဒယားသစ်ခွပန်းတစ်ခိုင်အား ပလတ်စတစ်ဖြင့်ပတ်၍ ကျွန်ုပ်အားပေးသည်။ ကျွန်ုပ် ဘုရားဝတ်ပြုအပြီး အသေအချာကြည့်မှ စနေထောင့်ဖြစ်နေသည်။ မြနန်းနွယ်မှာ စနေသမီးဖြစ်ပုံရသည်။

ကျွန်ုပ်တွင် အသင့်ပါလာသော Olympus (Half Frame) ကင်မရာလေးဖြင့် မြနန်းနွယ် ဘုရားဝတ်ပြုနေဟန်ကို ရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်၊ အေးဘက်၊ အရှေ့ဘက် ရိုက်ရာတွင် အလင်းရောင်နည်း၍ မီးပွင့်သွားသည်။ ကျွန်ုပ် ဖလသာသုံး၍ မြနန်းနွယ်၏ အနီးကပ်မျက်နှာ ပုံကလေးကိုလည်း အထပ်ထပ်အခါခါ ရိုက်သည်။ မြနန်းနွယ်က ဘုရား ဝတ်ပြု ပုတီးစိပ် မေတ္တာပို့အမျှဝေသည်။ ပြီးမှ . . .

"အစ်ကို ဘာလို့ ဓာတ်ပုံရိုက်တာလဲဟင်"

"အကြောင်းရှိလို့ပါ။ ကွမ်းခြံကုန်းက ညီမရဲ့ အရင်ဘဝက မိဘတွေ ဆက်သွယ်လာရင် ဓာတ်ပုံပို့ပေးနိုင်အောင်လို့ပါ"

"အစ်ကို ဆက်သွယ်ထားလို့လား"

"ဟုတ်တယ် . . . ဒီနေ့ပဲ ဆရာဦးခင်မောင်သန်းဆီကို စာပို့ လိုက်ပြီ"

"ဟယ်တော် . . . အစ်ကိုကလဲ ညီမကိုမပြောဘူး။ ညီမလည်း စာရေးမှာပေါ့။ သူတို့ဘယ်လောက်များ ဝမ်းသာလိုက်ကြမယ် မသိဘူး နော်"

"နောက်နှစ်ပတ်လောက်ကြာလို့ သူတို့ဆီက စာပြန်လာမှ ညီမစာရေးပေါ့၊ အဲဒီတော့ ဓာတ်ပုံလည်းရပြီလေ"

"ဟုတ်ကဲ့ပါ အစ်ကို"

ကျွန်ုပ် မြနန်းနွယ်အား ဘုရားရင်ပြင်တော်တောင်ဘက် ပင် လယ်နှင့်မြေတော်ကျွန်းအား နောက်ခံထား၍ ဓာတ်ပုံရိုက်ပေးသည်၊ ကော့သောင်းမြို့အား နောက်ခံထား၍ အပေါ်စီးမှလည်း ဓာတ်ပုံရိုက် ပေးသည်။ ပြီးနောက် ဘုရားနောက်ခံထား၍ ရိုက်သည်။

"အစ်ကို . . . ညီမ အစ်ကိုနဲ့အတူတွဲပြီး ရိုက်ချင်တယ်"

"မကောင်းဘူးထင်တယ် ညီမ"

"ဘာလို့မကောင်းရမှာလဲ။ အမှတ်တရပဲ ဥစ္စာ"





"အေး . . . အေး . . . ဒါဖြင့်လာ၊ ဘယ်နားမှာ ရိုက်ချင်တာ လဲ"

"မြို့ဦးဘုရား နောက်ခံထားပြီး တစ်ပုံ၊ ပင်လယ်ပြင်ကြီး နောက်ခံထားပြီး တစ်ပုံ ရိုက်ချင်တာ"

ကျွန်ုပ် Auto Timing တင်၍ ရိုက်ပေးလိုက်သည်။

"အစ်ကို . . . ဟိုးတောင်ဘက်က သဘောတွေနဲ့ တိုက်ကြီး တွေက ဘာမြို့လဲဟင်"

"ရနောင်းမြို့လေ၊ ယိုးဒယားဘက်ကမ်းက မြို့ပေါ့"

"အစ်ကိုရောက်ဖူးသလားဟင်"

"အစ်ကိုတို့ အစိုးရဝန်ထမ်းတွေ သွားမရဘူးလေ။ ကန့်သတ် ထားတယ်"

"ညီမလည်း မရောက်ဖူးဘူး။ အဖေကတော့ ခဏခဏ သွား တယ်။ အဖေနဲ့လာရင် ဒီဘုရားပေါ်မတက်ရတော့ အခုမှ ရနောင်း မြို့ကြီးကို အသေအချာမြင်ရတာ။ အောက်ကနေကြည့်တော့ မသဲကွဲ ဘူးလေ။ သဘောတွေကိုပဲ မြင်ရတာ။ တိုက်ကြီးတွေက အမြင့်ကြီးပဲ နော်။ ကော့သောင်းမြို့က အခုမှ သေးသေးကလေး ဖြစ်သွားသလိုဘဲ နော်"

"သူတို့နိုင်ငံက တိုးတက်နေပြီလေကွယ်။ ဒါကြောင့် ခေတ်မီ အဆောက်အအုံကြီးတွေ ဖြစ်နေတာပေါ့။ အစ်ကိုတို့နိုင်ငံက ဖွံ့ဖြိုးစ ဆိုတော့ ကွာတာပေါ့။ ဒါပေမဲ့ ကော့သောင်းမြို့လည်း အမိုးနီနီရဲရဲ တိုက်အိမ်ကလေးတွေကို တောင်စခန်းပေါ်မှာ အဆင့်ဆင့်ဆောက်ထား တာ တောင်စခန်းမြို့ကလေးလို သာယာလှပပါတယ်။ ဟိုးရှေ့က မြေတော် ကျွန်းပေါ်ကနေကြည့်ရင် အလွန်လှတာပေါ့။ ဟိုးရှေ့က လက်ဝဲဘက်



www.burmeseclassic.com

www.burmeseclassic.com



ကို ပတ်စီးနေတာက ပါချန်မြစ်။ ယိုးဒယားမြန်မာ နယ်ခြားမြစ်ပေါ့"

"အစ်ကို ... မြွေတော်ကျွန်းဘုရားကို ဖူးချင်တယ်။ သွားလို့ရသလား"

"ရတာပေါ့။ စက်လှေငှားပြီး သွားဖူးရမှာ။ နေ့လယ်စာလည်း မစားရသေးဘူး၊ အချိန်ကုန်မယ်။ ညနေ အပြန်နောက်ကျမှာစိုးရတယ်"

"အစ်ကိုနဲ့လာတာပဲ၊ အဖေတို့၊ အမေတို့ စိတ်ချပါတယ်။ ဟိုဘဝက ညီမတို့ မြိတ်နဲ့ကော့သောင်းကို ဘုရားဖူးလာကြတာ။ အမေရဲ့ညီမက မြိတ်ကမ်းနားလမ်းမှာနေတယ်။ အဲဒါ ညီမတို့ဆီအလည်လာရင်း ညီမပူဆာလို့ အမေက ထည့်လိုက်တာ။ အဲဒါစက်လှေမှာက်ပြီး ဆုံးကြတာ။ မြွေတော်ကျွန်းဘုရားဟာ ညီမအိပ်မက်ထဲမှာ အမြဲမက်နေခဲ့တဲ့ ဘုရားဖြစ်မယ်ထင်တယ် အစ်ကို။ ဒါကြောင့် ညီမ သွားဖူးချင်တာပါ"

"ကဲ ... ဒါဆိုရင်လည်း အစ်ကိုတို့စားနေကျ ဘုရားခြေတော်ရင်းက ဦးကျော်ဆိုင်မှာပဲ နေ့လယ်စာ စားကြတာပေါ့"

"ဟုတ်ကဲ့ အစ်ကို"

ကျွန်ုပ်တို့ ဘုရားပေါ်မှ ပြန်ဆင်းခဲ့ကြသည်။ ဦးကျော်ဆိုင်ရောက်တော့ ကျွန်ုပ်က ...

"ညီမ ... ဘာစားမှာလဲ။ ဒီမှာ တရုတ်စာ၊ ယိုးဒယားအစာ အစုံရတယ်"

"ညီမက မြိတ်ကတ်ကြေးကိုက် စားချင်တာ။ ကြက်သားနဲ့ နော်"

"ကဲ ... ဦးကျော်ရေ မြိတ်ကတ်ကြေးကိုက် ကြက်သားနဲ့ နှစ်ပွဲပေးပါ"





"ဆရာ ပုစွန်၊ ဂဏန်းနဲ့ မဟုတ်ဘူးလား။ ဆင်းဂါးဘီယာရော ယူဦးမလား"

"ညည်သည်ပါတယ်ဗျာ၊ သူ့အကြိုက်လုပ်ပေးပါ။ ဘုရားဖူးလာတာဆိုတော့ ဘီယာလည်း မသောက်တော့ပါဘူး။ Cocacola ပဲပေးပါနော်"

"ဟုတ်ကဲ့ဆရာ"

ဦးကျော်ဆိုင်မှာ ကျွန်ုပ်တို့ ကော့သောင်းဆင်းတိုင်း စားသောက်နေ့နေကျဖြစ်သည်။ ပင်လယ်စာဖြင့်လုပ်သော မြိတ်ကတ်ကြေးကိုက်ကို ယခုတော့ ကြက်သားဖြင့် စားရပေဦးမည်။ မြနန်းနွယ်က ကျွန်ုပ်ကို မျက်နှာကိုကြည့်ပြီး သဘောကျစွာရယ်မောနေသည်။

"ခစ် ... ခစ် ... ခစ် ... အစ်ကို ညီမမှာတာကို သဘောကျနေတာ မဟုတ်လား။ ပုစွန်၊ ဂဏန်း၊ ကင်းမွန်တွေက၊ ညီမတို့ချန်းဖန်းရွာမှာ ရှိနေပြီ။ ဒါကြောင့် ကြက်သားနဲ့မှာတာ"

"ကြက်သားက ဒီမှာတရုတ်ဆိုင်ဆိုတော့ လည်လိုးမှာမဟုတ်ဘူး။ အဲဒါ ညီမအတွက် အစ်ကိုတွေးနေတာ"

"ရပါတယ်၊ ညီမက အပြင်ထွက်ရင် အကုန်စားတယ်။ အိမ်မှာသာ မစားတာပါ"

ကျွန်ုပ်တို့နေ့လယ်စာစားနေစဉ် ဦးကျော်က လာစကားပြောသည်။

"ဆရာ ... ဆရာ့ကို တောင်နောက်က ကိုကျော်စိန်ဝင်းတို့ လာ,လာမေးတယ်။ နောက်ပြီး ဆရာနဲ့ ဟိုတစ်ခါဆုံခဲ့[illegible] အမျိုးသမီးလည်း လာမေးတယ်"

"ဩော် ... ဆိုင်ကယ် ကယ်ရီကိုကျော်စိန်ဝင်း မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆိုင်ကယ်ကို ဝယ်ချင်လို့လာမေးတာ ဖြစ်မယ်။ ဆိုင်ကယ်က ကျွန်တော်ပြည်မပြန်ခါနီးမှ ရောင်းလို့ဖြစ်မှာ။ ဟိုအမျိုးသမီးတာက ဆိုင်ကယ်ရှေ့ခြင်းထဲမှာ အရုပ်ကလေးထည့်စီးတဲ့ စကပ်နဲ့အမျိုးသမီးမဟုတ်လား။ သူနဲ့ ကျွန်တော်က ဒီဆိုင်မှာပဲ ဆုံဖူးတာ။ မိတ်ဆွေတွေ မဟုတ်ပါဘူး''

''မသိပါဘူး ဆရာရယ်။ ကျွန်တော်က ဟဲ ... ဟဲ ... ဆရာနဲ့များ ပတ်သက်နေသလားလို့''

ဦးကျော်နောက်လေပြီ။ မြန်နန်းနွယ် မြိတ်ကတ်ဖါ်ကြားကိုက်ကို ဆက်မစားတော့ဘဲ အချိုရည်သောက်နေသည်။ ကျွန်ုပ်လည်း လက်စသတ်ပြီး စားသောက်လိုက်သည်။ ကျွန်ုပ်ငွေရှင်းပြီး စားသောက်ဆိုင်ထဲကထွက်လာတော့ ဦးကျော်ကလက်မထောင်ပြီး ပြုံးပြသည်။ ကျွန်ုပ်ဆိုင်ကယ်အား မောင်းနှင်လာပြီး မနက်ကရပ်ခဲ့သည့် ဈေးရှေ့ပိတောက်ပင် အရိပ်အောက်တွင် ရပ်သည်။ ဝယ်ခြမ်းလာသည့်ပစ္စည်းများအား အနီးရှိဆေးဆိုင်တွင် ခေတ္တအပ်လိုက်သည်။ ရေဆင်းတံတားကို ဆင်းလာတော့ အကောက်ခွန်မှ ဦးမျိုးမြင့်တို့နှင့်တွေ့သည်။

''ကိုယ့်ဆရာ ... ဘယ်ကိုလဲ၊ ဟိုဘက်ကမ်းလား။ ဒီမှာ လက်မှတ်ယူသွားဦး''

''မဟုတ်ပေါင်ဗျာ၊ နဂါးရုံဘုရားသွားဖူးမလို့ပါ''

''လိုက်ပို့ရမလား။ ဒီမှာ U Boat အဆင်သင့်ရှိတယ်''

''တော်ပါဗျာ။ ခင်ဗျားတို့ U Boat က ပွဲထောင်ထက် ဈေးကြီးတယ်''

''ကိုယ့်ဆရာကလည်း တစ်ပွဲလောက်တောင် မသထာတော့ဘူးလား။ ဟောဟိုမှာ ခင်ဗျားဦးလေးစုံတွဲ လာနေပြီ၊ သူတို့လည်း





အန်တီကြီး ရန်ကုန်ကရောက်လို့ နဂါးရုံဘုရားဖူးကြမှာ။ အတူတူသွားကြတာပေါ့''

ဟုတ်ပါသည်။ ကျွန်ုပ်၏ ဦးလေးတော်စပ်သူ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဦးကိုကိုကြည်နှင့် သူ့ဇနီးဒေါ်ထွေးတင်တို့ ရောက်လာကြသည်။

''ငါ့တူ ဘယ်တုန်းက ရောက်သလဲ။ ဦးလေးအိမ်တောင်မဝင်ဘူး။ ဒီမှာမင်းအဒေါ်ရောက်နေလို့ နဂါးရုံဘုရားသွားဖူးမလို့''

''ကျွန်တော်အပြန်မှ ဝင်မလို့ပဲ ဦးလေး။ ဒီမှာ ဧည့်သည်ပါတယ်။ နဂါးရုံဘုရား သွားဖူးချင်တယ်ဆိုလို့ ဦးလေးတို့သွားမှာနဲ့ အဆင်ပြေလို့ စောင့်နေတာ''

''အေး ... အေး ... အတော်ပဲ၊ အတူသွားကြတာပေါ့။ ဒါနဲ့ ထားဝယ်က လုပ်ငန်းစစ်မစိန်က ဒိုင်ယာရီစာအုပ်နဲ့ စာတစ်စောင်ပို့ထားတယ်။ အပြန်ဝင်ယူသွားဦး''

''ဟုတ်ကဲ့ ဦးလေး''

ကျွန်ုပ်တို့အကောက်ခွန်မှ U Boat ကလေးဖြင့် ထွက်ခဲ့ကြသည်။ ကိုမျိုးမြင့်လည်းပါသဖြင့် မော်တော်ဘုတ်သမားက ကော့သောင်းကမ်းခြေကို ပတ်ပြသည်။ ကျွန်ုပ်အသင့်ပါလာသည့် ကင်မရာလေးဖြင့် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်သည်။ ဦးကျော်ဆိုင်ထဲမှ ထွက်လာကတည်းက စကားမပြောသော မြန်နန်းနွယ်ကို ကျွန်ုပ်ဓာတ်ပုံရိုက်တော့ မျက်စောင်းထိုး၍ နှုတ်ခမ်းစူပြသည်။ ကျွန်ုပ် မြန်နန်းနွယ်၏ ချစ်စရာကောင်းသော ဤပုံကလေးကို Close Up ဆွဲ၍ ရိုက်ယူထားလိုက်သည်။

ကျွန်ုပ်တို့ မြေတော်ကျွန်းပေါ်သို့ တက်ကြသည်။ ဦးလေး ဦးကိုကိုကြည်က သူ့ဇနီးဒေါ်ထွေးတင်၏ လက်ကိုဆွဲတင်သလို ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မြနန်းနွယ်၏လက်ကို ဆွဲတင်ရသည်။ ကမ်းစပ်မှဘုရားကုန်းတော်ပေါ်သို့ တက်ကြသည်။ ကျွန်ုပ်က မှတ်တမ်းပုံများ ရိုက်ပေးသည်။ ကော့သောင်းမြို့နောက်ခံထား၍ မြနန်းနွယ်အား အကျအန ဓာတ်ပုံတစ်ပုံ ရိုက်ပေးလိုက်သည်။ မြနန်းနွယ်မှာ မြွေတော်ကျွန်းဘုရားအား ဖူးရင်း အလွန်အံ့သြ ဝမ်းသာနေရှာသည်။

''အစ်ကို ... ဒီဘုရားကို ညီမအိပ်မက်ထဲမှာ အကြိမ်ကြိမ်ရောက်ဖူးတယ်။ ညီမတို့အမျိုးတွေ ဒီမှာရှိတယ်''

''ဟ ... ညီမရဲ့ ဒီဘုရားတောင်ကုန်းပေါ်မှ အိမ်မှမရှိတာ ဘယ်မှာနေကြတာလား။ မြွေတော်ကျွန်းဘုရားဆိုတော့ ညီမရဲ့ အမျိုးတွေက မြွေတွေလား''

ကျွန်ုပ်၏အမေးကြောင့် မြနန်းနွယ်မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ သူမ စိတ်ဆိုးသွားသည်။ ကျွန်ုပ်၏ နောက်ပြောင်ကျီစယ်မှု လွန်သွားဟန်တူသည်။

မြနန်းနွယ် ကျွန်ုပ်ကို စကားမပြောတော့ပါ။ ကျွန်ုပ် ဦးလေးဦးကိုကိုကြည်တို့အား ဓာတ်ပုံရိုက်ပေးနေစဉ် မြနန်းနွယ် တောင်အနောက်ဘက်ဆင်းသွားသည်။ ကျွန်ုပ် ဓာတ်ပုံရိုက်အပြီး လိုက်သွားတော့ လမုပင်အောက်ရှိ မိတ်ရပ်ရပ်ပွားတော်အနီးတွင် ဘုရားဝတ်ပြုရင်း မြနန်းနွယ်ငိုနေသည်။

''ညီမ ဘာဖြစ်တာလဲ။ အစ်ကို အစလွန်သွားလို့လား ဟင်''

သူမ ခေါင်းယမ်းပြသည်။ ကျွန်ုပ် အသင့်ပါလာသည့် Snow Towel လေးကိုဖွင့်ကာ တယုတယ မျက်ရည်သုတ်ပေးမိသည်။ သူမ ငြိမ်ခံနေသည်။ သို့သော် မျက်ရည်ကတော့ ကျဆဲပင်။

''ချစ်လို့စတာပါ ညီမရယ်၊ အစ်ကို့ကို စိတ်မဆိုးနဲ့နော်''





''အစ်ကို့ကြောင့် မဟုတ်ပါဘူး အစ်ကိုရယ်။ ညီမဘဝဟောင်းက မိဘတွေကို သတိရလွန်းလို့ပါ။ ညီမ ဗမာလူမျိုးပဲဖြစ်ရင် အလွန်ကောင်းမှာပဲနော်''

''အခုဘဝ မိဘတွေလည်း ဘာသာခြားဆိုပေမဲ့ ညီမကိုအလွန်ချစ်ကြတာပါ။ ညီမဘဝဟောင်းက မိဘတွေရှိတဲ့ ကွမ်းခြံကုန်းမြို့ကို ရောက်အောင် အစ်ကိုပြန်ရင်လိုက်ကြဖို့ ပြောနေတယ်မဟုတ်လား ညီမရယ်''

''လိုက်ပို့ရင်တော့ ကောင်းတာပေါ့ အစ်ကိုရယ်။ လိုက်မပို့ရင်တော့ ညီမသေမှာပဲ။ ဒီမှာနေရတာ မပျော်ဘူး''

''အေးပါကွယ်၊ ညီမစိတ်ချမ်းသာအောင် အစ်ကိုစီစဉ်ပေးမယ်။ ထတော့နော်။ ဦးလေးတို့ စောင့်နေကြပြီ။ သွားကြစို့''

ကျွန်ုပ်တို့အပြန်တွင် ဗိတိုရိယ ဟိုတယ်အဟောင်းကြီးတွင် ဦးလေးက ဘီယာတိုက်သည်။ အကောက်ခွန်မှ ဦးမျိုးမြင့်တို့အား ဆော်တော်ဘုတ်ခပေး ခြင်းဖြစ်သည်။ မိတ်ဆွေများနှင့်ကြ၍ ကျွန်ုပ် ဆင်းဂါးဘီယာတစ်လုံး သောက်ဖြစ်သည်။ မြနန်းနွယ်ကတော့ သူ့အကြိုက် ကိုကာကိုလာအချိုရည်ကို သောက်သည်။

စားသောက်နေကြစဉ် လမ်းကြုံသဖြင့် ဗိတိုရိယ ဟိုတယ်အဟောင်းကြီး အနောက်ဘက်ရှိ မြန်မာပြည်ပိုင်နက်တောင်ဖျားစွန်း ဗိတိုရိယအငူတွင် မြနန်းနွယ်အား ကျွန်ုပ် ဓာတ်ပုံအမှတ်တရ ရိုက်ပေးသည်။ ဗိတိုရိယအငူမှာ ဟိုတယ်ကြီးအနောက်ကပ်လျက် ကမ်းခြေကျောက်စွန်းပေါ်တွင် အင်္ဂတေဖြင့် အုတ်ခုံကလေးတစ်ခု အမှတ်တရ လုပ်ထားခြင်းသာဖြစ်သည်။ VICTORIA Point ဟု ရေးထိုးထားသည်။

အပြန်တွင် ဦးလေး ဦးကိုကိုကြည်တို့ အိမ်ဝင်၍ ဒိုင်ယာရီ တာအုပ်နှင့် စာတစ်စောင်ယူပြီး ပြန်ခဲ့ကြသည်။ အပြန်လမ်းတွင် မြနန်း



www.burmeseclassic.com

www.burmeseclassic.com



နွယ်က ကျွန်ုပ်ကို စကားမပြောပြန်။ စိတ်ကောက်နေဟန်တူသည်။

ချန်းဖန်းရွာ မြနန်းနွယ်တို့အိမ်ရောက်တော့ ဦးလှတင့်တို့အား နှုတ်ဆက်ပြီး ကျွန်ုပ်စခန်းသို့ ပြန်ခဲ့သည်။ နောက်တစ်နေ့မနက် (၉)နာရီခန့်တွင် မြနန်းနွယ်တစ်ဦးတည်း ကျွန်ုပ်၏ရုံးအိမ်ကြီးသို့ ရောက်လာပြီး အပေါ်ထပ်တက်၍ သစ်သီးများအား ဆွမ်းတော်ကပ်ရင်း တရားထိုင်နေသည်။ ပြီးမှ ကျွန်ုပ်နှင့်အတူ နေ့လယ်စာစားပြီး သူမအိမ်သို့ပြန်သွားသည်။

နောက်နှစ်ပတ်ကျော်ခန့်အကြာတွင် ကျွန်ုပ်အတွက် ကြေးနန်းစာတစ်စောင် ရောက်လာသည်။ ကွမ်းခြံကုန်းမြို့မှ ကျောင်းဆရာဦးခင်မောင်သန်း ရိုက်လိုက်ခြင်းဖြစ်သည်။ လကုန်တွင် ရောက်ရှိလာမည်။ တောင်ကြီးသဘောကြီးဖြင့် မြနန်းနွယ်၏ ဘဝဟောင်းက မိဘများနှင့်အတူ သူပါလိုက်ပါလာမည့်အကြောင်းနှင့် ကြိုဆိုရန်ဖြစ်ပေတော့သည်။ တော်တန်ရုံသံယောဇဉ်ဖြင့်တော့ ဝေးလွန်းလှသော ဤခရီးကို ဘဝဟောင်းကမိဘများကို လိုက်လာကြမည်မဟုတ်။ ဤသတင်းကို ကြားရသော မြနန်းနွယ်တစ်ယောက် မည်မျှဝမ်းသာပါမည်နည်း။ ဆက်လက်လှုပ်ရှားလာကြမည့် အတွေးပုံရိပ်များကိုမြင်ယောင်ရင်း ကျွန်ုပ်စိတ်လှုပ်ရှားကာ နေမိတော့သတည်း။



www.burmeseclassic.com

| ၁ |

'အဘွားညို'သည် အသက် (၇၀)ကျော်ပြီဖြစ်သော်လည်း တောင်ဝှေး တထောက်ထောက်ဖြင့် သွားနိုင်လာနိုင်သေးသည်။ သူ့တစ်ကိုယ်ရေစားဖို့အတွက် တောင်ခြေတောစပ်တွင် ဟင်းသီးဟင်းရွက် ရှာဖွေနိုင်သေးသည်။ မျှစ်၊ သင်းချပ်ဥ၊ ကဒတ်ရိုး၊ ဆူးပုပ်ရွက်၊ လက်ပံပွင့်၊ သခွတ်ပွင့်၊ ပုတာတ်စာ စသည့် တောဟင်း၊ တောကျွေးတို့ကိုသာ အဘွားညိုအမြဲစားသည်။ သို့သော် သူ့ခွေးကြီး 'နက်ကျော်' စားရန် အတွက်ကား ရွာဈေးသို့သွား၍ သားစိမ်းငါးစိမ်း အမြဲဝယ်ရလေသည်။





အဘွားညိုမှီ ရွာထဲသို့ဝင်လာပြီဆိုလျှင် လမ်းပေါ်ရောက်နေသည့် ကလေးတွေက ခြံထဲသို့ဝင်ပြေးကြသည်။ အိမ်ပေါ်မှာရှိနေသည့် ကလေးတွေက မိခင်တို့၏ရင်ခွင်ထဲ အတင်းဖွတ်တိုးဝင်ကြ၏။ အဘွားညိုကို ကြောက်ကြသည်။

ကြည့် . . .။ အဘွားညို၏အသွင်အပြင်ကလည်း ကြောက်မည်ဆို ကြောက်ချင်စရာကောင်းသည်။ ပိန်ရှုံ့ရှုံ့မျက်နှာပြင်ပေါ်မှ အရေပြားတွေက လျော့ရဲတွဲကျလျက်။ ပါးရေအတွန့်အလိပ်တွေက အမြောင်းအမြောင်း။ အပေါ်နှုတ်ခမ်းသည် အထက်သို့လန်နေပြီး ရှေ့သွား နီကြင်ကြင်ကြီးနှစ်ချောင်းကို လှစ်ပြနေသလိုရှိသည်။ ဖြောင်းဖွေးမွေးရောင်ဆံပင်များသည် ခေါင်းပေါ်တွင် တစ်အုံတစ်မကြီး ဖွာလန်ကျဲလျက်ရှိ၏။ အဘွားညို၏ ပိန်ကပ်ကပ်ကိုယ်ပေါ်တွင် ဝတ်ထားသည့် အဝတ်တွေက ကြေးအထပ်ထပ်ဖြင့် နံစော်နေသည်။ အဘွားညို ရွာလမ်းအတိုင်း တောင်ဝှေးတစ်ထောက်ထောက်ဖြင့် လျှောက်လာပြီဆိုလျှင် နောက်ကခွေးကြီးနက်ကျော်သည် တတန်းတန်း ပါလာစမြဲဖြစ်လေသည်။

"စုန်းမကြီးတော့"

"မဟုတ်ရှာပါဘူးဟယ် . . . သူ့ခမျာ သားအတွက် စိတ်ကယောက်ကယက် ဖြစ်သွားရရှာတာ"

"ညည်း ဘာသိလို့လဲ။ ညကျရင် တစ်ညလုံး မအိပ်ဘဲနဲ့ သူ့တဲခြံထဲမှာလမ်းလျှောက်ပြီး ဘာတွေမှန်းလည်းမသိဘူး၊ တတွတ်တွတ်ရွတ်နေတော့တာတဲ့"

"ဘုရားရှိခိုးတွေ၊ အန္တရာယ်ကင်းပရိတ်တွေ ရွတ်တာနေမှာပေါ့အေ။ သူက ထစ်ယောက်တည်းနေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ ဘုရားရှိခိုးတွေ၊ အန္တရာယ်ကင်းပရိတ်တွေ ဟုတ်ရမှာလဲ။ စုန်းမတွေရွတ်တဲ့ ဂါထာတွေမန္တန်တွေတဲ့တော့"

"ညည်းကို ဘယ်သူပြောလဲ"

"ဒီလိုပဲ ရွာထဲမှာ ပြောနေကြတာပဲလေ"

အဘွားညိုနောက်ကွယ်တွင် တီးတိုးပြောနေကြသံများ ဖြစ်သည်။

အဘွားညို၏ ရုပ်အသွင်အပြင်၊ အပြုအမူနှင့် အနေအထိုင်တို့က တစ်စတစ်စ လူတွေသံသယဝင်စရာ ဖြစ်လာနေသည်။ တချို့က အဘွားကြီး စိတ်ဖောက်ပြန်သွားတာဟု ဆိုကြသည်။ အချို့ကမူ နဂိုကတည်းက စုန်းမကြီးပါဟု ယိုးစွပ်ကြ၏။

လူအများစုက အဘွားညိုကို ကရုဏာမျက်လုံးများဖြင့် ကြည့်ကြသည်။ လွန်ခဲ့သည့်ငါးနှစ်ကျော်က အဘွားညို၏ တစ်ဦးတည်းသောသား 'မင်းညို' လူသတ်ခံလိုက်ရသည်။ လယ်နီးချင်း 'ဘထွန်း' ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့သည်။ ဥပဒေကြောင်းအရ မည်သို့ဖြစ်သည်မသိ။ ဘထွန်းမှာ 'လူသေမှု' ဖြင့်သာစွဲချက်တင်ခံရသည်။ ထောင် (၇)နှစ် ကျသွားသည်။

မင်းညိုမရှိတော့ ရွာလူကြီးနှင့်တကွ ရွာထဲမှ သံယောဇဉ်ရှိသူ အချို့က အဘွားညိုကိုရွာမှာ ပြောင်းနေဖို့သွားပြောသည်။ နေစရာ မြေကွက်ပေးမည်။ တဲဆောက်ပေးမည်ဆိုသည့်တိုင် အဘွားညိုလက်မခံ။

"ငါ့သားနဲ့ အတူနေခဲ့တဲ့ ဟောဒီတဲက ငါဘယ်ကိုမှ မသွားဘူး။ ငါ့မှာ ဟောဒီခွေးကြီးနက်ကျော် အဖော်ရှိပါတယ်ကွယ်။ မစိုးရိမ်ကြပါနဲ့"





ဤမျှသာ စကားပြန်သည်။ နောက်ထပ်ဘာကိုမှ ပြောရ၍မရတော့။ စကားလည်းပြန်မပြောတော့ဘဲ ခေါင်းခါ၍သာ နေသည်။ ယခု အဘွားညိုလယ်တဲကလေးတွင် တစ်ဦးတည်းနေခဲ့သည်မှာ ငါးနှစ်ကျော်ပြီ။

အဘွားညိုသည် တောင်ဝှေးတထောက်ထောက်ဖြင့် ရွာလယ်လမ်းဆုံ ဈေးတန်းကလေးဆီသို့ တရွေ့ရွေ့ လျှောက်လာခဲ့၏။

"အဘွားညို ... ကြက်အသည်းအမြစ်အူနဲ့ခေါင်းတွေ ဝယ်ဦးလေ။ ချိန်ခွင်ကို ဟောဒီလို ဖောက်ထိုးကြီးချိန်ပေးလိုက်မယ်"

"အဘွားညိုရေ ... ဒီကိုလာလေ။ သင်းခွေချပ်သားရမယ်။ ဝမ်းတွင်းသားအစုံရှိတယ်"

ခတ်သိဖြစ်နေသော ဈေးသည်များက အဘွားညိုကို လှမ်းခေါ်နေကြသည်။ အဘွားညိုသည် သူ့ခွေးကြီးနက်ကျော်အတွက် အူစုံ အသည်းစုံ ဝမ်းတွင်းသားကိုသာ အမြဲဝယ်လေ့ရှိသည်။ အသားကောင်းစစ်စစ်ကိုကား တစ်ခါတစ်ရံမှသာ အနည်းအပါးထည့်ဝယ်သည်။

"အေးဟဲ့ ... ငါ့ကောင်ကြီးကို တစ်ခါတလေလည်း အပြောင်းအလဲ ကျွေးပေးဦးမှ။ ဟိုအသားတွေက စားရလွန်းလို့ ငြီးငွေ့နေလောက်ပြီ"

ဆိုကာ သင်းခွေချပ်အသားနှင့် အူအသည်းအမြစ်စုံ ငါးဆယ်သားဝယ်သည်။

ဈေးသည်က အင်ဖက်ဖြင့်ထုပ်ပြီး သင်အူလျှော်ဖြင့် ဂရုတစိုက်ချည်ပေးသည်။ အဘွားညိုသည် အသားထုပ်ကို လက်တစ်ဖက်ဖြင့် ဆွဲကာ ပြန်လာခဲ့၏။ ခွေးကြီးနက်ကျော်မှာ နောက်မှအူမြူးလျက် လိုက်ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားညိုသည် ကန်သင်းရိုးအတိုင်းလျှောက်လာရင်း ရှိသည့် သိမ်းနေသော လယ်ကွင်းတစ်ခွင်တစ်ပြင်ကို ငေးကြည့်လိုက်မိသည်။ ယခုတော့ . . . သည်လယ်ကိုထက်ဝက်စားဖြင့် သူတစ်ပါးလက်သို့ အပ်ထားရသည်။ အိုမင်းမစွမ်းတော့ပြီမို့ အဘွားညိုလယ်အလုပ်နှင့်အားမျှ မလုပ်နိုင်။ လယ်လုပ်သူက ပေးသမျှ နည်းသည်များသည် မပြောသာ လက်ခံလိုက်ရသည်သာ ဖြစ်၏။

အဘွားညို၏လယ်နှင့် စပ်လျက်က ဘထွန်း၏လယ်။

ဘထွန်းထောင်ကျနေသော်လည်း သူမိန်းမကဦးစီးပြီး လယ်ထွန်သားငှားကာ ဆက်လုပ်နေသည်။ ဘထွန်းမိန်းမနှင့် သားသမီးများသည် လယ်တဲမှာပင် နေ့နေကြသည်။ လေအဝှေ့တွင် လှိုင်းလိုတွန့်နေသည့် ကောက်ပင်များအကြား၌ သူတို့၏လယ်တဲကုပ်ကုပ်ကို လှမ်းမြင်ရသည်။

ဘထွန်းထောင်ကျသွားတာ ငါးနှစ်ကျော်ပြီဆိုတော့ လွတ်ရက်နီးပြီ။ ထောင်ထဲမှာ လျှော့ရက်ရသည်ဟု အဘွားညိုကြားဖူးသည်။ သူမကြာမီ ပြန်ရောက်လာပေတော့မည်။ သားလေးမင်းညိုကား ပြန်မလာနိုင်တော့။ ဘယ်သောအခါမျှလည်း ပြန်လာမည်မဟုတ်တော့။

"အင်း . . . ဘထွန်း . . . ဘထွန်း"

[ ၂ ]

❑

တကယ်တော့ ဘထွန်းနှင့်မင်းညိုတို့သည် တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ကြသော ငယ်သူငယ်ချင်းတွေဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းမှာ စထားတော့လည်း အတူတူ။ ဘုန်းကြီးရိုက်တော့လည်းအတူတူ အလျားမှောက်၍ခံခဲ့ကြသူတွေဖြစ်၏။ ကိုရင်လေးတွေဖြစ်သွားကြတော့လည်း အတွဲမပျက်။

ကိုရင်လူထွက် ငါးပိချက်တွေ ဖြစ်လာကြသောအခါ အဖေတွေ နောက်ကလိုက်ပြီး လယ်အလုပ်ကူနိုင်ကြပြီ။ သည်အခါတွင်လည်း သူတို့နှစ်ယောက် တပူးတွဲတွဲ။ လယ်ချင်းကစပ်နေသည်ကိုး။ လယ်ကြား ငါးတွေဖမ်းလိုက်၊ ခရုကောက်လိုက်၊ ဖားရိုက်လိုက်၊ မြက်ကြားမှိုရှာလိုက်နှင့် သူတို့ဘဝသူတို့ပျော်အောင် ဖန်တီးနေခဲ့ကြ၏။

www.burmeseclassic.com



သည့်လိုနှင့် ကာလသားအရွယ် ရောက်လာကြသည်။ ထွေလီကာလီစိတ်ကလေးတွေ ဝင်လာတတ်သည့် အရွယ်ပင်ဖြစ်သည်။ သည်မှာ မင်းညိုနှင့်ဘထွန်း စိတ်ကသိကအောက်ဖြစ်စရာ ကြုံတွေ့လာရသည်။ တစ်ဦးတည်းသော မိန်းကလေးအပေါ် နှစ်ယောက်အပြိုင် မေတ္တာထားမိကြခြင်း ဖြစ်လေသည်။

အဘွားညိုတို့ မိဘများအနေနှင့်ကတော့ ရပ်သတင်း ရွာသတင်း ကြားကြခြင်းသာဖြစ်သည်။ သူတို့လူငယ်တွေအရေး အလေးအနက်လည်းထားမနေခဲ့။ နောက်တော့ သူတို့၏မေတ္တာလွန်ပွဲတွင် ဘထွန်းက အရေးသာသွားသည်ဟူသော သတင်းကို ကြားလိုက်ရသည်။

သို့သော် . . . ဘထွန်းနှင့်မင်းညိုတို့ကား ရေးကနယ်ပင် အခင်အမင်မပျက်ကြ။ အခေါ်အငင် အဝင်အထွက်ရှိမြဲရှိသည်။ သူတို့၏ခင်မင်မှုမှာ ဘထွန်း၏လက်ချက်ဖြင့် မင်းညိုကွယ်လွန်ချိန်တွင်မှ အဆုံးသတ်လေတော့သည်။

ထိုနေ့ကအဖြစ်ကို အဘွားညိုမမေ့သေး။ မေ့လည်း မေ့မပစ်နိုင်သေး။

မိုးဦးကျတော့မည်။

တောင်လေတသုန်သုန် သွေးလာနေပြီ။ ကောင်းကင်တွင် မိုးရိပ်မိုးသားတွေ ခလောက်ဆန်စပြုပြီ။ ငှက်တွေ အသိုက်လုပ်ကြသည့်နယ် လယ်သမားတို့လည်း လယ်တဲများကို မိုးကြကာကြ၊ ခြစည်းရိုးတွေပြုပြင်ကြ၊ လယ်ကန်သင်းတွေဖို့ကြဖြင့် အလုပ်ရှုပ်ကြသည့်ကာလတည်း။

မင်းညိုတဲရှေ့တွင်ရပ်လျက် လှမ်းကြည့်လိုက်တော့ ဘထွန်းနှင့်လူငယ်သုံးလေးယောက်တို့ နေပူကျဲကျဲအောက်၌ အလုပ်ရှုပ်နေသည်ကို မြင်ရသည်။ တဲပြင်နေသည်ပဲဖြစ်သည်။





သူတို့သားအမိနေကြသည့် တဲကလေးကား ပြင်ဆင်ပြီးသွားပြီ။

မင်းညိုက သူ့တဲကို ဘထွန်းလို လယ်ကွင်းထဲတွင်မဆောက်။ သူ့လယ်အဆုံး မြက်ကုန်းကလေးပေါ်တွင် ဆောက်သည်။ မိုးတွင်းကာလတွင် အမေအိုကြီး ကန်သင်းပေါ်မှချော်ကျပြီး ရေထဲ၌ထဲနစ်နေမှာ စိုးရိမ်သောကြောင့် ဖြစ်သည်။ ရွာကိုသွားလျှင် တစ်ကွေ့တစ်ပတ်ကြီး လျှောက်နေရသည်။ ခရီးက နည်းနည်းလှမ်းသည်။ ယခုလို နွေရာသီမှာတော့ ကွင်းထဲက ဖြတ်သွားရုံပင်။ ခြေချော်ကျလည်း နာရုံကျင်ရုံပင်ဖြစ်မည်။ မိုးတွင်းကျတော့ ပက်လက်လဲပြီး ပြန်မထနိုင်လျှင် အသက်ဆုံးရှုံးနိုင်သည်။ မင်းညိုသည် အမေ့အတွက် အစိုးရိမ်ကြီးတတ်သူဖြစ်လေသည်။

"အမေ . . . ကျွန်တော် ဘထွန်းကို သွားကူလိုက်ဦးမယ်"

ဟုဆိုကာ မင်းညိုသည် ဓားမကိုကောက်၍ ခါးမှာထိုးသည်။ အလုပ်ကူမည်ဆိုလျှင် ဓားမတိုလေးလောက်တော့ ဆောင်သွားရသည်။ နှီးဖြာသင့် လျှင်ဖြာ၊ ဝါးခွဲသင့်ခွဲ၊ ခြတိုင်ချွန်ရမည်ဆိုလည်း အသင့်။

"အေး . . . သွားဟာတော့ သွားပေါ့။ ဒါပေမဲ့ သား . . . မောင်မင်းညို၊ သူတို့တွေသောက်ဝိုင်းထဲ ဝင်မပါနဲ့နော် . . . ငါ့သား"

"အာ . . . အမေကလဲ၊ ကျွန်တော်ဘယ်တုန်းက သောက်ခဲ့ဖူးလို့လဲ အမေရယ်"

ဟုတ်သည်။ မင်းညိုသည် အကျင့်စာရိတ္တအံ့ရာမှာတော့ သွားလေသူ သူ့အဖေ၏ခြေရာကို နင်းသည်။ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းပင်မဝါး။ ထမင်းစားပြီးလျှင် ပါးစပ်ချဉ်လို့ဆိုကာ ပါးစောင်ထဲ ထန်းလျက်ခဲလေးထည့် ငုံထားတတ်သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ အမေ၊ အမေ ထမင်းစားထားနှင့်။ ကျွန်တော့်ကို စောင့်မနေနဲ့နော်အမေ"

ဟု နှုတ်ဆက်သွားလိုက်သည်မှာ နောက်ဆုံးနှုတ်ဆက်ခြင်းဟု အဘွားညို ဘယ်လိုသိနိုင်ပါမည်နည်း။

နံနက်စာစားအပြီး တဲရှေ့အရိပ်ရသည့် ပဲစင်ကလေးအောက်ရှိ ကွပ်ပျစ်ပေါ်တွင် ငိုက်မေ့ကလေး မေ့နေခိုက်၊ နက်ကျော် ရှူးရှူးဝါးဝါး ဟောင်သံကြောင့် လန့်နိုးလာသည်။ ခြံတံခါးဝတွင် လူငယ်တစ်ယောက်။

"အဘွားညို ... အဘွားညို ... မင်းညိုကို ခြံတိုင်ထိုးမိလို့"

"ဟေ ..."

အဘွားညိုခေါင်းထဲတွင် ရှိန်ခနဲ ပူသွားသည်။

"တော်တော်များသလား။ ခု ဘယ်မှာလဲ"

"များသလားတော့မသိဘူး။ ဘထွန်းတဲရှေ့မှာ လဲနေတယ်"

"နို ... ဘထွန်းမရှိဘူးလား"

"ဘထွန်းပစ်လိုက်တဲ့ ခြံတိုင်အချွန်က မင်းညိုရင်ဘတ်ကို စူးသွားတာပါ။ ဘထွန်း သူကြီးအိမ်ကိုသွားနေတယ် အဘွားညို"

အဘွားညိုရောက်သွားသောအခါ မင်းညို အသက်မရှိတော့ပေ။

မင်းညိုက ဘထွန်းမိန်းမ အေးတင်ထံတွင် ရေတစ်ခွက်တောင်းသောက်နေစဉ် ခြံစည်းရိုးတိုင်စိုက်ရန် ချွန်ထားသော သစ်သားခြံတိုင်ကို ဘထွန်းလှမ်းပစ်လိုက်ရာ မင်းညိုရင်ညွန့်တည့်တည့် စူးဝင်သွားသည်ဟု လူငယ်တစ်ယောက်က ပြောပြသည်။

သို့သော် ရွာထဲက ပါးစပ်သတင်းမှာ တစ်မျိုးဖြစ်၏။ မင်းညို





သူ့အိမ်သို့ အဝင်အထွက်ရှိသည်ကို ဘထွန်းမကြိုက်။ သူ့မိန်းမနှင့်မင်းညို ဆက်ဆံပုံကို သင်္ကာမကင်းဖြစ်နေသည်မှာ ကြာခဲ့ပြီဟုဆိုသည်။ ထိုနေ့က မင်းညိုရင်ဘတ်ခြံတိုင်စူးခြင်းမှာ မတော်တဆ ဖြစ်သည်မဟုတ်။ တမင်ပစ်ထိုးလိုက်ခြင်းဖြစ်သည်ဟု ပြောနေကြသည်ကို အဘွားညိုကြားရ၏။

ဘထွန်းကို လူသေလောက်အောင်အထိ မဆင်မခြင် ပြုလုပ်မှုဖြင့် ထောင်ဒဏ် (၇)နှစ် အပြစ်ပေးလိုက်သည်။ ယခုကား လွတ်ရက်နီးပြီ။ မကြာမီ ဘထွန်းသည် သူ့အိမ်သူ့ရာသို့ ပြန်ရောက်လာပေတော့မည်။ အဘွားညို၏သား မင်းညိုကား ပြန်လမ်းမရှိတော့။

"ဟင်း ..."

အဘွားညိုသည် သက်ပြင်းရှည်တစ်ချက်ကို လေးလေးတွဲ့တွဲ့ကြီး ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

အဘွားညိုသည် သင်းခွေချပ်အသားနှင့် အသည်းအမြစ်အချို့ကို စဉ်းတီတုံးပေါ်တင်ကာ အတုံးကလေးများဖြစ်အောင် လှီးဖြတ်နေသည်။ ခွေးကြီးနက်ကျော်မှာ အမြီးတနှံ့နှံ့၊ နှာခေါင်းတရှုပ်ရှုပ်ဖြင့် အစာငမ်းလျက်ရှိသည်။ လှီးအပ်သလောက်လှီးဖြတ်ပြီးသောအခါ ဈေးသည်ထုပ်ပေးလိုက်သော အင်ဖက်ပေါ်တွင်ပင်တင်၍ နက်ကျော်အား ချကျွေးသည်။ နက်ကျော် အငမ်းမရတိုးဝင်ကာ အမြီးတနှံ့နှံ့ဖြင့် စားသည်။





အဘွားညိုက ကျန်နေသေးသော အူနှင့်ဝမ်းတွင်းသားအချို့ကို မြေအိုးတစ်လုံးတွင် ရေအနည်းငယ်ထည့်၍ မီးဖိုပေါ်တွင် ပြုတ်ထားလိုက်၏။ နက်ကျော်ကြီး၏ ညနေစာအတွက်ဖြစ်လေသည်။

အဘွားညိုအတွက်ကား ထွေထွေထူးထူး ချက်ပြုတ်နေစရာ မလိုတော့။ ဟင်းကား . . . ပဲသီး။ ခြံထဲမှာ ပဲသီးတွေ သီးနေလိုက်တာ နိုင်လိုတန်းလန်းဟု ဆိုရမလောက်ပင်။ ခြံစည်းရိုးတစ်လျှောက်မှာရော အိမ်ရှေ့အိမ်နောက် ပဲစင်တွေပေါ်မှာပါ ခူး၍မကုန်နိုင်။ သည်မျှသာမက ခြံထဲမှာ ရုံးပတီ၊ ချဉ်ပေါင်နှင့် ဥကာန်စွန်းပင်တွေ စိုက်ထားလိုက်သည်မှာလည်း စိမ်းမှောင်၍နေသည်။

အဘွားညို၏တဲကို အဝေးမှလှမ်းကြည့်လျှင် ချုံပုတ်ကြီးတစ်ခုလိုမြင်ရ၏။ တဲရှေ့နှင့်တဲနောက်တွင် စင်ထိုးပေးထားသေးသည်။ စင်ပေါ်မှာလည်း ပဲနွယ်တွေကုပ်တွယ်ပြန့်ပွားကာ အမိုးမိုးထားသလို ဖြစ်နေပြန်၏။ ရာသီအလိုက် စားပင်သောက်ပင်များကိုလည်း အဘွားညိုက ခြံအနှံ့စိုက်ပျိုးထားသည်။ အမှတ်မဲ့ကြည့်လျှင် အဘွားညို၏တဲမှာ ရှိနေသောတဲနှင့်ပင်မတူ။ ချုံစီးနေသောတောင်ပို့ကြီးနှင့် တူလေသည်။

သည်တဲမှာ ခွေးနက်ကြီးတစ်ကောင်ကို အဖော်လုပ်ကာ တစ်ယောက်တည်းနေသော အဘွားညိုအား ရွာထဲမှ လူအချို့က သံသယမျက်လုံးများဖြင့် ကြည့်ကြသည်။ အချို့ကတော့ အဘွားညို ရွာဈေးသို့လာသည့်အခါ နှုတ်ဆက်သလိုလိုနှင့် စပ်စုကြ၏။

"အဘွားညို . . . ချုံစီးနေတဲ့တဲမှာ တစ်ယောက်တည်းနေတာ ကြောက်ဘူးလား"

"ဘာကိုကြောက်ရမှာလဲဟဲ့"

"မြွေတို့ ဘာတို့ပေါ့ အဘွားညိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြွေလား ... ငါ့ကောင်ကြီး နက်ကျော်စားဖို့တောင်
လောက်"

"လူဆိုးဓားပြတွေလာရင် ဘယ့်နှယ်လုပ်ပါ့မယ်"

"လာစမ်းပါစေဟယ်။ ငါ့ကောင်ကြီးနက်ကျော်က ဓားပြ
ယောက်လောက်ကို လည်ချောင်းသွေးဖောက်သောက်ပြပါလိမ့်မယ် ...
ဟင်း ... ဟင်း"

အဘွားညိုသည် သူ့ခွေးကြီးနက်ကျော်ကို အလွန်အား
သည်။ နက်ကျော်သည် အရပ်အမောင်းရောဒါက်ပါ သာမန်နွားပေါ
က လေးတစ်ကောင်ထက် ပို၍သန်မာထွားကျိုင်းသည်။ ညဘက်
တွင် တစ်ညလုံးမအိပ်ဘဲ တဲခြံအတွင်း တစ်ပတ်ပြီးတစ်ပတ် လှည့်
တတ်သည်။ တစ်ခါတစ်ခါ ခြံဝင်းတံခါးဝါးထရံ အကွက်ကျဲကျဲ အပေါ
တွေက အပြင်ကိုလှမ်းကြည့်ပြီး ဆွဲဆွဲငင်ငင် အူနေတတ်သည်။
ဆိတ်မှောင်မိုက်သောညတွင် နက်ကျော်၏အူသံကြီးမှာ အသည်းထိ
စရာကောင်းလှ၏။ အကြိမ်ကြိမ်ဆက်ကာဆက်ကာ အူနေပြန်သောအ
ဝမ်းနည်းကြေကွဲစရာလိုလို ဖြစ်လာလေသည်။ ထိုအခါ အဘွားညို

"နက်ကျော် ... မင်းရဲ့သခင်ကို လွမ်းနေပြီမဟုတ်လား
မျှော်မနေပါနဲ့တော့ နက်ကျော်ရယ်။ သူမလာတော့ပါဘူး သားရယ်

ဟု ဖြေသိမ့်စကားဆိုရင်း ရင်ဆို့လာကာ စကားတစ်ခွန်း
မထွက်နိုင်တော့။ မျက်ရည်တွေသာ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်း
လာခဲ့လေသည်။

"နက်ကျော်ရယ် ... မင်းရဲ့သခင်မင်းညိုလေ ပြန်မလာတော့
ဘူးကွယ့်။ အမေ့သားကြီး ပြန်မလာနိုင်တော့ပါဘူးကွယ်။ ဟင်း ...
လုပ်ရက်တယ်ဘထွန်းရယ်။ မင်း ... မင်း ... ရက်ရက်စက်စ





သားကို သတ်ပစ်လိုက်တာ။ ငါ ... ငါ ... ခွင့်မလွှတ်ဘူး"

အရေးအကြောင်းတွေ ရှုံ့တွနေသည့် ပါးပြင်ပေါ်သို့ မျက်ရည်
ကိုသွန်ချရင်းက အဘွားညို တတွတ်တွတ်ပြောနေသည်။ နေကျဲကျဲ
အောက်က ဘထွန်းဆိုတဲ့ရှေ့ မြေပြောင်ပြောင်တွင်၊ ရင်ဘတ်ကပွင့်
ထွက်လာသည့် သွေးအိုင်ထဲ ပက်လက်ကလေးလဲကျနေသည့် သားကို
လည်မြင်ယောင်လျက်ရှိ၏။

ထိုနေ့က သူကြီးနှင့်အတူ ပြန်ရောက်လာသော ဘထွန်းသည်
ဘွားညိုရှေ့တွင် ဒူးတုပ်ရှိခိုးလျက်။

"မတော်တဆ ဖြစ်သွားတာပါ ... အရီးညိုရယ်။ ဘယ်သူမှ
ဘူးထင်ပြီး ချိန်ထားတဲ့ခြံတိုင်ကို နောက်ပြန်ပစ်လိုက်မိတာပါ။
နော့်သူငယ်ချင်းအတွက် ဒီတစ်သက် ကျွန်တော် စိတ်ချမ်းသာ
တော့မှာမဟုတ်ဘူး အရီးညို။ ကျွန်တော့်ကို တရားရုံးမှာ သေဒဏ်
လိုက်ရင်လည်း အေးရောပဲ။ ကျွန်တော် ခု ရဲဌာနမှာသွားပြီး အဖမ်း
တော့မယ်။ အရီးညိုကို ကန်တော့ခဲ့ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်
အရီးညိုရယ်"

ဘထွန်းသည် မျက်ရည်တွေပေါက်ပေါက်ကျကာ တတွတ်တွတ်
ကင်းပန်နေခဲ့၏။

သူ့အမှုက လူသတ်မှုမမြောက်ဘဲ မဆင်မခြင်ပြုမှုခြင်းကြောင့်
ရသော လူသေမှုတဲ့။

သို့သော် ...

"မတော်တဆ ဖြစ်သွားတာမဟုတ်ဘူး အဘွားညို။ ဘထွန်း
တာ မင်းညိုကိုသတ်ချင်လို့ အကွက်ချောင်းနေတာကြာပြီ။ သူက သူ့
မနဲ့မင်းညို သူ့ကွယ်ရာမှာ ဖောက်ပြန်နေတယ်လို့ စွပ်စွဲလမ်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကို သံသယဝင်နေတာ။ ကျွန်တော်တို့ မင်းညီကို သတိပေးခဲ့ပါတယ်တာယ် အဘွားညိုရယ်။ ဒါပေမဲ့ အဘွားညိုသားက သိပ်ရှိုးတယ်။ ဘထွန်းကိုလည်း တကယ်ခင်တဲ့ကောင်။ ခုတော့ . . . ဘထွန်းလက်ချက်နဲ့ ပိုးစိုးပက်စက်ဖြစ်ရပြီ။ အဲဒီနေ့က ဘထွန်းဟာ မတော်တဆပစ်မိသလိုလိုနဲ့ တမင်ပစ်ထိုးလိုက်တာ ကျွန်တော် ကောင်းကောင်းသိတာပေါ့ အဘွားညိုရယ်''

ဘထွန်း၏ လယ်သူရင်းငှားကလေး မောင်စိုးက အဘွားညိုအား တိုးတိုးတိတ်တိတ် ကျိတ်၍ ပြောထားခဲ့လေသည်။ မတော်တဆဖြစ်သွားတာမဟုတ်။ တမင်တကာ လုပ်ကြံသတ်ဖြတ်ခြင်းအတွက် အဘွားညို ဘယ်လိုမျှခွင့်မလွှတ်နိုင်။

''မင်းကို ခွင့်မလွှတ်ဘူးဘထွန်း . . . ငါလုံးလုံးခွင့်မလွှတ်ဘူး။ ငါ့သားသေသလို နင်လည်း အသေဆိုးနဲ့သေရမယ်။ သေကိုသေရမယ်ဟေ့ . . .''

အဘွားညို၏ကြိုးဝါးသံကို ခွေးကြီးနက်ကျော်က ဖြည့်စွက်ထောက်ခံသည့်အလား သံရှည်ဆွဲ၍အူလိုက်လေရာ တိတ်ဆိတ်သောညကမ္ဘာသည် ချောက်ချားတုန်လှုပ်ဖွယ်အတိ ဖြစ်လေသည်။

❖ ❖ ❖

| ၄ |

❏

ယနေ့ အဘွားညိုသည် အမဲအူနှင့် ဝမ်းတွင်းသားများဝယ်လာခဲ့၏။ လက်တစ်ဖက်တွင် ဟင်းထုပ်ကိုဆွဲလျက်၊ လက်တစ်ဖက်ဖြင့် တောင်ဝှေးတဒေါက်ဒေါက်ထောက်ကာ ရွာလမ်းအတိုင်းလျှောက်၍ လာသည်။ ခွေးကြီးနက်ကျော်ကား အဘွားညို၏ရှေ့ကို ကြိုပြေးလိုက်၊ နောက်သို့ ပြန်လာလိုက်၊ ခုန်လိုက်ပေါက်လိုက်၊ အဘွားညိုကို ပတ်ကာလှည့်လိုက်ဖြင့် မြူးတကြွကြွဖြစ်နေသည်။ သည်ကောင်ကြီးအမဲကို ပို၍ကြိုက်သည်။ အမဲနံ့ရလျှင်ပင် တစ်ကိုယ်လုံး မြောက်ကြွမြောက်ကြွ ဖြစ်နေလေတော့သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဘွားညိုမှို့ ကျော့ခိုင်းလိုက်ပြီဆိုလျှင် အချို့အချို့သော နေအိမ်များပေါ်မှ တီးတိုးသံများ ကြားရမြဲဖြစ်၏။

"ဒီအဘွားကြီးဟာ ကဝေမကြီး ဖြစ်သွားပြီတဲ့တော့"

"ကြဲကြဲဖန်ဖန်ကွာ။ မင်းဘယ်သူပြောသတုံး"

"သံခဲမိန်းမ အပုမပြောတယ်။ တစ်နေ့ညက သံခဲတို့လယ်ကွက်တူးရင်း အဘွားကြီးတဲနား ရောက်သွားသတဲ့။ အချိန်ကလည်း သန်းခေါင်ကျော်ကြီးတဲ့တော်။ အဘွားကြီးတဲထဲက စကားပြောသံတွေ ကြားရတယ်ဆိုပဲ။ တစ်ချက်တစ်ချက် တစ်ယောက်ယောက်ကို ကြိမ်းမောင်းရေရွတ်နေသံမျိုးလည်း ထွက်လာသတဲ့။ စကားလုံးကတော့ မသဲကွဲဘူးပေါ့"

"သူ့ခွေးကို ကြိမ်းမောင်းနေတာ ဖြစ်မှာပေါ့ကွာ"

"အဲ ... အဘွားကြီးအသံတိတ်သွားတာနဲ့ သူ့ခွေးကြီးကဇေ. ဂိုကာငင်ကာ ထအူလိုက်တာများ သံခဲတို့ဆို ကြက်သီးဖြန်းဖြန်းကို ထကရောတဲ့။ ဒီအဘွားကြီးဟာ ဒီလိုပဲ မအိပ်ဘဲနေနိုင်တာ ကဝေမကြီးမို့လို့ပေါ့တဲ့ သံခဲမိန်းမကပြောတာ"

"မင်းတို့ကကွာ။ ကိုယ့်အတွေးနဲ့ကိုယ် ထင်ချင်တာတွေ ထင်နေကြ၊ ပြောချင်တာတွေပြောနေကြနဲ့။ အကုသိုလ်များလိုက်တာကွာ။ သူ့ခမျာ သားအတွက် စိတ်ကယောက်ကယက်ဖြစ်ပြီး အိပ်လို့မပျော်တိုင်း ပြောချင်တာတွေ ရွတ်ပြောနေမှာပေါ့။ အေး ... မင်းလည်း ကြပ်ကြပ်သတိထား။ ကဝေဆိုတာက သူ့ကြောင်းပြောတဲ့စကားကို ချောင်းမြစ်သာ မခြားနဲ့၊ ဘယ်လောက်ဝေးဝေးက ပြောပေစေဦး ကြားနိုင်သတဲ့"

"အံမယ်လေးတော်၊ ... ဟုတ်လို့လား။ မသိလို့ပြောမိတာပါ





အဘွားညိုရယ်။ အဲဒါ ကျွန်မစကားလည်း မဟုတ်ပါဘူး။ ဟိုကောင်မ အပုမ ပြောတာပါ။ ဘွာ ... ဘွာ ... အဘွားညို ..."

အဘွားညိုကတော့ ဘယ်သူတွေဘာပြောပြော မဖြို။

သူ့မှာ ရည်ရွယ်ချက်က တစ်ခုတည်းရှိသည်။ သားကလေးမင်းညိုအတွက် လက်စားချေရမည်။ ဥပဒေက ဘထွန်းအား သေဒဏ်မစီရင်ခဲ့သော်လည်း အဘွားညိုကတော့ ဘထွန်းအား သေဒဏ်ချမှတ်ထားခဲ့ပြီးပြီ။ ဘထွန်း သေကိုသေရမည်။ ဘထွန်းကို သေဒဏ်ပေးဖို့ အဘွားညိုအစီအရင်တွေလုပ်ကာ သင်းထောင်က လွတ်လာမည့်ရက်ကို စောင့်နေသည်။ ယခုဆိုလျှင် လွတ်ရက်နီးပြီဟု အဘွားညို ရွာထဲက သတင်းသဲ့သဲ့ ကြားသည်။ ပိုပြီးသေချာအောင် ဘထွန်းမိန်းမ အေးတင်ထံ သတင်းသွားမေးရသေးသည်။

"ဟုတ်တယ် ... အဘွားညို။ သူ့ဒီအပတ်အတွင်း လွတ်တော့မှာပါ။ ကျွန်မမြို့ကို သွားကြိုမလို့။ အဘွားညို ဘာမှာလိုက်ဦးမလဲဟင်"

"မမှာပါဘူး ... အေးတင်ရယ်။ ဘထွန်းလွတ်တော့မယ်ဆိုတော့ ဝမ်းသာလွန်းလို့ညည်းကို လာမေးတာပါအေ။ ဖြစ်ပြီးတဲ့ကိစ္စအတွက်လည်း ငါဘယ်လိုမှ သဘောမထားဘူး။ ကံစီမံတာပဲ မဟုတ်လားဟဲ့။ အေး ... ဘထွန်းကိုပြောပါ အေးတင်ရယ်။ ငါ့အိမ်လည်း အရင်ကလိုပဲ ဝင်ထွက်နိုင်တယ်လို့ သူ့ကိုတွေ့ရရင် ငါ့သားကိုတွေ့ရသလိုပဲပေါ့။ ငါလည်း အားကိုးတစ်ခုရတာပေါ့"

ယခုတော့ အေးတင်သည် ဘထွန်းထောင်မှအထွက် ကြိုဆိုရန် မြို့သို့တက်သွားလေပြီ။ မနက်ဖြန်ညနေ မိုးချုပ်စ အချိန်ဆိုက်သည့်စက်လှေဖြင့် သူတို့ရောက်လာကြတော့မည်။ ယနေ့ညမှာ စောစော



www.burmeseclassic.com

www.burmeseclassic.com



စီးစီးပင် အမှောင်ရိပ်တို့ ကြီးစိုးလာနေ၏။ ကောင်းကင်တွင် မိုးသား တိမ်ခဲတွေ ရွေ့မျောနေသည်ကို။

ခွေးကြီးနက်ကျော်သည် အဘွားညိုရှေ့တွင် တလှုပ်လှုပ်တရှုရှု ဖြစ်နေ၏။ အမြီးတန့်နှံ့လှုပ်ကာ လက်အစုံကို ရှေ့မှာထောက်လျက် အဘွားညိုမျက်နှာကို မော်ကြည့်သည်။ နှာခေါင်းမှ နှာမှုတ်သံပေးသည်။ ထို့နောက် တဲနောက်ဘက်သို့ သုတ်ခနဲ ပြေးဝင်သွားသည်။ ချက်ချင်း ပြန်ထွက်လာပြီး အဘွားညိုရှေ့တွင် လှုပ်လှုပ်ရွရွ လုပ်ပြနေပြန်သည်။

နက်ကျော် ဗိုက်ဆာနေပြီ။ အစာတောင်းနေတာကို အဘွားညို သိသည်။ သို့သော် အဘွားညိုက ချက်ချင်းမကျွေးသေး။ သူဆာထက် မက ပို၍ဆာလောင်လာအောင် တမင်ညှဥ်း၍ ထားသည်။ ဆာလွန်း မက ဆာလာပါမှ သည်ကောင်ကြီး လှုပ်ရှားမှု ပိုမိုသွက်လက်လာမည်။ ပို၍ အင်အားစိုက်ထုတ်လာမည်။ သူ့ခွေးကြီးနက်ကျော်သည် ကျားပေါက် တစ်ကောင်လောက် အင်အားရှိစေချင်သည်။ ဒါမှ ... ဒါမှ ...။

နက်ကျော်သည် တစ်စတစ်စ ပို၍ ယောက်ယက်ခတ်လာ နေ၏။ တဲနောက်ဘက်သို့ ဝင်ပြေးလိုက်၊ ပြန်ထွက်လာလိုက်။ အဘွားညို မျက်နှာကိုမော်ကြည့်ကာ နှာမှုတ်သံတရှူးရှူးဖြင့် ဂနာမငြိမ်တော့ချေ။

အဘွားညိုသည် နက်ကျော်၏ခေါင်းကို လက်ဖဝါးဖြင့် အသာ အယာပွတ်ပေးလိုက်ပြီးမှ ထိုင်ရာကထသည်။ နံနက်က ပြုတ်ထားသော အမဲအူများကို ဒန်ဇလုံဖြင့်ထည့်ကာ တဲနောက်ဘက်သို့ ထွက်လာခဲ့၏။ ခွေးကြီးနက်ကျော်ကား ဝမ်းသာလွန်း၍ ခုန်ပေါက်ကာ ရှေ့မှပြေးသွား လေသည်။

တဲနောက်ဘက် ပဲစင်အောက် အလင်းရောင်မှိန်ပျပျတွင် မားမားကြီးရပ်နေသည့် သဏ္ဌာန်တစ်ခု။ အမှတ်မဲ့ကြည့်လျှင် လူတစ်





ယောက်ပင်ဖြစ်သည်။ ခါးတွင်ပုဆိုးတိုတိုဆီးချက် အင်္ကျီလက်ရှည်ဖြူ ကို ရင်ဘတ်ဟင်းလင်းဖွင့်၍ ဝတ်ထားသည်။ အဘွားညို၏ လက်ရာ ကောက်ရိုးရုပ်ကြီး ဖြစ်သည်။ လယ်ကွင်းထဲက စာခြောက်ရုပ်လိုပင် ဝါးတိုင်တွင်ချည်၍ မြေတွင်စိုက်ထား၏။ ခေါင်းတွင်အနက်ရောင်အဝတ် ပိုင်းကို စည်းပေးထားသဖြင့် လူ့ဆံပင်နှင့်တူနေသည်။ မှုန်ရေးရေး အလင်းရောင်တွင် မျက်နှာနှင့်ရင်ဘတ်၊ ဝမ်းဗိုက်နေရာတို့ရှိ ကောက်ရိုး များမှာ လူ့အသားအရောင်အတိုင်း ဖြစ်နေလေသည်။

အဘွားညိုသည် ဒန်ဇလုံထဲမှ အမဲအူများကို နှိုက်ယူလိုက် ၏။ ဇလုံကို မြေပြင်တွင်ပင် ချထားသည်။ အမဲအူများမှာ တစ်ပေခန့် အရှည်ဖြတ်ထားသော အပိုင်းငါးပိုင်းဖြစ်၏။ အဘွားညိုက အမဲအူ တစ်ပင်ချင်းတစ်ပင်ချင်းကို ကောက်ရိုးရုပ်၏လည်ပင်းနေရာတွင် ကြိုး ချည်သလို ချည်နေသည်။

ခွေးကြီးနက်ကျော်ကား ပါးစပ်တပြင်ပြင်နှင့် ဣန္ဒြေမရနိုင် တော့။ သို့သော် နေ့စဉ် သူ့ကိုကျွေးမွေးနေကျ အစဉ်အလာကို သူမချိုး ဖောက်။ အမြီးတလှုပ်လှုပ်ဖြင့် နှာမှုတ်သံများပေးနေသည်။ ကောက်ရိုးရုပ် လည်ပင်းတွင် အမဲအူများချည်နှောင်ပြီးပြီ။ အဘွားညိုက နက်ကျော် ၏လည်ပင်းကိုဆွဲ၍ နောက်သို့ခြေသုံးလေးလှမ်းခန့် ဆုတ်လာသည်။ ပြီးတော့မှ 'ရှူး'ဟု ခပ်ပြင်းပြင်း လေမှုတ်သံတစ်ချက်ပေးကာ ခွေးကြီး နက်ကျော်၏လည်ပတ်ကို လွှတ်ပေးလိုက်၏။

လျှပ်ပြက်လိုက်သည်နှယ် မြန်ဆန်လွန်းလှ၏။

နက်ကျော်သည် ကောက်ရိုးရုပ်ကြီးကို လွှားခနဲ ခုန်အုပ်သည်။ ရှေ့လက်နှစ်ဖက်ဖြင့် ကောက်ရိုးရုပ်၏ ပခုံးနေရာကိုဖိကာ အမဲအူများ ကို အငမ်းမရ ဆွဲ၍ဖွဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်း ... ဝမ်း ... ဝမ်း ... ဝမ်း"

သွားစွယ်ဖွေးဖွေးကြီးများ ပေါ်လာအောင်မာန်ဖီလျက် ကောက်ရိုးရုပ်လည်ပင်းမှ အမဲအူများကို ကိုက်ဖြတ်စားနေသည်မှာ တကယ့်တောတွင်းမှ သားရိုင်းတစ်ကောင်နှယ်ရှိသည်။

ကောက်ရိုးရုပ်သည် လဲကျသွား၏။

နက်ကျော်ကား ကောက်ရိုးရုပ်၏ရင်ဘတ်ကို ကျကျနနဖိနင်းလျက် သူ့အစာကို ကိုက်ဖဲ့စားသောက်နေလေ၏။

"ဟား ... ဟား ... ဟား ... ဟား"

အဘွားညိုသည် သူ့ကောင်ကြီးနက်ကျော်ကို ကြည့်လျက် ဖူးအက်အက်ကွဲရှရှအသံဖြင့် ရယ်ချလိုက်လေသည်။

■ ■ ■

| ၅ |

❑

ရွာဈေးကလေးမှာတော့ အသားသည်မတွေ စကားဆိုနေကြတယ်။

"ဒီနေ့ အဘွားညိုကြီးတစ်ယောက် ဈေးလာတာမတွေ့မိပါဘူး။ နေများမကောင်းလို့လားဟယ်"

"ဟဲ ... အဘွားညိုက နေမကောင်းဖြစ်ပါ့မလား။ သူက ပညာသည်ကြီးပဲဥစ္စာ။ သူကသာသူများကို နေမကောင်းဖြစ်အောင် လုပ်နိုင်တာ"

"ပညာသည် ... ဟုတ်လား။ ဘာပညာသည်လဲ။ ဒီအဘွားကြီးက ဘာပညာတွေတတ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းနှယ် ... ပြောရခက်လိုက်တာအေး၊ ငါပြောလိုက်ရင် ငါ့စကားကို အဘွားကြီးကြားတော့မှာပဲ"

"ဟဲ့ ... သူမှဈေးကိုမလာတာ၊ ဘယ့်နှယ်လုပ် ကြားနိုင်မတဲ့လဲ"

"ဟယ် ... ပြောရခက်ပါတယ်ဆိုမှ ခက်ပြီးရင်းခက်ရင်းပါလားနော်။ မြစ်ကူးချောင်းခြားမဟုတ်ရင် သူ့အကြောင်းပြောသမျှ သူက အကုန်ကြားနိုင်တယ်ဟဲ့"

"ကြဲကြဲဖုန်ဖုန်အေ။ အဘွားကြီးက ဘာမို့လို့လဲ"

"အဲဒါ ပြောရခက်နေတာပေါ့ ... ဟဲ့"

"ငါတော့ဟယ် သူ့ခွေးကြီးကိုပဲ သနားတယ်။ အဘွားညို ဈေးထွက်မဝယ်တော့ ဒီကောင်ကြီး ငတ်ပြီပေါ့"

"အောင်မယ် ... ကောင်မ၊ သူ တို့ဆီကဝယ်တဲ့ အရွတွေ၊ အသည်းတွေ၊ ဝမ်းတွင်းသားတွေကို ခွေးကျွေးတယ်ထင်လို့လား"

"နို ... ဘယ်သူ့ကိုကျွေးတာလဲ"

"အဲဒါ ပြောရခက်နေတာပေါ့ ... ဟဲ့"

အဘွားညို နေ့စဉ်ဝယ်နေကျ ဝမ်းတွင်းသားထွက်မဝယ်ခြင်းသည် ရွာဈေးတွင် သတင်းတစ်ရပ်ဖြစ်နေ၏။ အဘွားညိုက တမင်ထွက်မဝယ်ခြင်းဖြစ်သည်။ ယနေ့ အဘွားညိုသည် သူ့ခွေးကြီးနက်ကျော်ကို အရွန့်အသည်းအမြစ်တွေ ကျွေးရန်စိတ်မကူးတော့။ နေဝင်စအချိန်ဆိုလျှင် ဘထွန်းပြန်ရောက်လာပေတော့မည်။

ခါတိုင်း ရွာဈေးသို့သွားနေကျအချိန်တွင် နက်ကျော်ဂနာမငြိမ်ဖြစ်လာသည်။ အမြီးတယမ်းယမ်းနှင့် လှုပ်လှုပ်ရွရွ လုပ်လာသည်။ အဘွားညိုရှေ့တွင် ခုန်ပေါက်ခုန်ပေါက်လုပ်ကာ နှာမှုတ်သံတဟွန်းဟွန်း





ပေးလာနေသည်။ အဘွားညိုအား ဈေးသို့သွားရန် သတိပေးနေခြင်း
င်ဖြစ်၏။

"နက်ကျော် ... ငါဈေးကိုမသွားတော့ဘူး။ သွား ... တောစပ်မှာ နင့်ဘာသာနင် ရှာဖွေစားချေ"

အဘွားညိုသည် နက်ကျော်၏ လည်ပင်းမှကိုင်ဆွဲကာ ခြံတံခါးကိုဖွင့်ပြီး တွန်းလွှတ်လိုက်သည်။ နက်ကျော်သည် အားရပါးရပြေးထွက်သွား၏။ လယ်သုံးလေးကွက်လွန်ပြီးမှ နောက်သို့လှည့်ကြည့်သည်။ အဘွားညိုလိုက်မလာသောအခါ လယ်ကွင်းထဲ ဖုန်တွေတထောင်းထောင်းထအောင် ပြေးချပြန်လာသည်။ ခြံတံခါးဝမှရပ်ကြည့်နေသော အဘွားညိုသည် နက်ကျော်ကို လည်ပတ်မှဆွဲလျက် တဲနောက်ဘက်တောစပ်သို့ ခေါ်လာခဲ့၏။ ထိုနောက် ချုံပုတ်တစ်ခုထဲသို့ ခဲလုံးဖြင့် ပစ်ထည့်လိုက်သည်။ ငှက်သုံးလေးကောင် ဘုတ်ခနဲ ထပျံသွားကြသည်။ နက်ကျော်သည် ပျံသွားသောငှက်များကို မမှိတ်မသုန် စိုက်ကြည့်နေလေသည်။

"ရှူး ..."

အဘွားညိုပါးစပ်မှ လေမှုတ်သံပြင်းပြင်းတစ်ချက် ထွက်သွားသည်။ လည်းပတ်ကို ကိုင်ထားသောလက်မှ လွှတ်ပေးလိုက်၏။

နက်ကျော်သည် လှစ်ခနဲခုန်ထွက်ကာ ချုံထဲသို့ တိုးဝင်သွားလေသည်။ သည်တစ်ကြိမ်တော့ နက်ကျော်သည် ပြန်ထွက်မလာတော့ချေ။ ကိုယ်တိုင်သားကောင် ရှာဖွေစားသောက်ရသော တောတွင်းဗီဇပြန်ပေါ်လာပုံရသည်။

အဘွားညိုသည် တဲကလေးသို့ပြန်လာကာ မိမိ၏နံနက်စာအတွက် ထမင်းချက်ရန်ပြင်ဆင်သည်။ ပဲသီးကို ငါးပိနှင့်ငရုတ်သီးစိမ်းတောင့်များဖြင့် ချက်ထားသော ဟင်းတွေက ကျန်နေသေးသည်။ နက်



www.burmeseclassic.com

www.burmeseclassic.com



ကျော်အတွက် ထမင်းရည်ခံထားရမည်။

အဘွားညို နံနက်စာစားပြီးချိန်တွင် နေမွန်းတည့်ခဲ့လေပြီ။

တဲရှေ့ပဲစင်အောက်က ကွပ်ပျစ်တွင် တစ်မှေးကလေးမှေးရန် ပြင်ဆင်နေချိန်မှာပင် နက်ကျော်ပြန်ရောက်လာ၏။ ပါးစပ်တွင် ငှက်မွေးနှင့် သွေးစသွေးနတွေ တွေ့ရသည်။ မြေဝပ်ငှက် ဖမ်းစားလာခဲ့တာ သေချာသည်။ ဘယ်နှစ်ကောင်လဲတော့မသိ။ သည်ကောင်ကြီး ဗိုက်ဝမည်တော့မဟုတ်။ မဝလျှင်လည်း ရှိစေတော့။ အဘွားညိုက မြေအိုးတစ်လုံးဖြင့်ခံထားသော ထမင်းရည်များကို ချပေးလိုက်သည်။ နက်ကျော် တပျပ်ပျပ်ဖြင့် လျက်သောက်ပြီး အဘွားညို၏ ကွပ်ပျစ်အောက်တွင် ခွေအိပ်သွားလေသည်။

အဘွားညို အိပ်ရာကနိုးလာချိန်မှာ နေညိုစောင်းခဲ့လေပြီ။

နက်ကျော်ကြီးကဘား ခွေလျက်အိပ်ဆဲ။ မနက်က ငှက်လိုက်ခဲ့ရသဖြင့် အတော်မောသွားဟန်ရှိသည်။

အဘွားညိုသည် ခြံဝတွင်ရပ်လျက် ဘထွန်းတို့တဲဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။ တဲရှေ့တွင် လူအုပ်စုတစ်စုကို လှမ်းမြင်ရသည်။ ဘထွန်းပြန်ရောက်နေတာပဲဖြစ်မည်။ စက်လှေ အဝင်စောပုံရသည်။

အဘွားညိုသည် သူ့အစီအစဉ်တွေကို သူပြန်၍ စဉ်းစားနေသည်။ ဘထွန်းတို့တဲရှေ့တွင် လူရှင်းသွားချိန်လောက်တွင် သူဘထွန်းကို သွား၍နှုတ်ဆက်မည်။ အေးအေးဆေးဆေး စကားစမြည်ပြောနေမည်။ မိုးတော်တော်ချုပ်လောက်တော့မှ ဘထွန်းကို မိမိအားလိုက်ပို့နိုင်းမည်။ ဤနည်းဖြင့် မိမိတဲသို့ ဘထွန်းရောက်လာရမည်။

သည်အချိန်မှာပင် ကောင်းကင်၌မိုးရိပ်တွေ ညိုမှောင်မည်း ချိပ်လာနေ၏။ နေသည် မိုးသားထု၏နောက်သို့ ရောက်သွားသည်။





လာကသည် စောစီးစွာပင် မှောင်ရီဆိုင်းလာခဲ့ပြီ။

အလို ... ဟိုက ခပ်သုတ်သုတ် လျှောက်လာနေတာ ဘထွန်းဖြစ်မည်။ အဘွားညို မျက်လုံးအစုံကို လက်ခုံဖြင့်ပွတ်လိုက်၏။ ဟုတ်သည်။ ဘထွန်းမှ ဘထွန်းအစစ်။ လက်ထဲတွင် အထုပ်ငယ်တစ်ထုပ်ကို ကိုင်လျက် လာနေသည်။ အဘွားညိုအားနှုတ်ဆက်ရင်း လက်ဆောင်လာပေးတာဖြစ်မည်။

တောင်လေ ဝေ့ခနဲအသုတ်တွင် မိုးမှုန်ကလေးတွေ ဖွဲကျလာသည်။ ဘထွန်းသည် အပြေးတစ်ပိုင်းလာနေ၏။ အဘွားညိုက မျက်တောင်မခတ်။ စူးစူးစိမ်းစိမ်း ကြည့်လျက်ရှိသည်။

တဲနှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်လာ၏။ ဘထွန်း ခြေလှမ်းနှေးသွားသည်။

''အရီးညိုရေ ... နက်ကျော်ကို ကြည့်ထိန်းပါဗျို့။ ကျွန်တော် အရီးညိုကို လာကန်တော့တာပါ။ အရီးညိုအတွက် ပုသိမ်ဟလဝါ လက်ဆောင်တွေလည်းပါတယ်''

ဘထွန်းအော်သံကြောင့် နက်ကျော် ခွေအိပ်နေရာမှထကာ ခြံဘက်သို့ ထိုးဟောင်သည်။

''ဝုတ် ... ဝုတ် ... ဝုတ်''

''နက်ကျော် ... ကောင်ကြီး''

အဘွားညိုက နက်ကျော်၏လည်ပတ်ကို ခပ်တင်းတင်းဆွဲကိုင်ထားလိုက်၏။ နက်ကျော်ဆက်မဟောင်တော့။ အဘွားညိုသည် ခြံတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။ မှောင်ရီပိုးတဝါးတွင် ရှပ်အင်္ကျီလက်ရှည်ရင်ဘတ်ဖွင့်လျက် ဝတ်ထားသော ဘထွန်းသည် ခြံတံခါးဝမှ ဘွားခနဲပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး ..."

အဘွားညိုထံမှ လေမှုတ်သံပြင်းပြင်းတစ်ချက် ပေါ်လာ၏။ နက်ကျော်၏လည်ပတ်ကို လွှတ်ပေးလိုက်သည်။

"ဖွေါင်း ..."

အနက်ရောင်ထုထည်တစ်ခုသည် ရိပ်ခနဲ ခုန်ထွက်သွား၏။

"အား ..."

"ဝမ်း ... ဝမ်း ... ဂမ်း ... ဂမ်း ... ဂမ်း"

[ ၆ ]

နောက်တစ်နေ့နံနက်ခင်းတွင် ရွာဈေးကလေး၌ သတင်းသည် ပြန့်နှံ့လျက်ရှိလေသည်။

"ဘထွန်းတစ်ယောက် ထောင်ကလွတ်ပြီး ရွာလည်းရောက်ရော ခွေးကိုက်လို့ သေရောဆိုပါလား"

"ဘာ ... ခွေးကိုက်လို့ ဟုတ်လား"

"ဟုတ်တယ် ... မင်းညိုမွေးထားခဲ့တဲ့ ခွေးကြီးက ကိုက်လိုက်တာတဲ့"

"ဟို ... အဘွားညိုနောက်က လိုက်လိုက်လာတဲ့ ခွေးနက်ကြီး ထင်ပါရဲ့"

"ဟုတ်တယ် ... ဟုတ်တယ် ... အဲဒီခွေးကြီးကို မင်းညိုရဲ့ ဝိညာဉ်ကစီးပြီး ကိုက်သတ်လိုက်တာတဲ့ကွယ်"

အောင်သာမိုး

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

ညက တစ်ညလုံးမိုးရွာထားတဲ့အတွက် ပတ်ဝန်းကျင်တစ်ခွင်လုံး စွတ်စိုနေပြီး သစ်ပင်ပန်းပင်တို့သည်လည်း ငွားငွားစွင့်စွင့်နဲ့ ပျိုမျစ်လန်းဆန်းလို့နေပါတယ်။ သစ်ပင်သစ်ခက်တို့အပေါ်မှ မိုးရေစက်များကတော့ နံနက်ခင်းရဲ့နေခြည်နုအောက်မှာ စိမ်းရောင်တလဲ့လဲ့ တောက်ပလို့နေတာတာပေါ့။ အချိန်ကတော့ နံနက် ခြောက်နာရီကျော်လောက်။ ထိုအချိန်တွင် ဦးမိုးအောင်တစ်ယောက် အိပ်ရာမှနိုးထလာကာ ဇနီးသည်ဖြစ်သူအား ...

''မေနှင်းရေ ... ညက မိုးတွေအရမ်းရွာတယ်ထင်တယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အစ်ကို။ မိုးလင်းခါနီးမှ မိုးကပိုပြီး သဲကြီး မဲကြီးရွာတာ"

"ဟုတ်လား . . . အစ်ကိုဖြင့် အိပ်ကောင်းလိုက်တာ။ မိုးရွာ တာတောင်မသိဘူး"

"မေနှင်းလည်း မိုးရွာတာကို အိပ်မက်မက်ပြီးတော့ လန့်နိုး သွားတာပဲ။ အိပ်ရာကနိုးတော့ အိပ်မက်ကလည်း တကယ့်ကိုပဲ စိတ်ထဲ မှာ စွဲထင်ကျန်ရစ်ခဲ့တယ်"

"တကယ်စွဲထင်မှာပေါ့ကွာ၊ မိုးက တကယ်ရွာတာကိုး"

"ကိုကလည်း အိပ်မက်ထဲမှာ မိုးရွာတာတင် ဘယ်ကပါ့ မလဲ"

ဟုဆိုကာ ဒေါ်မေနှင်းတစ်ယောက် ပြန်လည်စဉ်းစားသလို ခဏမျှ ရပ်ဆိုင်းနေလိုက်လေသည်။ ထိုအခါမှ ဦးမိုးအောင်က . . .

"ပြောပါဦး မေနှင်းရယ်။ မင်းအိပ်မက်က ဘာတွေထူးဆန်း နေလို့လဲ"

"ထူးဆန်းတယ် အစ်ကို။ အိပ်မက်ထဲမှာ အပြင်ကအတိုင်း မိုးတွေက သည်းနေတယ်။ အဲဒီမိုးသည်းထဲမှာ ကောင်မလေးနှစ်ယောက် က မေနှင်းတို့အိမ်ထဲကို ပြေးဝင်လာတယ်။ ပြီးတော့ မေနှင်းတို့နဲ့အတူတူ နေချင်တယ်လို့ ပြောတယ်"

"အဲဒီတော့ . . ."

"အဲဒီတော့ မေနှင်းက ကလေးနှစ်ယောက်ကိုချစ်တာနဲ့ နေ ခွင့်ပြုလိုက်တယ်။ ပြီးတော့ မိုးရေတွေရွှဲနေတဲ့ကလေးနှစ်ယောက်ကို နွေးထွေးအောင် ထွေးပိုက်လိုက်နေတုန်း အိပ်မက်ထဲကနေ လန့်နိုးသွား တာပဲ အစ်ကိုရယ်"





"ဟာ . . . ဒါဆို ဟုတ်ပြီ"

"ဘာဟုတ်တာလဲ အစ်ကို"

"အစ်ကိုတို့ ကလေးချီရတော့မယ်ထင်တယ်။ တစ်ယောက် တောင်မဟုတ်ဘူး နှစ်ယောက်တောင်မှ ဝမ်းသာစရာကြီးပဲဟေ့"

ဟူ၍ ဇနီးမောင်နှံနှစ်ယောက် ပျော်ရွှင်ကြည်နူးနေကြပါတယ်။ ဒီလိုနဲ့ အမှန်တကယ်ပဲ မေနှင်းကိုယ်ဝန်ရရှိလို့ လာခဲ့ပါတယ်။

မေနှင်းကိုယ်ဝန်ရပြီး ကိုးလကျော်လောက်တွင် မိုးက အဆက် မပြတ် သည်းထန်စွာရွာလျက်ရှိပါတယ်။ အဲဒီလိုနဲ့ မိုးသည်းထန်တဲ့ ညတစ်ညမှာ မေနှင်းတစ်ယောက် ချစ်လှစွာသော အမြွာညီအစ်မနှစ် ယောက်ကို မွေးဖွားသန့်စင်ခဲ့ပါတယ်။ မိုးနှင့်အတူမွေးဖွားခဲ့သည့် သမီး ငယ်နှစ်ယောက်ကို ခင်မိုးဦးနဲ့ခင်မိုးနှောင်းလို့ အမည်ပေးထားလိုက် ပါတယ်။

ခင်မိုးဦးနဲ့ခင်မိုးနှောင်းတို့ကတော့ မမွေးဖွားမီကပင် မိုးကို ခင်တွယ်ခဲ့လေသလား။ ပညတ်သွားရာ ဓာတ်သက်ပါဟု ဆိုရလေမလား။ မိုးကို သူတို့ အလွန်ပင် နှစ်သက်မြတ်နိုးကြပါသည်။ မိုးစက်မိုးပေါက် ကလေးတွေကျလာတိုင်း ခုန်ပေါက်ပြေးလွှား ပျော်မြူးတတ်ကြသလို မိုးသည်းထဲမှာ ရေချိုးရင်လည်း ချမ်းရမှန်းမသိခဲ့ကြပေ။

ဒီလိုနဲ့ မိုးဦးနှင့်မိုးနှောင်းတို့ ညီအစ်မနှစ်ယောက် မိုးရွာတိုင်း လိုလို ရေချိုးခဲ့ကြပါတယ်။ သူတို့နဲ့အတူ မပျက်မကွက်ပါဝင်သူကတော့ တစ်ဖက်ခြံမှ ဝေလင်းပင်ဖြစ်ပါသည်။ ဝေလင်းသည် သူတို့ထက်တစ်နှစ် ကြီး၍ သူတို့က ကိုကိုဟုပင် ခေါ်ခဲ့ကြပေသည်။ ခင်မိုးဦးနှင့်ခင်မိုးနှောင်း တို့ မိုးရေချိုးတော့မည်ဆိုလျှင် ဝေလင်းလည်း ပြေးလာတတ်စမြဲပင်။ ဝေလင်းမလာလျှင်လည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"မမ ...ကိုကို့ကို မိုးနှောင်းလှမ်းခေါ်လိုက်မယ်နော်"

"ခေါ်လိုက်လေ မိုးနှောင်း။ ကိုကိုကလည်း ဘာလို့မလာတာလဲ မသိဘူး"

ဟူ၍ နှစ်ယောက်လုံးက တမ်းတတတ်စမြဲပင်။ တစ်ခါတစ်လေမှာတော့ ...

"ညီမလေး ... မိုးနှောင်း၊ ဒီနေ့ ကိုကို့ကို လှမ်းမခေါ်တော့ဘူးလား"

"ဟော ... ဟိုမှာ မမရဲ့ ကိုကို ပြေးလာနေပြီ"

ဟုဆိုကာ အကျီမပါ ဘောင်းဘီတိုတိုနှင့် နံရိုးလေးအပြိုင်းအရိုင်းပေါ်ကာ လက်မြှောက်ခြေမြှောက် ကဆုန်ပေါက်ပြေးလာတတ်သောဝေလင်းကို ညီအစ်မနှစ်ယောက်ကလည်း ကဆုန်ပေါက်၍ ကြိုဆိုနေကြစမြဲပင်။

မိုးရေချိုးရာတွင်သာမက ခရေပင်ကြီးအောက်တွင် ခရေပန်းကောက်ရင်လည်း ...

"ကိုကိုရေ ... ပြစမ်းပါဦး၊ ဘယ်လောက်ရပြီလဲ"

"ဒီမှာ မိုးနှောင်း၊ အများကြီးပဲ"

"ပြီးရင် မိုးနှောင်းတို့ကို ကူသီပေးဦးမယ်နော်"

"အေးပါ ... မိုးနှောင်းရာ၊ ကိုကို တစ်ယောက်တစ်ကုံး သီပေးမှာပေါ့"

"အိမ်မှာ သီမှာလား"

"ဒီခရေပင်ကြီးအောက်မှာပဲ သီမယ်လေ"

"ဟော ... မိုးတွေရွာတော့မယ် ကိုကိုရေ"

"စိတ်မပူပါနဲ့ မိုးဦးရာ။ ဒီခရေပင်ကြီးက မိုးလုံတာပဲဥစ္စာ"





ဟူ၍ သုံးယောက်သား ခရေပင်ကြီးအောက်တွင် ခရေပန်းများထိုင်သီတတ်ကြစမြဲပင်။

ဒီလိုနှင့် ရာသီစက်ဝန်းတို့သည် အလီလီပြောင်းခဲ့ပေပြီ၊ သူတို့ညီအစ်မနှစ်ယောက်နှင့် ဝေလင်းတို့သည်လည်း ကလေးဘဝတွင် ထာဝရရပ်တန့်၍ မနေခဲ့ကြပါပေ။ လှတာမြင်ရင် လိုချင်တဲ့အရွယ်၊ ပန်းမြင်ရင် ပန်ချင်တဲ့အရွယ်ဆိုသလို ချစ်တတ်ကြိုက်တတ် ရင်ခုန်တတ်တဲ့အရွယ်သို့ ရောက်လာခဲ့ကြပါတယ်။ ဒီတော့လည်း အပေါင်းအသင်း သူငယ်ချင်းများက သူတို့ကို 'နီနီ၊ ညိုညို၊ ကိုကို' ဟု ကျီစားခဲ့ကြပါတယ်။

ချစ်လှစွာသော အမြွှာညီအစ်မနှစ်ယောက်သည် ငယ်ငယ်ကတော့ မိုးရေထဲမှာ ကိုကိုနှင့်အတူ နှစ်ယောက်သားပျော်ခဲ့ကြသည်။ ကိုကိုသီပေးသော ခရေပန်းကို တစ်ယောက်တစ်ကုံး ပန်ဆင်ခဲ့ကြသည်။ ကိုကိုပေးသောမုန့်ကို နှစ်ယောက်သား ဝေစားခဲ့ကြသည်ပေါ့။ အရွယ်ရောက်လာတော့ ကိုကို့အချစ်ကို နှစ်ယောက်သား ဝေယူလို့ရနိုင်ပါမည်လော။ တကယ်တမ်းပြောနိုင်သည်ကတော့ အမြွှာညီအစ်မပီပီ မိုးရေစက်တို့ကိုခင်တွယ်သလို ခရေပန်းတို့ကို ခင်တွယ်တတ်သည်မှာလည်း တူညီကြပါလေသည်။ ထို့အတူ ကိုကို့အပေါ်တွင် တွယ်တာမိသောသံယောဇဉ် အနှောင်အဖွဲ့တို့ကလည်း တူညီကြသည်သာ။ မတူညီသည့်အချက်တစ်ချက်ကတော့ ရှိပါသည်။ ထိုအချက်သည်ကား တွေးခေါ်မြော်မြင်မှုပင်တည်း။

တွေးခေါ်မြော်မြင်မှု မတူညီသည့် အမြွှာညီအစ်မနှစ်ယောက်ကို စောင့်ရှောက်နေသူများထဲတွင် သူတို့၏ဦးလေး ဦးကျော်စွာလည်း ပါဝင်လေသည်။ ဦးလေး ဦးကျော်စွာကြီးသည် မြဲဟွှာပြည်မှဆင်းသက်



www.burmeseclassic.com

www.burmeseclassic.com



လာလေသလားမသိ။ မိန်းမလည်း စိတ်မဝင်စား၊ အပျော်အပါးလည်း မရှိ၊ မည်သည့်ကိစ္စမျိုးတွင်မဆို ဖြောင့်မတ်မှန်ကန်စွာ တွေးခေါ်မြော်မြင်တတ်သူတစ်ဦးပင်။ တူမများကိုကား အလွန်ပင် ချစ်ရှာပါသည်။ သို့သော် စကားတော့ သိပ်မပြောပေ။ အကြောင်းတစ်စုံတစ်ရာပေါ်လာလျှင်တော့ . . .

“တူမတို့ အရာရာမှာ စိတ်ထားဖြောင့်မတ်ရတယ်”

“လူဆိုတာ တွေးခေါ်မြော်မြင်မှု ရှိရတယ်”

“ဖြစ်ချင်တာထက် ဖြစ်သင့်တာလုပ်ရတယ်”

“ဘဝမှာကြုံတွေ့လာတဲ့ ကိစ္စရပ်တိုင်းကို ရင်ဆိုင်ဖြေရှင်းရဲရတယ်”

စသည်ဖြင့် စကားတစ်ခွန်းကို ပြောလေ့ရှိတတ်ပါသည်။

ထိုကဲ့သို့ တူမနှစ်ယောက်လုံးကို လမ်းညွှန်ချက်များအတူတူ ပေးပါသော်လည်း ခံယူသူနှစ်ယောက်တို့ကား မတူညီခဲ့ပါချေ။ အကြီးဖြစ်သူ ခင်မိုးဦးက ဦးလေး၏ဆိုဆုံးမမှုများကို နားဝင်ချိုခဲ့သည်။ အပွေးမြင် အပင်သိသည်သာမက ရင်ထဲအသည်းထဲ စွဲမြဲနေတတ်သော်လည်း ခင်မိုးနှောင်းကား အလေးအနက်မထားတတ်သူပင်။

ဒီလိုနှင့်ဆယ်တန်းအောင်တော့ ဝေလင်းက G.T.I တက်ခဲ့သည်။ ခင်မိုးဦးနှင့်ခင်မိုးနှောင်းကတော့ ဒဿနိကအထူးပြုဖြင့် တက္ကသိုလ်တက်ခဲ့လေသည်။ ခင်မိုးဦးကတော့ ကျောင်းတက်ရင်း ဘဝရှေ့ရေးကိုတွေးသည်။ ခင်မိုးနှောင်း၏ဘဝတွင်ကား ကိုကိုသာလျှင် အဓိကဖြစ်သည်။ ကျောင်းတက်ရင်း ကိုကို့ကိုလွမ်းခဲ့သည်။ ကိုကို့ထံသို့ စာတွေရေးခဲ့သည်။ ဒီလိုနဲ့ ကိုကိုနဲ့မိုးနှောင်းတို့ ချစ်သူဘဝကို ရောက်ရှိခဲ့ကြသည်ပေါ့။ ကျောင်းပိတ်လို့ မိုးနှောင်းတို့ပြန်လာတော့ ကိုကိုအိမ်ပြန်မ





လာ။ အခြားသင်တန်းများတက်ရန် မြို့မှာပဲနေသည်။ မိုးနှောင်းကတော့ ခရေပင်ကြီးအောက်မှာ ကိုကို့ကို မျှော်သည်။ မိုးသည်းထဲမှာလည်း ကိုကို့ကို မျှော်သည်ပင်။ ကိုကိုကတော့ ရောက်မလာပါချေ။ တစ်နေ့မှာတော့ မိုးသည်းထဲတွင် အကြာကြီးနေခဲ့သော မိုးနှောင်းဖျားလေပြီ။ သတိကားမရ။- မိုးနှောင်း၏စိတ်အစဉ်ကား မိုးရေထဲမှာ လွင့်မျောနေလို့ နေခဲ့ပါပြီ။

ကိုကိုပြန်လာသည့်နေ့တွင်ကား မိုးနှောင်း၏ရုပ်ခန္ဓာကို မြေမြှုပ်သောနေ့ပင်တည်း။ ကိုကိုကတော့ အရူးတစ်ယောက်ပမာ ဖြစ်ခဲ့သည်။ လူမှန်းမသိအောင်လည်း အရက်များသောက်ခဲ့လေသည်။ မူးမူးနှင့်ငိုခဲ့သည်။ မိုးဦးကတော့ မိုးနှောင်းအတွက် ပူဆွေးရသလို ကိုကို့ကိုကြည့်ရင်း သနားခဲ့ရသည်။

မိုးနှောင်းဆုံးပြီးနောက်ပိုင်းတွင်တော့ မိုးဦးသည် မကြာခဏ အိပ်မက်မက်ဖြစ်လေသည်။ အိပ်မက်ထဲတွင် မိုးနှောင်းကမိုးဦးအား ခေါ်နေသည်။ ပြီးတော့ မိခင်ဒေါ်မေနှင်း၏ဝမ်းသို့ မဝင်စားမီက ပြောခဲ့ကြသောစကားများကို ပြန်လည်သတိပေးရင်း . . .

“မမ . . . ညီမတို့နှစ်ယောက် ကတိသစ္စာမဖောက်ကြေးနော်။ အချိန်တိုင်းမှာ နှစ်ယောက်တစ်ဘဝနေကြမယ်။ ညီမတို့ကြားမှာ တစ်ယောက်ယောက်ဝင်လာရင် အဲဒီဘဝထဲက တို့နှစ်ယောက် အတူထွက်ခွာကြမယ်လို့ ညီမတို့ပြောခဲ့ကြတယ်နော်။ အခု မမကိုသစ္စာဖောက်ပြီး ကိုကို့ကိုချစ်ခဲ့မိလို့ထင်တယ် အဲဒီဘဝထဲက ညီမ ထွက်ခွာလာရတယ်။ ညီမတစ်ယောက်တည်း မိုးသည်းထဲမှာ မမရယ်။ မမ ညီမဆီကို လာခဲ့ပါ။ ခရေပင်ကြီးအောက်က စောင့်နေမယ်”

ဟူသောပြောစကားများကို အိပ်မက်ထဲတွင် အမြဲကြားယောင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေသည်။ ထိုအိပ်မက်ကိုမက်ပြီး အိပ်ရာမှနိုးတိုင်း မိုးဦးတစ်ယောက် စိတ်မသက်မသာ ဖြစ်ခဲ့ရချေပြီ။ အိပ်မက်ကလည်း တစ်ကြိမ်မက အကြိမ်ကြိမ်မြင်မက်ခဲ့ခြင်းပင်တည်း။ ဆင်ခြင်တုံတရားရှိသော ခင်မိုးဦးကား ရတနာသုံးပါးကို အမြဲမပြတ်ဆည်းကပ်ခဲ့သလို ညီမလေးခင်မိုးနှောင်းအားလည်း အိပ်ရာဝင် အိပ်ရာထ ဘုရားရှိခိုးတိုင်း အမျှပေးဝေခဲ့သည်။ သို့သော် အိပ်မက်များကား မက်မြဲပင်တည်း။

ထိုအချိန်တွင် ခင်မိုးဦးတို့ ရွာထိပ်စေတီလေးသို့ မည်သည့်အရပ်မှလာသည်ကို မသိရသော ယောဂီဝတ်စုံနှင့် အဘိုးကြီးတစ်ဦး ရောက်ရှိနေလေသည်။

တစ်နေ့တွင် ခင်မိုးဦးတို့သားအမိနှစ်ယောက် စေတီလေးတွင် ပန်းရေချမ်း ကပ်လှူအမျှဝေပြီးနောက် ထိုအဘိုးကြီးက ...

"သမီးလေး ... ခင်မိုးဦး၊ ရတနာသုံးပါးကို မြဲမြဲဆည်းကပ်နော်။ သမီးကလေးအတွက် စိုးရိမ်စရာတွေရှိနေတယ်။ မိုးနှောင်းလေး ခေါ်နေတာ သမီးသိတာယ်မဟုတ်လား။ မိုးနှောင်းလေးအတွက် အမျှပေးဝေပါနော်"

ဟုဆိုကာ မိုးဦးတို့အနီးမှ ထွက်ခွာသွားလေသည်။ ထိုအချိန်တွင် အနီး၌ မိခင်ကြီးဒေါ်မေနှင်းပါရှိနေသော်လည်း သူတို့နှစ်ဦးမှာ အဘိုးကြီးအား မည်သည့်စကားကိုမျှ ပြန်လည်၍ မပြောဖြစ်ခဲ့ပါချေ။ နောင်ရက်များတွင် အဘိုးကြီးအား စေတီအနီးတစ်ဝိုက်တွင် မတွေ့ရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပါပြီ။

ထို့ကြောင့် ခင်မိုးဦးလည်း မထူးတော့။ မိမိမြင်မက်သော အိပ်မက်များကို မိခင်ဖြစ်သူအား ပြောပြရာလေတော့သည်။ ထိုအခါတွင် မိခင်ဖြစ်သူမှာ ကွယ်လွန်သွားပြီဖြစ်သော သမီးငယ်အတွက်





သောကတို့ပင် မပြယ်သေး။ သမီးကြီးအတွက် စိုးရိမ်စိတ်တို့ ထပ်ဆင့်လာရပေသည်။

ထိုအချိန်တွင် ဝေလင်းတစ်ယောက်ကတော့ ခရေပင်ကြီးအောက်တွင် လွမ်းသီချင်းကိုပင် မဆိုနိုင်ခဲ့ပါချေ။ ခရေပန်းသီခဲ့သော လက်တွေကိုပင် အပြစ်ပေးရလေမလား စကားတတ်သော ခရေပွင့်လေးများကိုပင် အပြစ်ပေးရလေမလား မဆုံးဖြတ်နိုင်ခဲ့ရှာပေ။ ခရေပင်ကြီးအောက်တွင်ငေးမောရင်း မိုးတွေညို့တိုင်း မျက်ရည်စို့ရသူကတော့ ဝေလင်းဆိုသော ကိုကိုသာ။ ဒါပေမဲ့ ဝေလင်းတစ်ယောက် ခရေပင်ကြီးအောက်တွင် ထာဝရနေခွင့်မရနိုင်ပါ။ ကျောင်းတွေပြန်ဖွင့်တော့ ရွာကိုခွဲခွာခဲ့ရပါတော့တယ်။

ခင်မိုးဦး၏ဦးလေး ဦးကျော်စွာကြီးကတော့ ညီမဖြစ်သူ ဒေါ်မေနှင်းနှင့် တူမကြီး ခင်မိုးဦးတို့ စိတ်ပြေလက်ပျောက်ဖြစ်စေရန် တောင်ခြေရွာကလေးတစ်ရွာတွင်ရှိသော ဘဘုန်းကြီးထံသို့ လိုက်လံပို့ဆောင်ပေးခဲ့သည်။ ထိုရွာကလေးသည် ခင်မိုးဦးတို့ရွာနှင့် အလွန်ဝေးကွာလွန်းမှု သွားလာရန်ခက်ခဲသော ရွာကလေးလည်းဖြစ်သည်။ သဘာဝအလှတရားတို့ မပျက်စီးသေးဘဲ ကြည်နူးဖွယ်ရွာကလေး ဖြစ်သောကြောင့် ခင်မိုးဦးတို့သားအမိ စိတ်ချမ်းသာကြရသည်ပင်။ ဘဘုန်းကြီးကား ထိုရွာကလေးတွင် တရားရိပ်သာကို ဖွင့်လှစ်ပေးထားရုံသာမက ရွာနီးချုပ်စပ်မှကလေးများအတွက် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းကလေးပင် ဖွင့်လှစ်ပေးထားပါတယ်။ ဦးကျော်စွာသည်လည်း ဘဘုန်း၏လုပ်ငန်းကိစ္စတိုင်း၌ ရှေ့က ပါဝင်သူတစ်ဦးပင်တည်း။

ခင်မိုးဦး၏ဖခင် ဦးမိုးအောင်ရောက်လာသောအခါ ခင်မိုးဦးမှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... သမီး ဒီဘုန်းကျောင်းမှာပဲ ကျောင်းဆရာမ ဝင်လုပ်တော့မယ်။ ပြီးတော့ အဝေးသင်ပြောင်းတက်မယ်"

လို့ ဆိုပါတော့တယ်။ မိဘများကလည်း ယခုနှစ်တစ်ယောက်တည်းဖြစ်နေသောကြောင့် သမီးကြီးအား ကျောင်းတက်ရန် စိတ်မချပါပေ။ ထို့ကြောင့် သမီးကြီး၏ဆန္ဒများကို လိုက်လျောခဲ့လေသည်။ ဒေါ်မေနှင်းမှာမူ တရားရိပ်သာတွင် အသားကျနေသော်လည်း အိမ်ဖထောင်မှုတာဝန်နှင့်အသီးသီးတို့ကြောင့် ခင်ပွန်းသည်ရှိရာသို့ ပြန်လည်လိုက်ပါခဲ့ရပြီး တစ်ခါတစ်ရံတွင်မှ တရားရိပ်သာသို့ ပြန်လာခဲ့လေသည်။

ခင်မိုးဦးတစ်ယောက်ကတော့ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုသလို ကျောင်းဆရာမလုပ်ရင်း ဘုန်းဘုန်း၏ သွန်သင်ဆုံးမမှုအောက်တွင် တရားပေစာတို့ဖြင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်ပေါ့။ တစ်နေ့မှာတော့ ခင်မိုးဦးတစ်ယောက် ဘုန်းကျောင်းကိုအသွား ကျောင်းပေါက်ရောက်ရောက်ချင်း ကျောင်းပေါက်ဝမှာကပ်ထားသော စာသားလေးကိုဖတ်မိပြီး သွားလေသူခင်မိုးနောင်းကို ပြန်လည်မြင်ယောင်မိသလို သေခြင်းတရားကိုလည်း နှလုံးသွင်းမိလာပါတယ်။ ဘုန်းဘုန်းကို ဦးချကန်တော့သောအခါတွင်လည်း ဘုန်းဘုန်းက ဆုံးမစကားများ ပြောကြားခဲ့လေသည်။ ဘုန်းဘုန်း၏စကားများတွင်ကား ...

"ဝန်တိုဆိုပိတ် ရမ္မက်စိတ်တွေက လူတွေကို ကောင်းကျိုးမပေးဘူး ... ဒကာမလေးတို့ရဲ့"

ဟူ၍ အစချီလေသည်။ ထိုစကားများအနက် ခင်မိုးဦးနှလုံးသားတွင် ပဲ့တင်ထပ်နေသည်ကား ...

"မြေးသားမြစ်စည်၊ ပျော်တာရည်၍၊ ချစ်ရည်ခိန်းခြောက်၊ အိုမင်းရောက်မှ၊ စွန့်ပြောက်လူ့ဖော်၊ တောထွက်သော်လည်း၊ အကျိုး





မမြင်၊ ဒုက္ခပင်တည်း"

ဟူသော စာသားကလေးပါပင်တည်း။ ယေစဉ့်အခါက ဦးလေးဦးကျော်စွာကြီး၏ဆုံးမစကားများကို နားဝင်ချိုခဲ့သူ ခင်မိုးဦးတစ်ယောက် ဘုန်းဘုန်း၏ဆုံးမစကားများကိုကား ပျားရည်စက်များပမာပင်။

ထိုအချိန်တွင် ဝေလင်းဟာစ်ယောက်ကတော့ ကျောင်းတက်ရင်း ခင်မိုးဦးကို ဆက်သွယ်ရှာပါသည်။ ခင်မိုးဦးကတော့ ကလေးငယ်များကိုစာသင်ရင်း ဘုန်းဘုန်းတို့၏ အရိပ်အာဝါသအောက်တွင် ပျော်မွေ့နေပေပြီ။

တကယ်တော့လည်း ခင်မိုးဦးတစ်ယောက် အမည်နှင့်လိုက်အောင် မိုးကိုခင်တွယ်တတ်သလို ဒုက္ခများနှင့်မတွေ့မီတွင် အသိတရားများကို ဦးစွာနှလုံးသွင်းနိုင်သူ မိုးဦးပင်ဖြစ်ခဲ့ရပါလေသည်။ ခင်မိုးနောင်းသည်ကား အမည်ပညတ်ကြောင့် အသိနောင်းခဲ့လေသလား၊ ဘဝခံယူချက်ကြောင့်လေလားမသိ အသိနောင်းခဲ့လေသူပင်။

ဒီလိုနှင့် ခင်မိုးဦးတစ်ယောက် ဘုန်းကျောင်းတွင် ကျောင်းဆရာမလုပ်ရင်း (၇)နှစ်မြောက်သောအခါ မိခင်ကြီးက ရွာသို့ပြန်လာရန်မှာ ကြားလိုက်လေသည်။ အကြောင်းမှာ သမီးကြီးအား ရွာထဲရှိ စက်သူဌေးကြီးတစ်ဦးနှင့် အိမ်ထောင်ချပေးရန်ဟူသတည်း။ ဘာပဲဖြစ်ဖြစ် ခင်မိုးဦးတစ်ယောက် မိခင်ဖြစ်သူ မှာသည့်မို့ ပြန်ခဲ့ရသည်။ အပြန်လမ်းတွင် ထူးဆန်းစွာတွေ့ရသည်က ရွာဦးစေတီလေးတွင် တစ်ခါက 'ရတနာသုံးပါး မြဲမြဲဆည်းကပ်နော်' ဟုပြောသွားသော ယောဂီဝတ်စုံနှင့်အဘိုးကြီးပင်။ ယခုအကြိမ်တွင်လည်း ထိုအဘိုးကြီးက ...

"သမီးလေး ... ခင်မိုးဦး၊ ဘုန်းကျောင်းကို ပြန်ဖြစ်အောင် ပြန်လာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုထွက်ခွာသွားပြန်ပြီ။ ခင်မိုးဦးတစ်ယောက် ဘာမျှ ပြန်မပြောဘဲ ငေး၍သာ ကျန်ခဲ့ရလေသည်။

အိမ်ရောက်တော့ မိခင်က အကျိုးအကြောင်းပြောပြီး စက်သူဌေးဦးကျော်ဝင်းနှင့်လက်ထပ်ရန် တိုက်တွန်းသည်။ ထိုအခါ ခင်မိုးဦးကား ဦးလေး ဦးကျော်စွာ၏စကားတို့ကို ကြားယောင်လာပြန်ပါသည်။ ထိုစကားတို့သည်ကား . . .

"တူမတို့ . . . အရာရာမှာ စိတ်ထားဖြောင့်မတ်ရတယ်"

"လူဆိုတာ တွေးခေါ်မြော်မြင်မှုရှိရတယ်"

"ဖြစ်ချင်တာထက် ဖြစ်သင့်တာလုပ်ရတယ်"

"ဘဝမှာကြုံတွေ့လာတဲ့ ကိစ္စရပ်တိုင်းကို ရင်ဆိုင်ဖြေရှင်းရဲရတယ်"

ဟူသော စကားများပင်တည်း။ ထိုစကားများကို ကြားယောင်ရင်း ခင်မိုးဦး ဘာကိုမျှဆုံးဖြတ်ချက်မချပဲ အိမ်တွင် နှစ်လခန့်ကြာခဲ့ပေပြီ။

မိုးသည်းသော တစ်နေ့တွင်မူ မိုးသည်းထဲမှ မပီဝိုးတဝါး မြင်ကွင်းကို ခင်မိုးဦးတစ်ယောက် လှမ်းမြင်လိုက်ရပေသည်။ ထိုမြင်ကွင်းကား ခင်မိုးဦးအရွယ်လောက်ရှိသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး။ သူတို့ရဲ့နံဘေးမှာ ကလေးငယ်တစ်ဦးလည်း ပါလာလေသည်။ ကလေးငယ်က မိုးသည်းထဲမှာပျော်နေပုံပင်။ တဖြည်းဖြည်း ခရေပင်ကြီးအနီးသို့ရောက်လာတော့ ထိုသူများထဲမှတစ်ဦးကို ခင်မိုးဦးမှတ်မိပါချေပြီ။ တစ်ချိန်က မိုးသည်းထဲမှာ သူတို့ညီအစ်မနှင့် အတူတူပျော်ခဲ့သည့် ကိုကိုဆိုသောဝေလင်း။ ဘေးနားကတစ်ယောက်ကတော့ သူ၏ချစ်ဇနီးချောဖြစ်ပေမည်။ ကလေးကတော့ သူတို့ရဲ့ကလေးဟု တွေးတော





နေမိပါတော့တယ်။

ယခင်ထဲက ကိုကိုအိမ်ထောင်ကျသွားသည်ဟူသော သတင်းကို ကြားခဲ့သော်လည်း ယခုလို မျက်နှာချင်းဆိုင်လာတွေ့သောအခါတွင်ကား အံ့ဩမှုယ်ပင် ဖြစ်နေသေးသည်။ ဒီလိုနှင့် အတွေးများကား ရပ်မသွားချေ။ ခင်မိုးဦး၏စိတ်အစဉ်မှာတော့ အတိတ်ရဲ့အရိပ်တွေက ဝေ့ဝဲ ရာမှာ သဲသဲကွဲကွဲပင် မြင်ယောင်လို့လာခဲ့ပါတယ်။ တစ်ချိန်က ဘောင်းဘီတိုတို၊ အကျီဗလာဖြင့် မိုးသည်းထဲမှာ ပျော်ခဲ့သောကိုကို၊ ခင်မိုးနှောင်းဆုံးစဉ်က မိုးရေထဲမှာ အရူးတစ်ယောက်ပမာ ငိုကြွေးခဲ့သော ကိုကို။ ခုတော့ မိုးရေထဲမှာ ချစ်ဇနီးချောနှင့် ပျော်လို့ရွှင်လို့။ ဒါတွေကိုတွေးမိတော့ ခင်မိုးဦးတစ်ယောက် သံဝေဂရနေသလား၊ တုန်လှုပ်နေသလား၊ ကိုကို့ကို အပြစ်တင်ချင်တာလား သူ့ကိုယ်သူ မသိနိုင်ခဲ့ပါချေ။

အတွေးတို့က ဒီမျှပင် ရပ်မသွားပါချေ။ ကိုကို့ကို အပြစ်တင်ရင် ငါကကော . . . ငါကကောလို့ ဆက်လက်တွေးတောနေပြန်ပါတယ်။ မည်သူသည် သေသူနောက်သို့ လိုက်ပါလိုပါသနည်း။ ညီမငယ်မိုးနှောင်း အိပ်မက်ထဲမှာလာခေါ်တော့ ကြောက်ကြောက်လန့်လန့်နဲ့ ရွတ်လိုက်ရတဲ့ သရဏဂုံတွေ၊ ပရိတ်တွေ၊ တရားစာတွေ ငါလည်း . . . ငါလည်း အတူတူပါပဲလားဟု တွေးတောရင်း ကိုကို့ကို ခွင့်လွှတ်နိုင်ခဲ့သည်ပင်။ ဤသို့နှင့် ဘုန်းကျောင်းပေါ်တွင် ဖတ်မိသောစာသားလေးကို သတိရကာ . . .

'အသက်ထင်ဘူ၊ ချစ်သောဟူလည်း၊ မယူတတ်အား၊ စွန့်ထားနောက်ပြန်၊ ငါ့ကိုချန်ခဲ့၊ သုသာန်တစ်စ၊ သချိုင်းတွင်၊ ပုပ်လှအကောင်၊ ဖူးဖူးရောင်လျက်၊ မီးလောင်တိုက်ထဲ၊ တန်ရှူစွဲတို့၊ အော်လဲကလူ၊ နှိပ်စက်မှုလည်း၊ မည်သူဆွေခင်၊ မဝင်အရေး၊ မီးသွေးမီးနာ၊ ပြာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သဘော၊ အရောရောလျှင်၊ နှီးနှောတမြေ၊ ကိုယ်လုံးကြွေမှ အနေမကျ၊ ဤဒုက္ခ'ဟူ၍ပင် အသံထွက်၍ ရွတ်ဆိုလိုက်မိလေသည်။

ခင်မိုး၏ အတွေးမျှင်တို့ကား ဤမျှနှင့်လည်း ပြီးဆုံးမသွားသေးပါချေ။ အိပ်မက်များထဲတွင် ကြားခဲ့ရသော ညီအစ်မနှစ်ယောက်၏ သစ္စာ ...

"ဘယ်ဘဝရောက်ရောက် အမြဲတမ်းမခွဲမခွာဘဲ၊ နှစ်ယောက်တစ်ဘဝနေကြမယ်။ ညီမတို့ကြားမှာ တစ်ယောက်ယောက်ဝင်လာရင် အဲဒီဘဝကနေ အမြန်ဆုံးထွက်ခွာခွင့်ရပါစေ"

ဟူသောစကားကို ကြားယောင်မိပြန်ပါသည်။ ဒီသစ္စာစကားသည် မတည်မြဲခဲ့ပါတကား။ ကိုကို့ကိုမြင်တော့ ခင်မိုးနှောင်းတစ်ယောက် အစ်မဖြစ်သူခင်မိုးဦးကို ထားခဲ့သည်။ ဒီသစ္စာနှင့်ဒီလုပ်ရပ်ကြောင့် မိုးနှောင်းတစ်ယောက် လူ့ဘဝမှ အမြန်ဆုံးထွက်ခွာသွားရလေသလား။ မိုးဦးတစ်ယောက်လည်း မိုးနှောင်းနောက်သို့ လိုက်မသွားနိုင်ခဲ့ပါချေ။ မိုးဦး၏သစ္စာသည်လည်း မိုးနှောင်းလိုပင်။

ပြီးတော့ အသက်နဲ့ထပ်တူ ချစ်ရပါသည်ဆိုသော ကိုကို့ရဲ့ သစ္စာစကား။ ဒီသစ္စာစကားသည်လည်း တည်မြဲခဲ့ပါသလား။ မတည်မြဲခဲ့ပါပေ။ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးဆိုသလို ဘဘုန်းတို့၏ အရိပ်အာဝါသအောက်တွင် သူတော်ကောင်းတရားတို့နှင့်နီးစပ်ခဲ့သော ခင်မိုးဦးသည်ကား ...

"တကယ်တမ်း မြဲသောသစ္စာသည်ကား လောက၏ ဖြစ်ခြင်းပျက်ခြင်း တရားပါပေတည်း"

ဟု နှလုံးသွင်းရင်း စောစောကလုပ်မိးမြင်ရသော ထိုသုံးယောက်နှင့် မျက်နှာချင်းဆိုင်ဆုံလိုက်ချိန်တွင် သုံးဦးအနက်မှ ကလေး





ငယ်က ရုတ်တရက် ခင်မိုးဦးအား ...

"မမ ... မမ"

ဟု မိုးရေထဲမှာ ပျော်ရွှင်မြူးထူးစွာ အော်၍ခေါ်နေပေသည်။ ခင်မိုးဦး အလန့်တကြားကြည့်လိုက်တော့ ကလေးငယ်က ခင်မိုးဦးတို့ငယ်ငယ်တုန်းကနဲ့ တစ်ပုံစံတည်း တူနေသလိုပင်။ ဒါ့အပြင် ညီမငယ် ခင်မိုးနှောင်းလို ပါးစပ်မှာ စံပယ်တင်မှည့်နဲ့ပါတကား။ လူ့ဘုံဘဝသည် ဤမျှဆန်းကြယ်သည်ကို ခင်မိုးဦးလည်း ကြိုတင်မတွေးခဲ့မိပါချေ။

နောက်တစ်နေ့တွင်မူ အိမ်ရှေ့မှ ...

"ခင်မိုးဦးရေ ... စာပါတယ်"

ဟူသောအသံကြောင့် အိမ်ရှေ့သို့ထွက်သွားပြီး စာကိုကြည့်လိုက်တဲ့အခါမှာတော့ ဘဘုန်းကျောင်းတွင် အတူစာသင်ခဲ့သော ဆရာဦးမျိုးညွန့်ရဲ့စာ ဖြစ်နေပါတယ်။ စာကိုဖွင့်ဖတ်လိုက်တော့ ...

ဒေါ်ခင်မိုးဦး

ကျောင်းတွေ ပြန်ဖွင့်ရတော့မယ်။ ဒီမှာဒေါ်ခင်မိုးဦးက ကျွန်တော်တို့ အားအကိုးရဆုံး ဆရာမတစ်ယောက်ဖြစ်တဲ့အတွက် မဖြစ်မနေ ပြန်လာစေချင်ပါတယ်"

ဆရာ ဦးမျိုးညွန့်

ဟူ၍ဖြစ်ပါတယ်။ ဒီစာကိုမြင်တော့ မိုးဦးရဲ့မိခင် ဒေါ်မေနှင်းက ပြောလာပြန်ပါတယ်။

'စက်သူဌေး ဦးကျော်ဝင်းက သမီးကို သစ္စာရှိရှိပေါင်းသင်းမှာ'ပါတဲ့လေ။ ခင်မိုးဦးတစ်ယောက်သူ့မိခင်စကားကို ကြားတော့ ...



www.burmeseclassic.com

www.burmeseclassic.com




'သစ္စာ . . . သစ္စာ' ဟူ၍ ပေကြောင်ကြောင်ကလေး ရွတ်နေမိပါတယ်။ သူ့မေမေကတော့ သူ့ကို အံ့သြတကြီးနဲ့ ကြည့်နေလေရဲ့။

နောက်နေ့တွေမှာတော့ ခင်မိုးဦးတစ်ယောက် မေမေ၏ပြောစကားများ၊ ပြီးတော့ ဦးလေးဦးကျော်စွာ၏ ဆုံးမစကား၊ ဘဘုန်း၏ တရားပေစာများ၊ အဲဒါတွေအပြင် ထရာဦးမျိုးညွန့်ရဲ့စာတို့သည် သူ့နှလုံးသားဆီသို့ အစီအရီ တိုးဝှေ့ဝင်လာပါတော့တယ်။ ဒါတွေတင်ပဲလားဆိုတော့လည်း မဟုတ်သေးပါတကား။ ကိုကိုနဲ့မိုးနှောင်း၊ ဘဘုန်းကျောင်းကို ပြန်ဖြစ်အောင်ပြန်လာပါဆိုသော အဘိုးကြီး၏စကား။ ထိုအရာများသည်လည်း မိုးဦး၏နှလုံးသားတွင် ရောထွေးယှက်တင်နေပေပြီ။

နောက်ဆုံးတစ်နေ့မှာတော့ ခင်မိုးဦး ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချနိုင်ခဲ့ပါပြီ။ ဖြစ်ခြင်းပျက်ခြင်းသော ထာဝရသစ္စာအဖြစ် တည့်ရှိနေသော ဤလောကတွင် ဘဘုန်းနှင့်ဦးကျော်စွာတို့၏ ဆိုဆုံးမမှုများကို ပျားရည်လိုချိုမြိန်ခဲ့သော ခင်မိုးဦးတစ်ယောက် မည်သည့်သစ္စာတရားတို့ကို တမ်းတစုံမက်နေတော့မည်နည်း။ မပျက်ခင်ခဏလေးအတွင်း ဖြစ်တည်လျက်ရှိနေသည့် လူ့ဘဝအချိန်တိုလေးမှာ စက်သူဌေးဦးကျော်ဝင်းနှင့် လက်ထပ်ခြင်းထက် ဦးမျိုးညွန့်တို့နှင့်လက်တွဲခြင်းက ဘဝအဓိပ္ပာယ်ပိုရှိမည်။ ဘဘုန်း၏ အရိပ်အောက်တွင်နေခြင်းက ပို၍သာယာမည်ကို ခင်မိုးဦးတစ်ယောက် ကောင်းစွာသဘောပေါက်လိုက်ပြီမို့ မိုးသည်းထဲမှာ အထုပ်အပိုးများနှင့် ခရီးထွက်ခွာသွားလေတော့သည်။

❀ ❀ ❀

နန်းရွှေရည်



www.burmeseclassic.com

## | ၁ |

(ဂဝံပတိထေရသည်) အဘိညာဉ်ဖြင့် မိခင်ကွယ်လွန်ပြီး မုဆိုးမ တံငါများရာ ဒေသကြီးတစ်ခု၌ လူပြန်ဖြစ်သည်ကိုမြင်ရာ မိခင်ဟောင်းအား သံသရာဝဋ်ဆင်းရဲက လွတ်ပါစေဟု နည်းလမ်းညွှန်ပြပြောဟောခြင်းငှာ ရာမညဒေသ သုဓမ္မပုရ (သုဓမ္မဝတီ, သုဝဏ္ဏဘုမ္မိ, သထုံ)သို့ ကြွလာ၍ တရားဟော၏။ ဘုရင်သီဟမင်းနှင့် ရှေးတစ်ဘဝ၌ ညီနောင်ဖြစ်ဖူးသောကြောင့် မင်းကိုပါ တရားပြလျက် ရတနာသုံးပါးကို ဆည်းကပ်စေသည်။ အရှင် (ဂဝံပတိထေရ) ဟောပြောသည်ထက် ဘုရားသခင်ကိုယ်တော်တိုင်ဟောပြောပါလျှင် ပိုကောင်းမည်ဟု စွဲမြဲယုံကြည်၍ ဘုရားသခင်ကြွရောက်ပါရန်ပင့်ရာ ဘုရားရှင်လည်း သဗ္ဗညုတဉာဏ်ကိုရပြီး ရှစ်နှစ်အကြာ နောက်ပါသံဃာအများနှင့် ကောင်းကင်ခရီးမှ ဒေသစာရီ





ကြွချီပြီး သုဓမ္မပုရတိုင်း၌ မင်းရော ပြည်သူများပါ သံသရာမှလွတ်မြောက်ကြောင်းတရားကို ဟောတော်မူသည်။

ခရစ်မပေါ်မီ ၅၁၅ (515 B.C) ၌ မြတ်စွာဘုရားရှင်သည် သထုံ (သုဝဏ္ဏဘုမ္မိ)သို့ ကြွချီတော်မူခဲ့သည်ဟု ဆရာတော် ဦးပညာသာမိက ၁၆-ဒီဇင်ဘာ ၁၈၆၁ တွင် ပါဠိဘာသာဖြင့် ရေး (ဘီစီလော,က အင်္ဂလိပ်ဘာသာပြန်) ပြီး လန်ဒန်၌ လူဇက်စာအုပ်တိုက်မှ ထုတ်ဝေသည့် 'သာသနာဝံသကျမ်း' စာအုပ်စာမျက်နှာ ၄၁-၄၂ ၌ ရေးခဲ့၏။

''ကေရာဇ်မင်းကို သာသနာရေး ဉာဏ်အရင်းပေးနိုင်စွမ်းသည့် အသျှင်မောဂ္ဂလိပုတ္တထေရ်သည် တတိယသံဂါယနာ၏အဆုံး (၂၄၇ ဘီစီ၊ ဗုဒ္ဓပရိနိဗ္ဗာန်ဝင်ပြီး ၂၃၆ နှစ်အကြာ ပါဋ္ဌလိပုတ္တ)၌ အနာဂတ်ကာလ၏အကျိုးကို မျှော်ကိုးလျက် နီးစပ်ရာဒေသတို့တွင် သာသနာပြုအံ့ဟုဆင်ခြင်၍ သုဝဏ္ဏဘုမ္မိသို့ မထေရ်တို့ကြွလာပြီးနောက် ဘုရင့်နန်းတော်၌ ကလေးဖွားမြင်တိုင်းလာစားသည့် ကြမ်းတမ်းသောဘီလူးမကိုနှိမ်နင်း၍ ဗုဒ္ဓသာသနာကို ခိုင်မာအောင် တည်တံ့စေသည်။

သီရိလင်္ကာ မဟာဝံသကျမ်း (ခရစ်ငါးခုနှစ်တွင် ရေးသားပြုစု၊ ၁၉၅၀ အင်္ဂလိပ်ဘာသာပြန်၊ စာမျက်နှာ ၈၂ - ၈၆) တွင်လည်း ဤသို့ဆိုခဲ့၏။ ပကိုးကလျာဏီသိမ်ကျောက်စာ (အေဒီ-၁၄၈၀) ၌ သုဝဏ္ဏဘုမ္မိ၏တည်ရာ အတိအကျဖော်ပြချက်ကို ဤသို့တွေ့သည်။

''သုဝဏ္ဏဘူမိတိုင်း၌ သီရိမာသောကအမည်ရှိသော မင်းသည် မင်းပြု၏။ ထိုမင်း၏ ရာဇဓာနီ မင်းနေပြည်သည် ကေလာသတောင်စေတီ၏ အနောက်မြောက်ထောင့်၌ ဖြစ်၏။ ထိုမင်းနေပြည်ကို 'ဂုလတိုက်မြို့ (တိုက်ကုလားမြို့)'ဟု ခေါ်ဝေါ်ကြကုန်၏။ (ဘုရားဖြူဆရာတော် ၁၉၃၈၊ စာ ၇၁)'' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သထုံ (သုဝဏ္ဏဘူမိ)သည် သုဝဏ္ဏဝတီ ဖြစ်သည်။ 'တိုက်ကုလားမြို့'ဟုလည်း ခေါ်ဝေါ်သည်။ ယခုကာလ မွန်ပြည်နယ်၊ ဘီလင်းမြို့နယ်' ကေလာသတောင်အနီး ဝင်းကာ၊ အရက်သမ (ရက္ခန်းသည်မ) နှင့် ဇုတ်သုတ်၊ အနိုင်းပွန့် ကျေးရွာနေရာများဖြစ်သည်ဟု ဆရာကြီး ဒေါက်တာသန်းထွန်းတို့ မြန်မာ့သမိုင်းပညာရှင်များက ယူဆထားကြသည်။ သို့လျှင်ဖြစ်၍ . . .

သုဝဏ္ဏဘူမိ (ခေါ်) သုဝဏ္ဏဝတီ ပျူမင်းနိုင်ငံသည် သရေခေတ္တရာ (ဗြိကွေတြ၊ Sriksetra)နှင့် ခေတ်ပြိုင်တည်ခဲ့ဖူး၏ဟု ဆိုနိုင်ရာသည်။

ဟုတ်ကဲ့ . . . ဘဝက် အခွင့်ကြုံခဲ့လေသဖြင့် အနီးသုဝဏ္ဏဘုမ္မိ ရှေးမြို့ဟောင်း၏ ဥပစာနယ်မြေ ဒေသအတွင်း နိုင်ငံဝန်ထမ်းဘဝက တာဝန်ထမ်းဖူးခဲ့ရပါ၏။ အကျဉ်းဦးစီးဌာနဝင် အကျဉ်းထောင်အရာရှိ တစ်ဦး ဘဝအနေဖြင့် ဖြစ်ခဲ့သည်။

သည်တွင် . . . တိုက်တိုက်ရယ်မှ ဆိုင်ဆိုင် 'သုဝဏ္ဏဘုမ္မိနိဗ္ဗာန်' နှင့်လည်း နဖူးစာဆုံခဲ့ရ၏။

'သုဝဏ္ဏဘုမ္မိငရဲ'ကိုလည်း အရှင်လတ်လတ်ကြီး ကိုယ်တွေ့ ကိုယ်ကြုံ ဖြစ်ခဲ့ရပါ၏။ သို့ဖြစ်၍လျှင် . . . 'သုဝဏ္ဏဘုမ္မိနိဗ္ဗာန်၊ သုဝဏ္ဏဘုမ္မိငရဲ' ဟု . . .။

[ ၂ ]

"ဗိုး . . . ပူလိုက်တဲ့နေကွာ။ ဘယ်သူ့အားကိုးပြီး ဒီလောက် ပူနေရတာလဲဟ . . . တကာတဲ"

စံမောင်ကြီးက သူ့မျက်နှာပေါ်မှ ဆီးကင်းခန့် ချွေးသီးကြီးများကို ညာလက်ခုံဖြင့်သပ်၍ ခါထုတ်ရင်း အော်ကြီးဟစ်ကျယ် ညည်းမိ၏။ လက်ထဲမှ ပေါက်ပြားကို အသာချလျက် ပင်ကိုအဖြူရောင်သည်ပင် လုံးဝမပေါ်တော့ဘဲ ရွှံ့နှစ်ရောင်၊ ဗွက်ရောင်သာ ပေါက်နေတော့သည့် ပုံစံလုံချည်စုတ်ကို သူ့ခေါင်းပေါ်ကဆွဲယူ၍ သူ့မျက်နှာ၊ ဦးခေါင်း နေလှန်းခံထားရသည့် ကျွဲကြီး၏ ကျောမွဲကြီးလို မဲသည်းနေပြီဖြစ်သည့် သူ့ပခုံးနှင့် နောက်ကျောပြင်တို့ကို အားရပါးရသုတ်ချရင်း ဝင်သက် လေကိုသာ အရသာခံရှိုက်သွင်း အမောဖြေနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး ... ပူချက်ကွာ ..."

ပူလွန်းသည့်နေဒဏ်ကို မကျေမချမ်းနိုင်စွာ ထပ်တွန့်၍ပင် ညည်းချမိလိုက်သေး၏။

ဟုတ်တော့လည်း ဟုတ်သည်။ သည်ကနေ့တွင်မှ နေကလည်း တော်တော်ပူချင်သည်။ ယခုပင်လျှင် သုံးနာရီကျော်ကျော် လေးနာရီနီး နေမွန်းတိမ်းခဲ့သည်မှာ ကြာလေလှပြီဖြစ်သည့်တိုင် နေအပူက အစွယ် မကျိုးချင်သေး။ နေလုံးဆီက အပူရည်တွေ အလျှံညီးညီး စီးကျနေသဲ့ဟုပင် ထင်ရ၏။

သည်ဝင်းပြန့်ကုန်းကလည်း၊ ဝင်းပြန့်ကုန်းမို့ ပူမည်ဆိုလည်း ပူချင်စရာ။ အောက်ခံမြေဆီ မြေသားလုံးလုံးမရှိ၊ နတ္ထိ။ ဂဝံမြေနီတွေ နှင့် ကျောက်စရစ်တွေ၊ သဲတွေရောနေသည့် ကျစ်တီးကုန်းမြေသက် သက်သာ ဖြစ်နေခြင်းကလည်း သေမင်းငင်နေကို ပူချင်သလိုသာ ပူပေရောဟု ရက်ရက်ရောရောကြီး ကြည်ဖြူလိုက်လျောထားလိုက် သလိုကြီး ဖြစ်နေတော့သည်။

မှန်ပြည်နယ်ဟုသာ ပြောရ၏။ ဘီးလင်းနှင့် တောင်စွန်းနယ် တစ်ဝိုက်က ကဲကဲမို့မို့ အစွန်းတွေချည်းသာ ထိုးထိုးထောင်ထောင် ထွက်နေတတ်သည့် ရာသီဥတုမျိုး ဖြစ်သည်။ နွေလည်းနွေမို့ အညာ ဒေသတွေမှာလိုပင် လွန်လွန်ကဲကဲ ပူပြပါလိမ့်မည်။ မိုးတွင်းအခါဆို လျှင်လည်း ဝေါချင်းဆက်လျှောက် မရပ်စတမ်း၊ မတိတ်စတမ်း ကောင်းကင်ကြီးများ ပြိုကျလေသလား ထင်ရလောက်အောင် ရွာတတ်သည်။ ဆောင်းရိပ် ဆောင်းနွေလေးမို့ မသန်းလိုက်လေနှင့်၊ ချမ်းချင်လာပြီး တပို့တွဲလကုန်ခါနီးအထိ မိုးနှင့်ဆောင်းရောထွေးလျက် မိုးတွေရွာချင် ရွာလိုက်၊ ပက်ပက်စက်စက် အေးချင်အေးလိုက်၊ မိုးတစ်ပြိုက် နှင်း





တစ်ပြိုက် ဖြစ်ချင်ဖြစ်နေတတ်သည်။ ရာသီလွန်သည့်ဒေသ။

ယခုပင်ကြည့်။

တစ်လခန့် တောက်လျှောက်ကြီး သည်လိုချည်းပဲ ပူချက်က ပြင်းနေတော့ရာ လူတွေမဆိုထားဘိ။ ကြံခင်း၊ ရာဘာခင်းကြီးတွေပင် ရွက်ဖျားတွေ ဝါကျင့်ခွေလိပ်၍ ပင်စည်တွေက သစ်ရည်တွေကဲ့ ယိုစီး ကျလျက် နေကြတော့သည်။

"ဗွီး ... လန်းတဲ့မှ ပူချက်နှယ် ရက်ရောပကွာ"

"ရော ... လူမတန် ကံချ။ ကိုယ်ဘာမှ မြူပြင်စီးရင်လို့ မရ တဲ့ မင်းအဘနေကိုပဲ အလကားနေအလကား တ,နေရသလားဟ။ ဒီလို နဲ့ မင်းရပ်နေတာပဲ ဘယ်လောက်ကြာပြီပဲ။ သူများတပ်စိတ်တွေက ငန်းသိမ်းကုန်ပြီ။ တို့တွေလည်း လက်စသတ်ထားမှ။ နေစွယ်ကျိုးလို့ လေဦးကလေးပြီမ်ရင် အရင်နေ့က ကိုင်းပင်ပေါင်းပင်ခြောက်တွေကို မီးရှို့ခဲ့ကြရဦးမဟ"

ရဲဘက်တပ်စိတ်မှူး စိန်ဗိုးက ဝင်လော၏။

သူပြောမှပင် ရွှေမြသာတို့ ညီပုချေတို့၊ အူစမန်တို့ တပ်စိပ် တွေဘက်ဆီမှ ဧက (၁၀၀) ရာဘာစိုက်ခင်းနှင့် ဝင်းပြန့်ကုန်းအစပ် ပလူမွှေ၊ ပလူတောင် ကြံခင်းများကို ခြားထားသည့် ပေနှစ်ဆယ် အကျယ် မီးတားလမ်းအား မြက်ပင်၊ ပေါင်းပင်၊ ကိုင်းပင်၊ ချုံနွယ် တွေ အပြောင်ရှင်းနေသည့်လုပ်ငန်းကို လက်စသိမ်း၊ ငန်းသိမ်းနေကြ ပြီဖြစ်ကြောင်း သတိထားမိတော့သည်။ ဟိုးဘက်ဆီ ထောင်မှူးကြီး ဦးတင်ဦးတို့ တပ်ဖွဲ့သုံး အဖွဲ့လုပ်ငန်းခွင် ချောင်းပြန့်ရွာသချိုင်းထိပ် ကျွန်းတောနှင့် ညောင်တစ္ဆေပင်ကွင်း တစ်ဝိုက်ဆီမှ ကျွန်းခွေမီးတွေ ရှိနေကြသည်ကိုလည်း မြင်နေရသည်။ မီးပုံဝင်းဝင်းလက်လက် တလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ မီးခိုးငွေ့တလူလူ၊ အမှိုက်ပုံ၊ သစ်မြစ်သစ်ငုတ်ဆုံတွေကို လည်း မမြင်ချင်အဆုံး။ အတိုင်းသား။

"ဟော့ ... မောင်မြင့်၊ ရေတစ်ပေါက်တိုက်စမ်းကွာ"

သူညာဘက်ဘေး တစ်လံခန့်အကွာ၌ ခွေးလှေးယားချုံများကိုထွင်နေသည့် မောင်မြင့်ထံမှ သူတို့ရဲ့ဘက်ကြီးများသို့ ကိုယ်စီထုတ်ပေးထားသည့် ပလက်စတစ်ရေဘူးကို လှမ်းတောင်းပြန်သည်။

"မင်း ရေဘူးဟာကော"

"ကုန်နေပြီကွ။ နေပူတိုင်း တစွတ်စွတ်သောက်နေရတာ၊ တစ်စက်တစ်ပေါက်တောင် မကျန်တော့ဘူး"

"အေး ... မင်းကလည်း မင်းပဲ။ ဟိုကောင် တပ်စိတ်မှူး စိန်ဖိုးက ဆဲမယ်ဆိုလည်း ဆဲချင်စရာ။ ဆူမယ်ဆိုလည်း ဆူချင်စရာ။ နွားပျင်းတော့ သေးပေါက်၊ လူပျင်းတော့ ရေသောက် လုပ်နေတာကိုးကွ ... ခို့။ မင်း 'ကိုယ်တာ'နေ့ကိုလည်း ကြည့်ပါဦး။ ဘာပြီးသေးလို့လဲ"

"ကိုင်း ... ရွှေယောက်ဖရေ၊ ရေဘူးသာ လှမ်းလိုက်စမ်းပါ ကျေးဇူးရှင်ရယ်။ မရှိလို့ လုပ်စားတာပဲ၊ ဖြည်းဖြည်းပေါ့ဟ။ ဒီနေ့မပြီးလည်း နောက်နေ့၊ နောက်နေ့မပြီးသေးလည်း ဟိုးနောက်တစ်နေ့၊ ဒီစခန်းကမလွတ်မချင်း နေ့စဉ်နေ့တိုင်း နိစ္စဓူဝလုပ်နေရမယ့် အလုပ်ကြီးကိုကွာ။ မင်းပဲ မပျင်းမရှိ"

"လုပ်ချင်လွန်းလို့လုပ်နေတာ မဟုတ်ဘူးဟေ့ ... ကျောမှုတာပဲ ခံနိုင်တယ်။ နားမှုတာ မခံနိုင်ဘူးဆိုတာလို တပ်စိပ်မှူး စိန်ဖိုးနဲ့ တပ်ခွဲမှူး သိန်းလှိုင်တို့ သောက်ဆိုသောက်ပြောတွေကို လုံးလုံးမခံနိုင်လို့ ဖွတ်ပေလုပ်နေရတာ ဘုရားသားရဲ့ ... သိပလား"

---

စိတ်ကျွေးသစ်စာပေ



သူတို့နှစ်ဦး၏ တွတ်ထိုးသံက နည်းနည်းကျယ်သွားဟန် တူသည်။ စိန်ဖိုးကြီးက ကွင်းစပ် ကျွန်းဖိုပင်ပေါက်တစ်ပင်အရိပ်၌ ကပ်၍ရပ်နေရာမှ သူတို့ထံ လှမ်းကြည့်လျက် အော်တော့၏။

"ကိုင်း ... ကိုင်း ... ဟိုဘက်က ဆူညံဆူညံ ရှုတ်မွှရှုတ်မွှနဲ့ ကိုယ့်ဆွေကိုယ့်မျိုးတွေရေ ... လုပ်ကြဦးဟ။ မြန်မြန်ငနုံးသိမ်းနိုင်အောင်။ တွေ့လား ... စံအောင်တို့၊ ညီတင်တို့ တပ်စိပ်တွေတောင် အရင်နေ့လက်ကျန် အမှိုက်ပုံခြောက်တွေကို စုပြီး မီးတင်နေပြီ။ နောက်ကျလို့ မနေ့ကလို ရေချိုးမမီလိုက်ဘဲ ချွေးတွေသံတွေ ဖုန်တွေသဲတွေနဲ့ လူးလဲပြီး ပြန်နေကြရဦးမယ်ဟ ... ပြောစရာ သောက်စကားတွေက ကုန်ပဲမကုန်နိုင်ကြတော့ဘူးလား"

သို့ဖြင့်လျှင် .... ကိုယ့်အလုပ်ကို ဇောပြန်ကပ်ရပြန်၏။ သည်အကောင်စိန်ဖိုးက ဆိုးဆိုးဆတ်ဆတ်၊ လက်မြန်ကိုယ်မြန် တူတ်ထိုးအိုးပေါက်သမား ဖြစ်၏။ သူ့အသံပြကြီး စီခနဲ ညံ့ခနဲကြား၍မှ မဆုံးသေးခင် ကိုယ့်အနား လေတိုက်သလို ရောက်ချင်ရောက်လာတတ်ကာ မထင်လျှင် မထင်သလို ဗြုန်းခနဲ ဗြုန်းခနဲ တွေ့ရာနှင့် ကောက်ရိုက်ချင်ရိုက်သွားတတ်သည့်လူမျိုး။ ထောင်မှူး ဦးစိုင်းထွန်းလူ၏ သည်တပ်ခွဲ (၁)တွင် လက်ဆကြမ်းကြမ်း၊ လက်ယဉ်သည့် တပ်စိပ်မှူးများထဲ၌ စိန်ဖိုးကြီးက 'ခေါင်'။ တပ်ခွဲမှူးသိန်းလှိုင်ပင်လျှင် တစ်ခါတစ်ခါ စိန်ဖိုး၏မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေရတတ်သေးသည်။ တပ်ခွဲတပ်ကြပ်ကြီး အဘ ဦးဘိုကေနှင့်ကလည်း အလွမ်းသင့်လှ၏။ ထွေးလုံးရစ်ပတ်။

"ဒုတ်"

"ဟင် ... ဘာကြီးလဲဟ"

ရှုပ်ထွေးနေသည့် ခွေးလှေးယားချုံနှင့် ဗိုးနွယ်ပင်တွေကို ပေါက်

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြားဖြင့် ခုတ်ဖြတ်သိမ်းရ၍ အပင်ခြေမှ တစ်လက်မသာသာ အမြစ်ရင်းအား ပေါက်ပြားစောင်းဖြင့် ပေါက်ဖြတ်လိုက်ရာ ဒိုးနွယ်ပင်အမြစ်ကြီးက ပြတ်ထွက်ကွားရုံမက။ ပေါက်ပြားက မာကျောကျော တစ်စုံတစ်ရာကို ဒုတ်ဒုတ်ထိ ခုတ်မိလေသဖြင့် 'ဒုတ်'ခနဲ ခပ်အုပ်အုပ်အသံထွက်လာ၏။ 'ဘာပါလိမ့်'ဟု သိလိုစိတ်က လှုံ့ဆော်နေ၍ မှဆိုးဒူးထောက်ထိုင်ချကာ သေသေချာချာ ကြည့်လိုက်ချင်သော်လည်း ဟိုအကောင်ဖိုးစိန်ရန်ကို ကြောက်ရသေးသည်။ လုပ်ငန်းသိမ်းချိန်နီးလာလေ အချိန်မီအလုပ် 'ကိုယ်တာ'တွေပြီးဖို့ တရမန်းကြမ်း လောဆော်လာလေ၊ သည်အကောင့်နှုတ်ဖွေက ကြမ်းလာပြီး လက်သရမ်းလာလေ ဖြစ်သည်။ အသက်လေးဆယ်ကျော် ယောကျ်ားရင့်မာကြီးဖြစ်နေမင့်မှ သူငယ်နှပ်စားကလေးတွေ ကြိမ်တွေတံပြာတွေ တဝင့်ဝင့်ဖြင့် ကပ္ပိခံနေရ၍ သိပ်မနိပ်လှဟု သူတွေးသည်။

ခုန မြေကြီးထဲမှ 'ဒုတ် ... ဒုတ်'က 'ဘာလဲ'ဆိုသည်ကိုလည်း သိချင်စိတ်က ဗျာများလာသည်။ ဟန်မပျက် အလုပ်လုပ်နေသည့်ပုံဖြင့် ပေါက်ပြားကိုဆ၍ ပေါက်ကြည့်၊ ကော်ကြည့်ဖို့ စဉ်းစားလိုက်၏။ စိတ်နောက်ကိုယ်ပါ ပေါက်ပြားကို လေထဲတွင်ဝဲ၍ လွှဲလိုက်သည်။

"ဒုတ်"

"ခွမ်း"

"ချလွမ်း ... ချွင် ... ချွင် ... ချွင်"

"ဟ ... ဟ ... ဘာတွေလဲဟ။ ဟင် ... ငွေဒင်္ဂါးပြားတွေပါရော".

သူ့ရင်ဘတ်ထဲက အူကလီစာတွေ ပါးစပ်ပေါက်ဆီ ခုန်တက်





လာ၍ နေတော့သည်ထင်၏။ မျက်လုံးကြီးတွေပြူး၊ ပါးစပ်ပေါက်ကြီးဟ၍ ပေါက်ပြားကိုကိုင်လျက်သားဖြင့် ကြက်သေသေကာ မှင်တက်မိနေတော့၏။

"စံမောင် ... ဟေ့ကောင်စံမောင်၊ ဘာဖြစ်နေသလဲ။ ပေါက်ပြားထိပလား။ ပိုးကောင်မွှားကောင်လား၊ ဘာဖြစ်တာလဲဟ။ မင့်ကြွနမော်နမဲ့ နမူးနားထိုင်းနဲ့"

"မောင်မြင့် ... ဟေ့ ... မောင်မြင့်"

"ဟေ ... ဘာဖြစ်လဲ ... ဆို"

"ရှူး ... ရှူး ... ဒီကိုလာဦး ခဏ"

"ဟော ... လုပ်ပြီ။ ပါးစပ်ပေါက်က မပြောချင်ဘူး။ မင်းအမေလင် တစ်စိပ်မျိုးက ခွေးသေကောင် လင်းတချောင်းသလို ချောင်းနေတာ ခင်ဗျားရဲ့ ... ဘာတုံး ... ပြောစရာရှိရင် လှမ်းပြော"

"ဟာ ... ဒီကောင်၊ လာဦးဆို ... မြန်မြန်"

"ဘာလဲကွ ... စံမောင်ရာ။ မင်းသောက်လုပ်ကလည်း ရှုပ်ပဟ"

"ဟေ့ကောင် ... ရော့ ... အဲဒီမှာ ... အဲဒီကိုစွ။ မလာချင်လည်းနေတော့။ ပြီးမှ ငါ့ကို တစ်ကိုယ်ကောင်းဆန်တယ် မပြောနဲ့။ ဒီမှာတော့ အိုးလိုက်တွေ့နေရပကွ"

ရင်တွေလည်း တဒိန်းဒိန်းခုန်နေသည်။

ခြေတွေလက်တွေ၊ ရင်တွေပန်းတွေလည်း တုန်ချင်သည်။ သူ့ခန္ဓာကိုယ် အတွင်းဘောကြီးပင် ကနားပွဲက နတ်ဝင်သည်တွေလို တဆတ်ဆတ် ယိမ်းထိုးလှုပ်ရှားနေ၏ ဝမ်းသာလွန်းနေသည်လား၊ ကြောက်စိတ်လားကို သူလည်းဝေခွဲမနိုင်။ သူ့ဘဝအသက်တာတစ်လျှောက် ကုသိုလ်ကံ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးပေးက ထစ်ခါဘူးမျှ ခွေးဟိုသင်းလောက်အောင် မချွန်မွှူးခဲ့ ကပေါ်သည့်ကိစ္စဆိုရွဲလည်း ရွာဦးကျောင်းမှ ကုဋ္ဌိဟောင်းတွေတူးဖို့ကုန်း က တစ်ကြိမ်မဲပေါက်ခဲ့ပြီး တစ်နေ့ကုန် နံနံစော်စော် ညစ်ညစ်ပတ်ပတ် တွေ ကိုင်ခဲ့ရှင်းခဲ့ရသည့်ကလွဲ၍ မကြုံခဲ့စဖူး။ ကိုင်း ... ယခုဖြင့် ထိန် နေငုပ်နေသော ကံတွေ မွင့်ပြီပေါ်ပြီပေါ့။

စံမောင်က ဝမ်းသာအားရ အယ်လဲကျောက်ကျက်ဖြင့် ငွေဒင်္ဂါး တစ်ပြားကို ကောက်ယူလျက် သူ့သူငယ်ချင်း ဆင်းရဲဖော်၊ ငတ်ဖော် ငတ်ဖက် မောင်မြင့်ထံ ပစ်ပေးလိုက်၏။

သူကမူ ငွေဒင်္ဂါးတွေ ဖွေးဖွေးလှုပ်နေသော မြေအိုးကို ပုဆိုးစ ဖြင့် ကပျာကယာအုပ်ကာ ထိုင်ချလိုက်သည်။ ပေါက်ပြားအရှိန်ဖြင့် ဘေးဘီသို့ လွင့်စဉ်သွားသည့် ငွေဒင်္ဂါးပြားတွေကို ကုန်း၍ကောက်သည်။ စုသည်။ စိတ်တွေဘောင်ဘင်ခတ်လျက် လူကလည်း ကိုယ့်အဖြစ်ကို ကိုယ်မယုံနိုင်သေးသလိုပင် ကြောင်စီစီ။

"ဟော့ကောင် ... စံမောင် ရှေးဟောင်းငွေဒင်္ဂါးကွ"

စောစောက အင်တင်တင်လုပ်နေချင်သော မောင်မြင့်ပင် သူ့ အနားသို့ မြွေတစ်ကောင်လို လျှောခနဲ ရောက်လာ၏။

"မောင်မြင့်ရေ ... ဒီမှာကြည့်ကွ"

စံမောင်က ပုဆိုးစဖြင့်အုပ်ထားသော ငွေဒင်္ဂါးဖွေးဖွေးတွေ နှင့် မြေအိုးကို ရုတ်ခနဲ လှန်ပြလိုက်၏။ သူတို့နှစ်ယောက်၏ မျက်နှာ ကြီးတွေက မှိုရသည့် မျက်နှာကြီးတွေလို ဝင်းထိန်နေသည်။ ရင်လည်း တခုန်ခုန်၊ ဒူးလည်း တတုန်တုန်။

"ဟကောင်ရ ... မနည်းပါလားဟ။ ဝင်းပြောင်နေတာပဲ။ ချီး ... တန်ဖိုးတော့နည်းမှာ မဟုတ်ဘူးကွ။ ဘယ်လိုလုပ်ရပါ့မလဲ။ ဒီ





အတိုင်း ငုတ်တုတ်ကြီးကြည့်နေလို့ကတော့ ဟိုလူကမိုက်ကြေးခွဲ၊ ဒီလူ က ခေါင်းပုံဖြတ်နဲ့ ဘာမျှတို့အတွက် ကျန်လိုက်မှာ မဟုတ်ဘူးကောင်။ 'လက်သပ်ကိုယ်ကျွတ်'ဖြစ်မှာပဲ။ နာမည်ကြီး ထမင်းငတ်ဖြစ်မှာ မြေကြီး လက်ခတ်မလွဲပဲ ကောင်ရေ"

"ဟုတ်ပကွာ။ ကဲ ... အဲဒါထား။ ဒါကြီးတွေကို ဒီအတိုင်း ကြီးထားလို့တော့ မဖြစ်ချေဘူး။ မင်းပလိုင်းသွားယူချည်။ တို့ပလိုင်း တွေထဲ ခွဲထည့်ထားကြရအောင်။ နောက်မှနောက်ဖြစ်သလို လျှောက်လျှား ပေါ့လကွာ"

"အေး ... အေး"

သူတို့နှစ်ယောက် ကျိတ်ကျိတ်ကျိတ်ကျိတ် ဖြစ်နေကြပုံကို စိန်ဖိုးက တစေ့တစောင်း ကြည့်နေကြောင်း သူတို့သတိလက်လွတ် သွားကြသည်။ သူတို့ကိစ္စနှင့်သူတို့ အလုပ်ရှုပ်နေကြဆဲ။

သည်နှစ်ကောင် တစ်ခုခုတော့ ထူးထူးလည်လည် ဖြစ်နေပြီ ဆိုသည်ကို ရဲဘက်တပ်စိတ်မှူး စိန်ဖိုးက အတပ်သိလိုက်ပြီ။ ဟုတ် သည်လေ ... စံမောင်ကြီးက ကျောလျားရှည်ကြီးနှင့် ပျင်းတိပျင်းတွဲ ထုံပေပေကောင်ကြီးဖြစ်သော်လည်း စိတ်ဖြောင့်သဘောရိုး၊ ကလိမ် ကကျစ်မလုပ်တတ်သည့် ပီဘိတောသားကြီး ဖြစ်သည်။ မောင်မြင့် ကလည်း ထစ်ခနဲဆိုလျှင် ရှူးခနဲ ဒိုင်းခနဲ လက်သီးလက်မောင်း ထထ တန်းတတ်သည့် ညဉ်ဆိုးကလေးကလွဲ၍ စိတ်ကောင်းလက်ကောင်း။ အလုပ်ကိုလည်း မနိုမကပ် ဒုံးပေကျွဲရေလုပ်တတ်သည်။ လုပ်နိုင်သည်။ သို့ဖြစ်၍လည်း မောင်မြင့်နှင့်စံမောင်ကြီးတို့ကို နှစ်ယောက်တစ်ဆိုင်း ငန်းခွဲပေး၍ အလုပ်ချထားပေးခြင်း ဖြစ်၏။ ယခုမူ ...

သည်နှစ်ကောင်ကို ကြည့်ရသည်မှာ အကဲမရ။



www.burmeseclassic.com

www.burmeseclassic.com



ကျိုးကန်းတောင်းမှောက်၊ သူခိုးလူမိုက်မျိုးတွေ ဖြစ်နေကြသည်။ မျက်လုံးမျက်ဖန်ကိုက ပုစွန်လုံးခဲဖိခံထားရသလိုမျိုး။ မဟုတ်မှလွဲရော။ သည်ကောင်တွေ မှိုကျင်းတွေပြိုထင်သည်။ သည်ဝင်းပြန့်ကုန်း၌ တောင်ပို့မှိုကြီးတွေ၊ မှိုအုန်းနက်ကြီးတွေ တစ်ဖျာရာစာ နှစ်ဖျာရာစာ ခဲသီးနေအောင် ပွင့်တတ်သည့် မှိုကျင်းကြီးတွေကို ကံကောင်းလျှင် ခဏခဏ တွေ့ရတတ်စမြဲ။ ဒိတ်ဆိုသည့် မှိုကျင်းမျိုးတွေ၌ကတော့ ခူးပေရော့၊ နှုတ်ပေရော့ လက်မောင်းပြုတ်ကျမတတ်။ အချိန် (၅၀)လည်းဟုတ်၊ (၁၀၀)လည်းဟုတ် ခူးရတတ်သည်။ 'သည်ကောင်တွေ ... ကေန္တ ...' စိန်ဖိုးက အတွေးမဆုံးသေးခင် ဟိုနှစ်ကောင်ရှိရာဆီသို့ အပြေးတစ်ပိုင်း သုတ်ခြေတင်မိခဲ့တော့၏။

သည်တွင် ...

ဟုတ်၏။ သည်တွင် စိန်ဖိုးပါ ငွေဒင်္ဂါးတွေကို ဗိုလ်တွေ့ခဲ့ရခြင်းဖြစ်သည်။ မနည်းလှပါကလား။ ထန်းရည်မြူအိုး အကြီးစားသာသာ သောက်ရေအိုး ခပ်ငယ်ငယ်အရွယ် ပုံကျပန်းကျ မြေအိုးနှုတ်ခမ်းပဲ့ထဲမှာလည်း ငွေဒင်္ဂါးတွေ။ သင်းတို့နှစ်ကောင်၏ ဝါးပလိုင်းတွေထဲ၌လည်း တချို့တစ်ဝက် 'ရတနာပုံဆိုက်တဲ့ ကိန်းတော့ တွေ့ပဟ။ ဒါကြောင့်ညက အိပ်ရာထဲမှာ အိပ်မက်ရာမက်ကောင်းပေးတာကိုး' ဟု ဝမ်းသာခွပ်တွေထ၊ အူတွေမြူးလျက်သားက စွတ်ရွတ်အော်မိတော့သည်။

"ငွေဒင်္ဂါးတွေဟေ့ ... ငွေဒင်္ဂါးတွေကွ၊ စံမောင်ကြီး ငွေအိုးတွေ့လို့ဟေ့"

"ဟာ ... ဟေ့ကောင် ... ဟေ့ကောင် ဖိုးစိန်၊ မင်းကွာ .. ဘယ့်နှယ် လျှာရှောင်လိုက်တာလဲဟ ... ခွီးတဲ့မှ။ ကြောက်လက်သည်ဝက် သိုသိုသိပ်သိပ် လုပ်ရမယ့်ဟာမျိုးကို ဘာဖြစ်လို့ ရွာလယ်ကောင်





မှာ လဲမှိုကြွေသလိုကြီး လုပ်ချလိုက်ရတာလဲ ... ကွ ... ချီး"

"ဟာ ... မွ ... မွ ... ဟုတ်ပကွာ။ ငါလည်း ဝမ်းသာလွန်းလို့ ဟေ့ကောင်ရေ။ နှုတ်မစောင့်မိလိုက်တာဟေ့ ... ဆောရီး၊ ဆောရီး"

သူ့ပါးစပ်ကသာ ဆောရီး။ အကျည်းသားရဲဘက်ပေါင်း ၁၀၀ ကျော်ဖြင့်ဖွဲ့စည်း၍ ကြံစိုက်ခင်း၊ ရာဘာစိုက်ခင်းကြီးများအတွင်း၌ လုပ်အားပေးနေကြသည့် သူတို့တပ်ခွဲ (၁) ထစ်ခွဲလုံးက မဆောရီးပါ။ နားများက ပါးလိုက်သမှ လှစ်လို့။ စိန်ဖိုးက 'ငွေအိုး ... ငွေအိုး' ဟု အော်လိုက်သံကြားကတည်းကပင် သူတို့တပ်စိပ်မှ ကျန်နေသည့် အိုက်တူ၊ စိန်လှအောင်၊ ကျော်ထူး၊ အောင်ဝါ၊ ထန်လင်းခိုင်၊ ရှိန်ခိုပေါင်၊ အောင်လှမြူတို့တစ်တွေက လုပ်လက်စလုပ်ငန်းတန်းလန်းတွေကိုရပ်၊ လက်ထဲက ဓားတွေ၊ ပုဆိန်တွေ၊ ပေါက်ပြားပေါက်တူးတွေ၊ ဝါးကပ်တွေကို ကြဲရာကျရာ 'ရော့ ... အင့်' ပစ်ထားခဲ့ကြပြီး သူတို့သုံးဦးဆီသို့သာ ဖွတ်အတင်း ပြေးချလာကြတော့၏။ အနားရောက်လာကြပြန်တော့လည်း သည်အတိုင်းငြိမ်နေကြသည် မဟုတ်သေး။ ဘောဘာဖောတွေက ငန်းတွေမန်းတွေ တက်လို့ တရှိန်ရှိန်။

"ဘယ်မလဲ ... ဘယ်မလဲ"

"ပြစမ်း။ ဟေ့ကောင် ... စံမောင်ကြီး ပြစမ်းဦးဟ"

"အေးဟေ့ ... ရှေးဟောင်း ငွေဒင်္ဂါးတွေကွ"

"ဟေ့ ... ဟေ့ ... ကျန်တဲ့ တပ်စိပ်တွေက ရောက်မလာခင် တို့တွေ ခွဲယူလိုက်ကြရအောင်ဟေ့"

"ဟေ့ကောင်တွေ ... ငါတွေ့ထားတာကွ ... ဟေ့ကောင်တွေ"

"မင်းတွေ့ပေမဲ့ မင်းကိုယ်ပိုင်ပစ္စည်းမှ မဟုတ်တာပဲကွ စံမောင်



www.burmeseclassic.com

www.burmeseclassic.com



ရ။ မင်းအမေအဖေ မြှုပ်ထားတဲ့ ဘိုးဘပိုင်းအမွေပစ္စည်းလည်း ဟုတ်မှ မဟုတ်ပဲဟာကို။ တို့တွေလည်း ထိုက်သင့်ထိုက်ရာတော့ လိုချင်သေးတာပေါ့ကွ ... မင်းကလဲ။ ဆင်းရဲဖော်ဆင်းရဲဘက် အချင်းချင်းတွေပဲဟ''

''အေးလေကွာ''

''ဟာ ... ဘာဆိုင်လဲကွ။ ငါ့ကံနဲ့ငါ တွေ့တာ။ ငါ့ထိုက်နဲ့ငါ့ကံ ပဲလေကွာ။ ဥစ္စာရင်းမှန်လို့ တွေ့တာပေါ့ကွ ... ဟ ... ဟော့ကောင်တွေ ... မင်းတို့ ... မင်းတို့ ပြောနေရင်းကွာ''

စကားအချေအတင် ပြောနေရင်းကပင် ရှမ်းကဒူးကောင်လေး အိုက်တူးက စံမောင်ကို တွန်းလှဲပစ်လိုက်၏။ ကျန်သည့် လူသိုက်ကလည်း စိန်ဖိုးနှင့် မောင်မြင့်တို့ကို ဖွတ်အတင်းတွန်းဖယ်၍ သဲကြီးမဲကြီး ဝင်လုကြတော့သည်။ ငွေအိုးကလေးတွေ့သည့် မြေကျင်းအနီး၌ ဒူးကလေးတွေတုပ်လျက် ထိုင်ကာ အိုးထဲမှ ငွေဒင်္ဂါးပြားတွေကိုသာ စိတ်ပြေနပြေရေတွက်ရင်း ကြည်နူးနေမိသည့် ကနဦး ကံထူးသူသုံးဦးသားမှာ ခွေးလှေးယားချီ၊ ဒိုးနွယ်ချိုတွေနံဘေးတွင် ပက်လက်ကလေးတွေ ဖြစ်နေကြတော့သည်။ အမွေသမားတစ်သိုက်ကား အကြိတ်အနယ်ပွဲကြီးပွဲကောင်း။

''ဟော့ကောင် ... စံမောင် ကံပေးသမျှနဲ့ တင်းတိမ်တော့ကွာ။ ဆရာတွေ၊ တပ်ကြပ်ကြီး အဘဦးဘိုကေနဲ့ တပ်ခွဲမှူး။ ထောင်မှူးတွေ့ရင် ပြဿနာက ရှုပ်လာတော့မှာ ... ထားခဲ့လိုက်တော့။ လာ .. မင်းတို့ပလိုင်းထဲက ဟာတွေနဲ့ပဲ ကျေနပ်လိုက်တော့။ အဲဒါတွေကိုပဲ လုံခြုံတဲ့တစ်နေရာမှာ သွားဝှက်ထားကြရအောင်''

ခါးပြမှုဖြင့် ထောင်ကျလာသည့် လူလည် 'စိန်ဖိုး'က သင်





ဥာဏ်ပေး၏။ သူပြောသည်က အခြေအနေနှင့် အံကိုက်နေသည်။

''ဟုတ်တယ် ... စံမောင်။ သိပ်လောဘ တက်မနေနဲ့တော့ ယောက်ဖ။ သွားကြစို့။ ခါးပိုက်ထဲက ကြက်ဥကြော်စားတာက ဗိုက်ဝဖို့ သေချာတယ်။ ချုံထဲက ကြက်မကြီးကိုပါဖမ်းရင်း ကြက်မလည်း လွတ်၊ ကြက်ဥတွေလည်းကွဲ ... ငတ်ကြီးကျနေဦးမယ်။ စိန်ဖိုးပြောသလို ကံပေးသမျှပေါ့''

''အေး''

''နေဦးကွာ။ ဒီလောက် ပြောမရပြုမရ ခွတ်ကြီး အမွေလုပ်ချင်တဲ့အကောင်တွေ။ မှတ်လောက်သားလောက်တော့ ကြိတ်ခဲ့ဦးမှ။ စားရတဲ့အမဲ သဲနဲ့ပတ်တယ်ပဲ ပြောချင်ပြောကြစေတော့''

''ဟော့ကောင် ... စံမောင်။ ဘာတွေပေါက်တတ်ကရ လျှောက်လုပ်ဦးမလို့လဲ။ သူတို့အကုသိုလ်နဲ့သူတို့ လွှတ်ထားလိုက်စမ်းပါကွာ။ ကိုယ့်ကိစ္စကိုယ် လုပ်ကြရအောင်''

''အေးလေကွ''

''အေးပါဟ ... ခဏလေးပါ''

စံမောင်က စိန်ဖိုးနှင့်မောင်မြင့်တို့အား ပြန်စောင်းမှပင် လှည့်ကြည့်ဘဲလျက် အခြားရဲဘက်တပ်စိပ်များရှိရာသို့ ခုနစ်သံချီသံကုန်တစ်တော့၏။

''အဘ ဦးဘိုကေရေ ... ဟောဒီမှာ ငွေအိုးတွေ့လို့ဗျို့။ ရှေးဟောင်းငွေဒင်္ဂါးတွေရယ်ဗျို့။ အစ်ကိုကြီး ကိုသိန်းလှိုင်ရေ ... ဆရာသောင်းရှိန်ရေ ... ငွေအိုးဗျို့ ... ငွေအိုး ... ငွေအိုး''

နှစ်ကျော့ သုံးကျော့ သံကုန်တင် လှန့်ချီပေးခဲ့ပြီးနောက်မှ စိန်ဖိုးတို့အား မျက်စိတစ်ဖက်မှိတ်ပြလျက် 'လစ်စို့'ဟုဆိုကာ တစ်



www.burmeseclassic.com

www.burmeseclassic.com



မျှော်ခန့်ရှိ ဝင်းပြန့်ကုန်းမီးကင်းစောင့် တပ်ကြပ်ဦးဝင်းမောင်တို့ အမေ ညွန့်တို့တဲကြီးဆီ ရေးရှု၍ ထွက်လာခဲ့ကြတော့၏။ စိန်ဖိုးသည် ပြုံးရယ်လျက်သားက 'စံမောင်ရယ်၊ အရေးထဲမှာ ကျလည်းကျတဲ့ကောင်ကွာ' ဟုပြောကာ ငွေဒင်္ဂါးတွေကို ဝိုင်းလုယက်နေကြသည့် အိုက်တူးတို့၊ ထန်လင်းနိုင်တို့ လူသိုက်ဆီ ပြုံးစိစိလှမ်းကြည့်၏။

ဟိုမှာက ပွဲကောင်းနေတုန်း။

မြေအိုးတစ်စိတ်ခန့် ကျန်နေသေးသည့် ငွေဒင်္ဂါးပြားတွေကို သူ့ထက်ငါဦး ဆွဲကြလွဲကြ၊ လုကြယက်ကြ အသည်းအသန် ဘီလူး သရဲစီးနေကြတုန်းဖြစ်သည်။ စံမောင်ကြီးက ပွဲလှန့်လိုက်သဖြင့် ဘုမသိ ဘမသိ တစ်ပြုံတစ်မကြီး ပြေးလာကြသည့် အကျဉ်းသားရဲဘက်တွေ ယင်ကောင်အုပ်အုံသလို ပြုံကျလာသည့်အခါ အခြေအနေမှာ ပတ် တုတ်၍ပင် မရတော့။ ဝန်ထမ်းတွေလည်း ထိန်းမနိုင်သိမ်းမရ။ အကြပ် တွေလည်း လက်မှိုင်ချ၊ တပ်ခွဲတပ်ကြပ်ကြီး ဦးဘိုကေနှင့် တပ်ခွဲမှူး ထောင်မှူးဦးထွန်းလူတို့သည်ပင်လျှင် ကမ္ဘာသကာ သဘောထားလျက် သည်အတိုင်း ထိုင်ကြည့်နေရတော့သည်သာ။

စံမောင်၊ စိန်ဖိုးနှင့် မောင်မြင့်တို့က ဆရာဦးဝင်းမောင်တို့တဲ ဆီ လှစ်ခနဲ ရောက်လာကြချိန်၌ လူရိပ်လူယောင်မမြင်။ တံခါးတွေကို စေ့၍ ကြက်ခြေတံခါးကို ဝါးချောင်းနှင့် ကန့်လန့်ထိုးထားသည်ကိုသာ တွေ့ရသည်။ ခြံတွင်းမှာ ဒေသဗမာမျိုး ကြက်သားအုပ်မတွေ လေးငါး ဆယ်ကောင်။ သည်လိုပုံဖြင့် ဆရာကြီး ဦးဝင်းမောင်တို့၊ အမေညွန့်တို့ လင်မယားက ကျောက်ရေတွင်းရွာထိပ်မှ ဦးဘစီတို့၊ အမိုးကြီးတို့တဲရှ ဆီ ခဏဆင်းသွားကြသည် ထင်၏။

သို့ဖြင့် . . .





တဲနောက်ဖေး ဘူးစင်ကြီးအရိပ်အောက်မှ ရေတိုင်ကီနှင့် တိုင်ကီအောက်ခံ ကျောက်ပြားကြီးတွေကို ဘေးရွှေ့၊ ယူရီးယား ဓာတ် မြေသြဇာအိတ်အကြည်ဖြင့် ထုပ်ထားသည့် ရှေးဟောင်းငွေဒင်္ဂါး (၃၂၄) ပြားပါအိတ်ကို တူး၍မြှုပ်။ ကျောက်ပြားနှင့် ရေတိုင်ကီကို မူလအတိုင်း ပြန်နေရာချ၊ ခြေရာလက်ရာ ခြေစခြေနတွေ ပျောက်အောင် သုံးယောက် စလုံးအနီးရေတွင်းမှ ရေငင်ကာ ကျောက်ပြားများပေါ် ဖိမ်ဖြင့်ထိုင်၍ အားရပါးရ ရေချိုးလိုက်ကြ၏။

ပြီးမှ . . . သူတို့၏ ပိရိသေသပ်သော လုပ်ရပ်ကလေးတွေ ကို တွေးရင်းတွေးရင်း ပီတိကျလျက်။ သူတို့လုပ်ငန်းတပ်ခွဲ အလုပ် လုပ်ရာနေရာဆီ ရယ်ကာပြုံးကာ ပြန်ခဲ့ကြသည်။

"ကံနဲ့လူ မပူနဲ့ဆိုတာ ရှေးလူကြီးသုံ့မစကား၊ တယ်မှန်ကိုး ကွ စံမောင်ရဲ့။ ကံဆိုးလို့ ထောင်ကျလာတာတောင် ကံကောင်းချင် တော့ ရှေးဟောင်း ငွေဒင်္ဂါးတွေ အိုးလိုက်တွေ့ရသေးသတဲ့မောင် . . . ဟုတ်ပေ့ကွာ . . . ဟဲ . . . ဟဲ . . . ဟဲ"

ရဲဘက်တပ်စိတ်မှူး စိန်ဖိုး၏ဟဲသံကို စံမောင်မကြား။

သူကလည်း သူ့အတွေးတွေနှင့်သူ စိတ်ကူးဖဲရိုက်ရင်း မျက်နှာ ကြီးက ပြုံးနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၃

သူတို့တစ်တွေ တပ်ခွဲဆီသို့ပြန်ရောက်လျှင် တပ်ခွဲလုပ်ငန်းခွင်က သိမ်းပြီးနေပြီ။ တပ်စိတ်လိုက် ရဲဘက်တွေ နှစ်ယောက်တွဲ ရှေ့နောက်တန်းစီ၍ ထိုင်ပြီးနေကြပြီ။ လုပ်ငန်းသုံးပစ္စည်းတွေ၊ စားအိုးသောက်ခွက် ဝန်စည်စလယ်တွေ၊ ရေပုံးတွေ အားလုံး တစ်နိုင်စီသယ်၍ ပြန်ကြဖို့ပင် အဆင်သင့်ပြင်ဆင်ပြီးကြပြီ။

"ဟေ့ကောင် ... စိန်ဖိုး၊ မင်းက တပ်စိတ်မှူးတစ်ယောက်ဖြစ်ပြီး ကိုယ့်တပ်စိတ်ကိုပစ်လို့ ဘယ်ပျောက်နေရတာလဲကွ။ ဒီမှာ ဒီလောက် ကမ္ဘာပျက်ခမန်း ဖြစ်နေတာကြီးကို မင်းမို့ရေခဲနှင်းဆောင်းရှိပ။ နို့ပြီးတော့ ... 'ငွေအိုးတွေ့ပြီဟေ့လို့' အော်ခဲ့တာ စံမောင်ဆို။ အခု စံမောင်ရော ... မောင်မြင့်ရောခေါ်ပြီး ဘယ်ကို သဝေထိုးပြန်လာခဲ့ကြတာလဲ"





ရဲဘက်တပ်ခွဲမှူး သိန်းလှိုင်က ရုပ်တည်ကြီးဖြင့် ခပ်ထန်ထန်ဟောက်နေသည်။ မျက်နှာကြောကလည်း မာပ။ သူတို့သုံးယောက်ကို ကဲကြည့်လိုက်သည့် မျက်လုံးအဝင့်ကပင် မသက်သာကင်းပုံမရမှန်း သူတို့ အတပ်သိလိုက်၏။

ဝန်ထမ်းဆရာတွေ၊ ရဲဘက်တွေ၏ အရိပ်အခြည် မျက်နှာကဲကလည်း သိပ်မနိပ်လှ။ မုန်းတိုင်းကျပြီးစ ရာဘာခင်းနှယ် ဝရုန်းသုန်းကား၊ မကြည်လင်။

"တပ်ခွဲမှူးကလည်း ခင်ဗျားထင်တာတွေချည်းပဲ အရမ်းစွတ်စွတ်ပြောမနေနဲ့ဦးဗျ။ ဗွေဆော်ဦး ဘာတွေဖြစ်ခဲ့လဲ၊ နောက်ပိုင်း ဘာတွေထပ်ဖြစ်သေးလဲ ... မေးကြည့်ဦး။ ခင်ဗျားကောင်တွေ သရဲမင်းရဲစီးလို့ ဒီမှာ စံမောင်ကြီးနဖူးကွဲသွားတာ သွေးတွေမတိတ်နိုင်ဘူး။ ဆရာကြီးဦးဝင်းမောင်တို့တဲဆီခေါ်သွားပြီး ဆေးထည့်လာခဲ့ရတာ ခင်ဗျားရဲ့။ ခင်ဗျားတို့တွေ ဘယ်လိုဖြစ်ကျန်ခဲ့သလဲဆိုတာ မဥပါဒ်အားဘူး။ ကျုပ်မလည်း ကျုပ်အပူနဲ့ကျုပ်ရယ်။ စံမောင်ကြီးကို မောင်မြင့် ကျောပိုးနိုင်းပြီး ဒုန်းစိုင်းပြေးသွားခဲ့ရတာ"

"ဟေ ... ဒီလိုလား"

စိန်ဖိုး၏ လေသံခပ်တင်းတင်း၊ မျက်နှာရှုမှုန်မှုန်ကြောင့်လည်းဖြစ်မည်။ သူပေးသော ဆင်ခြေစကားက အမြီးအမောက်တည့်နေခြင်းကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ သိန်းလှိုင်၏ အသံရော၊ မျက်နှာထားပါ လေလျော့သွားသည့်ပူဖောင်းလို ခပ်လျှော့လျှော့ ဖြစ်လာ၏။

"ဒီမှာလေ ... တွေ့လား။ ရေစင်စင်ဆေးပြီး ကြိတ်မုန်ရွက်၊ ရွှေရင်အေးရွက်တွေကို အရည်ညှစ်၊ ဖောချင်းသောချင်း ဖိသိပ်ထည့်ပေးထားတာတောင် သွေးက တော်တော်နဲ့မတိတ်နိုင်လို့ ကြာနေရ



www.burmeseclassic.com

www.burmeseclassic.com



တာ။ နောက်တန်းပြန်ရောက်လို့ ဆေးမှူး အဘဦးမင်းစိန်ကြီးဆီထပ်ပြရင်တောင် သုံးလေးချက်တောင် ချုပ်ရလိမ့်ဦးမယ် ထင်တယ်"

"ဟ ... အဲလောက်တောင်လား"

"ဒီမှာကြည့်လေဗျာ ... မတွေ့ဘူးလား။ ကိုယ့်ချင်းကိုယ့်ချမ်းတွေ ရကြပါစေဆိုပြီး ဒီကောင်စံမောင်က ဝေဿန္တရာအချိုးမျိုးနဲ့ အော်ပြီးဟစ်ပြီး အသိပေးခဲ့တာတောင် တစ်ချက်မင့်ဘဲ ကျေးဇူးဆပ်ထားတာလေ ... ကြည့်ပါဦး"

"အေးဟ"

တကယ်လည်း အိုက်တူးကတွန်းလှဲ၍ မြေပြင်သို့ စံမောင်ကြီးအလဲ၌ သူ့ပေါက်တူးနှင့်သူ့နဖူး ညှားလျက် မထိကွမ်းစားဖြစ်ခဲ့ရသည်မှာ အမှန်။ သို့သော် စာဖွဲ့ရလောက်အောင် မဟုတ်လှ။ ညာထဲကြီးရှင်စိန်ဖိုးက ကြိတ်မှန်ရွက်တွေ နှင့်လောက်အောင်ကပ် တမင်ပုံကြီးချဲ့ထားခြင်းဖြစ်သည်။

"ကဲ ... လာ ... လာ ... ထိုင်ကြ။ မင်းတို့သုံးယောက်ပါရင် လူစုံပြီ။ ငါလည်း အဘဦးဘိုကေဆီကို သတင်းပို့လိုက်ချေဦးမယ်"

"နေဦးလေ ... တပ်ခွဲမှူး။ ငွေအိုးကိစ္စကရော ဘာတွေဖြစ်ကုန်ပြီလဲ။ ငွေဒင်္ဂါးတွေ ဘယ်ရောက်ကုန်ပြီလဲ"

"ရှူး ... မင်းသောက်ပေါက်ကြီး ပိတ်ထားစမ်း စံမောင်။ ထောင်မှူး ဒေါသူပုန်ထနေတယ်။ မင်းသောက်အသံပြဲကြီးနဲ့ စနက်တံမီးရှို့ပေးခဲ့တဲ့ပုံးက ကွဲသဟေ့။ အုန်းခနဲပဲ။ တွန်းကြ၊ ထိုးကြ၊ လုကြယက်ကြနဲ့ အချင်းချင်း လူစိတ်ပျောက်ပြီး ဘီလူးသရဲ စီးလိုက်ကြပုံများ ဝေသာလီပြည် ဘီလူးကျသလိုပဲ ကောင်ရေ့။ ဟောဟို ရာဘာတောစပ်အပင်ရိပ်မှာ ထိပ်ပေါက်ခေါင်းပြဲ ချိုကျိုးနားရွက်ပဲ့ခဲ့တဲ့ သတ္တဝါ





တွေ ဆယ့်လေးငါးယောက်။ အုစမန်ဆိုရင် ဘယ်ကောင်က အငြိုးနဲ့ ဝင်ဆွမ်းကြီးလောင်းထားသလဲ မသိဘူး မျက်ကွင်းတွေညိုမည်းပြီး အခွက်ကြီးကို ဖူးရောင်လို့ဟေ့။ မင်းဒီငွေအိုးနဲ့ ဒီဒင်္ဂါးတွေအကြောင်း နောက်များမှပဲမေး ... ချီးတဲ့မှ"

ရဲဘက်တပ်ခွဲမှူး သိန်းလှိုင်က စကားစကို အတင်းဖြတ်၍ ဝန်ထမ်းများရှိရာ သတင်းပို့ဖို့ ထွက်သွားတော့သည်။

စံမောင်တို့လူသိုက်ကမူ ဝမ်းတွင်းမှ ကြိတ်၍ ပြုံးမိကြ၏။ သူတို့မယူချင်၍သာ ကျန်နေရစ်ခဲ့သော ငွေဒင်္ဂါးပြားကလေး မထော်မနန်းလောက်နှင့် မာန်တက်လျက် ခွက်ကပ်နှင့်မူးပြနေသည့် သိန်းလှိုင်၏ ကိန်းကြီးခန်းကြီး လုပ်နေသည့်ဟန်ပန်ကို ရယ်ချင်ပက်ကျိ ဖြစ်နေကြခြင်းသာ။

"တပ်ခွဲသိမ်းမယ်ဟေ့"

မကြာမတင်မီ သိန်းလှိုင်ကြီး၏အော်သံကို ကြားရသည်။

နောက် ... သူတို့ လုပ်ငန်းတပ်ခွဲ (၁)သည် ယခင်နေ့များကအတိုင်းပင် ဣန္ဒြေရရ ဟန်မပျက် မိခင်အလုပ်စခန်းဆီ အလုပ်သိမ်း၍ ပြန်လာခဲ့ကြ၏။ မူမပျက် ပုံမပြောင်း။ သိုသိုသိပ်သိပ်၊ ငြိမ်ငြိမ်ပြား။ တစ်နေ့ခင်းလုံး ဘာမှမဖြစ်ပျက်ခဲ့ရသလို ငြိမ်ကုပ်၍ တပ်ခွဲအိပ်ဆောင်ထဲသို့ ဝင်ခဲ့ကြတော့သည်။

ညမိုးကြီးချုပ်၊ အိပ်ချိန်မီးငြိမ်း၍ Light Down ချခါမှ ရဲဘက်တပ်ခွဲမှူး သိန်းလှိုင်က တပ်စိတ်များကို သူ့အနီး စုဝေးခေါ်ယူလျက် တိုးတိုးကျိတ်ကျိတ် သတိပေးသည်။

"နေ့ခင်းက စံမောင်ကြီးတွေ့သော ငွေအိုးမှ စုစုပေါင်းငွေဒင်္ဂါးပြား ၁၃၅ ပြား သိမ်းဆည်းရာဖွေရခဲ့ကြောင်း။ ငွေအိုး စတွေ့သူ စံမောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ၅ ပြား၊ မောင်မြင့်နှင့်ဖိုးစိန် ၃ ပြားစီ၊ ကျန် စိန်ဖိုးတပ်စိတ်မှ ရဲဘက် (၇)ဦးကို တစ်ဦး ၁ ပြားစီ။ တပ်ခွဲမှူး သိန်းလှိုင် ၂ ပြား၊ တပ်စိတ်မှူး (၉)ဦး တစ်ပြားစီ၊ ဘောက်ဆင်းရဲဘက်များ ၂ ယောက်တစ်ပြားစီ ဝေပုံကျ ခွဲပေးကြောင်း၊ ကျန်သည့် ငွေဒင်္ဂါး ၇၉ ပြားကို တပ်ခွဲမှူး ထောင်မှူး ဦးနိုင်ထွန်းလူနှင့် ဝန်ထမ်းအဖွဲ့က အချိုးကျ ခွဲဝေယူမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ ဝေပုံကျအစုထဲမှငွေဖြင့် မနက်ဖြန် ဝက်တစ်ကောင်ပေါ်၍ ရှေ့တန်းလုပ်ငန်းခွင်၌ ချက်ကျွေးမည်ဖြစ်ကြောင်း။ ငွေဒင်္ဂါးပြားများကို လုံခြုံရေးအရ တပ်ခွဲမှူး ထောင်မှူးက သိမ်းထားပေးမည်ဖြစ်ပြီး မိမိအိမ်က ထောင်ဝင်စာလာတွေ့လျှင် ထောင်မှူးထံကထုတ်ယူပြီး မိသားစုကို ပြန်ပေးလိုက်နိုင်ကြောင်း နှုတ်ပိတ်ရေငုံနေကြဖို့ အရေးကြီးကြောင်း ...ဘာညာဘာညာ'' တဲ့။

အားလုံးကလည်း တစ်စိတ်ဝမ်း တစ်လက်ညီပ။

မညီလို့လည်းမဖြစ်။ သည်အခြေအနေကြီးမှာ အရိုးများသောချေးခါးသောတွေ လုပ်နေပါက တော်ပေါက်တိုးရုံမျှမက ပုံမတော်လျှင်အများမေတ္တာရေစူးပြီး ဒုက္ခနှင့်လှလှ ညားရမည့်ကိန်းပဲရှိသည်။

''အလကားနေ အလကား ရသည့်ဥစ္စာ၊ နှစ်ယောက် ၁ ပြားဆိုလည်း ခါးသလား''

ထိုညက အတွေးကိုယ်စီဖြင့် တပ်ခွဲ (၁)အိပ်ဆောင်တစ်ခုလုံး နိဗ္ဗာန်ကို အကောင်လိုက်ကြီး အရှင်လတ်လတ်ရောက်နေရသလို မြူးနေကြတော့၏။

ညသည်ပင် တော်တော်နှင့် အိပ်မပျော်ခဲ့။

[ ၄ ]

''ဦးလေးကိုဘစီ''

''ဟေလကွာ''

''ထွေးညိုတစ်စိတ်နဲ့ ဦးလေးရဲ့ မဟာသြဿဓ နွားခြေထောက် စွပ်ပြုတ်ပွဲ လုပ်ဗျာ။ မုန်လာချဉ်ဖြစ်ဖြစ်၊ ပဲတီချဉ်ဖြစ်ဖြစ် ရရာကလေး ပါ တွဲပေး''

''ဟော့ကောင်ရ ...အားပေးတာတော့ ကျေးဇူးတင်ပါရဲ့။ ဒါပေတဲ့ မင်းစာရင်းက များနေပြီနော်။ ဟိုတစ်နေ့ကပဲ ဆရာရွှေဝတို့အဖွဲ့ မင်းကလွှတ်လိုက်လို့ဆိုပြီး တစ်ဝိုင်းလာကြိတ်သွားကြသေးတယ်။ မင်းအိမ်သားရော၊ ဒီတစ်ခေါက် ထောင်ဝင်စာလာတာ နည်းနည်းများခြားသလားလို့''



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... ဦးလေးဘစီရာ ... ဆတ်သီးပါခင်ဗျ။ မှာတာလေးသာ မြန်မြန်ချပေးစမ်းပါ။ အချိန်က ရလှတာမဟုတ်ဘူးရယ်။ အခုတောင် ဆရာသောင်းရှိန်နဲ့ တပ်ခွဲမှူး၊ ဆရာထောင်မှူးအိမ်ဖို့ အမိုးကြီးဆီမှာ ငါးဟင်းစားလာယူရင်း ကပ်ပါလာခဲ့ရတာ။ ဦးလေးစာရင်းရော ဒီကနေ့အတွက်ရော တစ်ခါတည်းရှင်းသွားမှာပါဗျ ... တာကတဲ"

"သိနိုင်ဘူးလေကွာ ... ထုံးစံအတိုင်း မှတ်လို့ပ။ နေပါဦး မိုးသံမကြား လေသံမကြားနဲ့ ဘယ်လိုအပေါက်ကောင်းတွေပြီး 'ရွှင်' နေတာလဲကွ ... ဟေ"

"ကဲဗျာ ... သွေးပူလေး အရင်လုပ်လိုက်စမ်းပါရစေဦး။ ပြီးတော့မှ ပြောကြတာပေါ့။ ဖာတ်ကြော်က အတော်ရှည်သားရယ်"

ဦးဘစီက နောက်ဖေးခန်းထဲ ဝင်သွား၏။

ချိုးချိုးချွတ်ချွတ် အသံတွေကြားရသည်။ ဆတ်သီးခမျာ တံတွေးများပင် နင်လာမိတော့သည်။

ဦးဘစီဆိုင်ကလေးရှိနေခြင်းက သည်စခန်းသည် ရဲဘက်များအတွက် အတော်အဆင်ပြေလှသည်။ သူ့သမီး အမာကြည်တို့၊ အမာစီတို့က ကုန်ခြောက်ကလေးနှင့် တွေလီကာလီ 'အာဂလန်ပါဂလန်' ကလေးတွေ ရောင်းသည်။ တို့တို့တိတိ ကလေးတွေပေမဲ့လည်း အခြေခံစားကုန်နှင့် နိစ္စဓူဝ သူတို့ဘဝတွေအတွက် လိုအပ်ရာရာကလေးတွေဖြင့် ဖြည့်ဆည်းပေးနိုင်သား။ သူ့သမက်နှင့် သူ့သားအောင်နိုင်ထူးတို့က လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်ခြောက်တွေကို ရောင်း၏။ ဒေသထွက်မုန့်မျိုးစုံ ဈေးတန်းကလေးကလည်း သူ့ဆိုင်ကိုရံ၍ စည်တတ်သေးသည်။ ဦးလေးကိုဘစီကိုယ်တိုင်ကမူ 'လက်သိပ်ထိုးခွက်ပုန်း' ပုံစံမျိုးဖြင့် ဈေး





မများလှသည့် တောအရက်နှင့် ဓနိရည်၊ တောင်ထန်းရည်၊ လှော်စာစသည်တို့ကို တိတ်တိတ်ဖြန့်ဖြူး၏။ သူပင်လျှင် ဤစခန်းကလေးမှ လွတ်မြောက်လာခဲ့သည့် ရဲဘက်လူဟောင်းကြီးဖြစ်လေရာ ဆရာကြီးတွေ၊ ဆရာလေးတွေမျက်နှာ၊ ဌာနမျက်နှာကြောင့် ပေါ်တင်ကြီးတော့မလုပ်ရဲ။ သို့နှင့်တိုင် လူပန်းစိတ်ပန်း၊ အလုပ်ဝန်စိတ်ဝန် ပိလွန်းလှသည့် သည်ရဲဘက်စခန်းကလေးမျိုး၌ လူသုံးတွင် အရာကျယ်လှသည့်သည်ရောင်းကုန်ကို ကင်းကင်းရှင်းရှင်းကြီးလည်း မျက်နှာမလွှဲရဲ။ သည်တော့ သမီးရည်စားမက၊ လင်မယားမကျ၊ သိသာသိစေ မမြင်စေနှင့် အချိုးချိုးလျက် သိပ်သိပ်သည်းသည်းကလေး ရောင်းရသည်။ ခက်လိုက်သည်က သည်ရွက်ပုန်းသီးသာလျှင် ရောင်းအားအတွင်ကျယ်ဆုံး။ တာအစားဆုံး။

"ရော့ ... ချကွာ။ နို့ပေတဲ့ ... ဟိုဟိုဒီဒီ ပြဿနာတော့ မတက်စေနဲ့ဦးနော်။ မင်းက ဒါကလေး နုတ်ခမ်းပေလိုက်တာနဲ့ အာစကျွှင်ချင်တဲ့မောင်မို့ သတိပေးရတာရယ် ... တစ်မျိုး မထင်နဲ့"

"အင်းပါ ဦးလေးရာ။ ကျုပ်ကလည်း ကျုပ်ကိုစောင့်ရှောက်ထားတဲ့ ဆရာသောင်းရှိန်မျက်နှာကို ဘယ်အိုးမဲသုတ်ရက်ပါ့မလဲ။ ခြောက်ခြေထောက်ရိုးစွပ်ပြုတ် ကောင်းကောင်းလေးတစ်ပွဲ ပါဆယ်ထုပ်ပေးလိုက်ပါဦး ... ဆရာ့ဖို့"

ပြောနေရင်းကပင် ဒန်ကရားထဲမှ ယမကာကို ငွတ်ခနဲ ငွတ်ခနဲ လဒမ်ျို မျိုနေတော့၏။ နူးအိမွှေးကြိုင်နေသည့် အမဲခြေထောက်စွပ်ပြုတ်ပန်းကန်ထဲမှ အသားတစ်ဖတ်ကိုလည်း ပူပူလောလောကြီး ခပ်၍ စားလိုက်သေးသည်။

"လုပ်ပါဦးကွ။ မင်းရဲ့ ငွေ 'ရွှင်'နေတဲ့ ဇာတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကိုဘစီက ဆတ်သီးအိတ်နားမှ ဝါးကွပ်ပျစ်ပေါ် ဝင်၍ထိုင်ချလိုက်ရင်း မေးသည်။ စပ်စုလို၍ မဟုတ်။ သူနှင့်ဆက်ဆံရသူတိုင်း ပြေလည်နေသည်ကြားလျှင် ဝမ်းသာမြဲ။ သူ့စိတ်အခံ သူ့ဉာဉ်ကြောင့်သာမေးမှန်း ဆတ်သီးသိ၏။

''ဟောဒီမှာ ... တစ်ပြားဆိုရင် ဈေးဘယ်လောက်ရမလဲ ဦးလေး''

''ဘာလဲဟ''

''ဒီမလေ ...''

ဆတ်သီးက သူ့လက်ထဲမှ အရာဝတ္ထုကို ဦးဘစီ၏လက်ဝါးပြင်ထဲသို့ ကျကျနန ပြောင်းထည့်ပေးရင်း သူ့လူမျက်နှာနေ အမူအရာပြောင်းလဲမှုကို အသာအကဲခတ်လျက် 'ဘာသံထွက်လာမလဲ' နားစွင့်နေလိုက်၏။

''ဟင် ... ဟဲ့ကောင် ... ဒါ ရှေးဟောင်း ငွေဒင်္ဂါးပါရောဟ''

''ဟုတ်သလေ ... သိပ်ရှားတဲ့ ငွေဒင်္ဂါးမျိုးဗျ ဦးလေးရဲ့ အဲဒါကို 'ထု'ရင် ဘယ်လောက်ရနိုင်မလဲ''

''နေဦး ... ဒါကြီးကို မင်းဘယ်က ရခဲ့သလဲ''

''ဖြည်းဖြည်းပေါ့ .. ပြောမှာပါ။ ဒါပေမဲ့ အဲဒါရောင်းရင် ဘယ်လောက်ရမလဲဆိုတာ အရင်ပြောပါဦး''

''ဟာ ... သောက်ခွေးတဲ့မှ။ ဒါမျိုးက ငါတောင် ခုမှကိုင်ဖူးတဲ့ဥစ္စာ။ ဘယ်သိမလဲကွ။ အဲ ... ရောင်းပေးဆိုရင်တော့ အောင်နိုင်ထူး သူငယ်ချင်းရဲ့အဖေ ပန်းထိမ်ဆိုင်မှာ စပ်ကြည့်ပေးမယ်လေ''

''ကျုပ်က အဲလောက်ကြီး မဆိုင်းနိုင်ဘူးဗျ။ ရော့ ပတ္တမြား





ဈေး နဂါးပဲ ... ချက်ချင်းကြီး ဖြစ်ချင်တာရယ်''

''အဲဒါတော့ ...''

''ကဲဗျာ ... ဦးလေးသဘောနဲ့ဦးလေး ဝယ်မယ်ဆိုရင် ဘယ်လောက်ပေးမလဲ။ ဘယ်လောက်စိတ်နိုင်သလဲ ... ကဲ''

''အင်း ...''

''ကျုပ်အကြွေးတွေကိုပါ တစ်ခါတည်း 'ထေ'ယူလိုက်ဗျာ။ ကျန်တာပဲ ငွေဖြူရှင်းပေး။ ဦးလေး ဘယ်လောက်ပေးမလဲ''

''အင်း ... မင်းက ဘယ်လောက်မှန်းထားလို့လဲ''

''ရော် ... မသိပါဘူးဆိုနေမှ၊ မနက်ဖြန် တစ်သိန်းရမှာထက် အခု ဘယ်လောက်ရမလဲပဲ ကျုပ်က ပိုစိတ်ဝင်စားတတ်တာ ဦးလေးလည်း သိသားနဲ့။ ပြောကြည့်ဗျာ။ သင့်တယ်ထင်ရင် ချမယ်''

''ဒီလိုလုပ် ... အခု ငါက ၅၀၀ နဲ့ ရှင်းပေးထားလိုက်မယ်။ ဖိရောင်းကြည့်တဲ့အခါ ရတဲ့ဈေး အခြေအနေအရ မင်းနဲ့ညှိပြီး ထပ်ပေးမယ်။ ဖြစ်မလား''

''ကောင်းပြီလေ ... စိန်လိုက်။ နေဦး၊ လောလောဆယ် ဦးလေး ငွေထပ်ရှာထားဦး။ မာရီးယားနဲ့ စန္ဒရားဆီမှာလည်း တစ်ပြားစီကျန်နေသေးတယ်။ ဒီကောင်တွေလည်း 'ထု'မှာပဲ။ ဒီဈေးနဲ့ပဲ ပေးမယ်။ ပြီးမှ ကျန်တာ ကျုပ်တို့ 'ကြုတ်ကျက်လိ'ကြတာပေါ့ ... ဟုတ်ဘူးလား''

''အေး ... ဒါဆို လုပ်စမ်းပါဦး။ မင်းတို့ဖာတ်လမ်း''

''ဒီလို ဦးလေးရ''

ထွေးညိုတစ်စိတ်လည်း ကုန်၊ စွပ်ပြုတ်တစ်ပန်းကန်လည်း ပြောင်၊ ချဉ်ဖတ်ခွက်လည်း နတ္ထိ။ ထိုအချိန်တွင် 'ငွေအိုးနှင့် ငွေဒင်္ဂါး'



www.burmeseclassic.com

ဓာတ်လမ်းကလည်း အရှည်လည်း အပတ်စေ့ခဲ့ပြီ။ ဓာတ်ကြော ပြေး ပြီ။

သို့ဖြင့် . . .

'ဝင်းပြန့်ကုန်းမှာ ငွေအိုးတွေ့သတဲ့' ဟူသော သတင်းသည် လည်းကောင်း၊ 'ဖြူဖွေးလှပ ကျက်သရေရှိသည့် ငွေဒင်္ဂါး ၃ ပြားသည် လည်းကောင်း စခန်းထိပ်မှ ရဲဘက်လူထွက် ဦးဘစိန်၏ ခါးပိုက်ထောင် ထဲသို့ သပိတ်ဝင်အိတ်ဝင် ရောက်ရှိခဲ့တော့၏။

ဆတ်သီး၊ မာရီးရား၊ စန္ဒယားတို့ သုံးဦးသားနှင့်အတူ ငါးကြော် တစ်ထုပ်၊ ကြက်သားကာလသားဟင်း တစ်အိုး၊ ဂါလံပုံးဖြင့် ထည့် ထားသည့် တောအရက်တစ်ပုံးနှင့် ငွေသားတချို့က တိတ်တိတ်ပုန်း လက်သိပ်ထိုး ပါသွားကြောင်း မည်သူမျှ မသိလိုက်ကြ။

သည်စခန်းငယ်ပေါ်သို့ အန္တရာယ် အရိပ်မည်းကြီးတစ်ခု ဝဲခနဲ တန်းတန်းမတ်မတ် ကြီးထိုးကျလာနေသည်ကိုလည်း ဂရုမပြုမိလိုက် ကြချေ။

ထိုညက လ,မသာပါ။ လမိုက်ညဖြစ်၏။

ကြယ်ကလေးတွေ တချို့တလေ ဟုတ်ခနဲ ဟုတ်ခနဲ ကြွေ ကျသွားသည်။ မြင်သူလည်း မရှိခဲ့။

| ၅ |

၂

"အောင်မယ်လေးဗျ . . . ကယ်ကြပါဦး"

"အား . . . သေပါပြီဗျ"

"လူသတ်နေပါတယ်ဗျို့ . . . ကယ်ကြပါဦး"

"အား"

"အား"

ညက သန်းခေါင်ပင် မရောက်တတ်သေး။

နေ့ညမို့ ပူလွန်းအိုက်လွန်းလှသဖြင့် မည်သူမျှ အိပ်မပျော် နိုင်ကြသေး။ နေ့ခင်းက အပူရှည် အပူငွေ့ကလေးတွေကုန်၊ ညဥ့်လယ် လေပြည်အေးကလေး ဖြူးလာတော့မှသာ ခေါင်းချကြရသဖြင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



စခန်းလုံး အိပ်မောကျတော့မည့်ဆဲဆဲတွင် တပ်ခွဲ (၁) အိပ်ဆောင်ဆီက အထက်ပါအော်သံနက်ကြီးတွေ ထွက်လာခြင်းဖြစ်သည်။ ကြောက်ကြောက်လန့်လန့် ငယ်သံပါအောင် အော်လိုက်ခြင်းဖြစ်၍ အသည်းတုန်အူတုန်ချင်စရာ ကောင်းလှ၏။

ချက်ချင်းပင် စခန်းတစ်ခုလုံး ဟိုမှသည်မှ ရာဘာစိမ်းမီးတုတ်ကြီးတွေ ဟုန်းခနဲ ထိန်ထိန်လင်းလာကြသည်။ မီးစက်နှိုးသံ ထွက်လာပြီး ဖြူဖျော့ခြည်းပင် လျှပ်စစ်မီးရောင်တွေ ဖြာဆင်းလာ၏။ အရာရှိများ၊ ဝန်ထမ်းများ ပြေးသံလွှားသံတွေ ရုတ်ရုတ်သဲသဲဖြင့် ဆူညံနေတော့သည်။

တဒင်္ဂသားဖြင့် ငရဲပွက်နေဘိသကဲ့သို့ ဝုန်းဒိုင်းကြဲလျက် ပြောင်းဆန်နေတော့၏။

"ဘာဖြစ်သလဲ ... ဘာဖြစ်သလဲ ... တပ်ခွဲ (၁) အိပ်ဆောင်ကအသံပဲ။ ဘာဖြစ်သလဲဟေ့"

ထောင်မှူးကြီး ဦးထိုက်ဉာဏ်၏ အသံကိုကြားသည်။

ဦးအုန်းမောင်, ဦးတင်ဦး, ဦးတင်ထွဋ်, ဦးထွန်းမြင့် စသည့်ထောင်မှူးကြီးများ၊ ဦးထွန်းရီ, ဦးထွန်းဟန်, ဦးထွန်းလူ စသည့် ထောင်မှူးအရာရှိများ လက်နှိပ်မီးတွေ တဝင်းဝင်းဖြင့် သူတို့တပ်ခွဲအိပ်ဆောင်များဆီသို့ သွားကြလာကြ ရှုပ်ရှုပ်ထွေး ခြေချင်းလိမ်။

ထောင်ပိုင်ကြီးလည်း နိုးပြီ။

တိုင်ကီလုံး တစ်လုံးစာခန့်ဝသည့် သူ့ခန္ဓာကိုယ်ကြီးကို သူမသယ်နိုင်။ ပြေး၍လွှား၍ မရ။ စခန်းတာဝန်ခံရုံးထဲကပင် ထိုင်စောင့်နေရ၏။ သူ့ရုံးဘာယာ ဦးစိုးမောင်၊ အောင်ကျော်မြတ်နှင့် ကြည်လှိုင်တို့က အသံကြားရာ တပ်ခွဲ (၁) အိပ်ဆောင်ဆီသို့ ပြေးကြ၏။





"ဘာဖြစ်သလဲ ... ဘာဖြစ်သလဲ"

"အိပ်ဆောင် (၁)မှာ ဖြစ်တာတဲ့"

"အေးပါ ... ဟုတ်ပါပြီ။ ဘာဖြစ်တာတဲ့လဲ"

"အရက်မူးပြီး အချင်းချင်း ဓားနဲ့ထိုးကြတာတဲ့ ဆရာရေ့"

"ဟေ ... ဟုတ်ကဲ့လားဟ"

"ဓားပြတိုက်တာတဲ့ ခင်ဗျ"

"ဟာ ... ကြံကြီးစည်ရာ တောစခန်း၊ တောင်စခန်းထဲလာပြီး ဓားပြတိုက်ရတယ်လို့ သောက်ရမ်းချည်းပဲ ... မဟုတ်နိုင်ပါဘူး"

"ဟုတ်တယ်ဗျို့ ... ငွေဒင်္ဂါးပြား လုတာတဲ့။ မပေးလို့ ဓားနဲ့ထိုးတာဆိုပဲ။ လုယက်တဲ့ ကုလားသုံးကောင်ကလည်း အရက်တွေ အလွန်အကျွံ မူးနေသတဲ့"

"ဟေ ... ဘယ်သူတွေလဲ"

"ဆတ်သီးတို့အဖွဲ့လေကွာ"

"ဪ ... ဆတ်သီး၊ မာရီးယား၊ စန္ဒရားဆိုတဲ့ ဟိုဆိပ်ကမ်းလူမိုက်သုံးကောင်လား"

"ဘယ့်နှယ်ကွာ ... ဖွတ်ကျော့ပြာစု၊ ခရုဆံကျွတ် ရဲဘက်အိပ်ဆောင်ထဲမှာများ ငွေဒင်္ဂါးပြား ဓားပြတိုက်မှုဖြစ်ရတယ်လို့။ အရပ်ရပ်နေပြည် ကြားလို့မှမတော်။ ချေးစားပြောရင်တောင် ချေးကြိုက်လို့ပဲဖြစ်ရမယ်။ ယုံဖို့ ခပ်ခက်ခက်"

"ဟ ... ဒီလို မပြောနဲ့လေ။ သူ့အကြောင်းနဲ့သူတော့ ရှိမှာပေါ့"

ဟုတ်ကဲ့။ အကြောင်းက အမှန်ပင် ရှိခဲ့လေသည်။

သည်ပုဂ္ဂိုလ် အကောင်းစားသုံးယောက်ကား အမှုတွဲများ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ရန်ကုန်ဆိပ်ကမ်း မြို့နယ်တရားရုံး စီရင်ချက်အရ နာကျင်စေမှု (ရာ–၃၂၆)ဖြင့် ထောင်ဒဏ် ၂ နှစ်စီ ကျခံနေကြရသော ရဲဘက်များ ဖြစ်ပါ၏။ လွတ်ရက် (Release Day) ကား နီးနေပါပြီ။ လွတ်နီးရဲဘက်များ ဆိုပါစို့။

သူတို့အဖွဲ့၌ မာရီးယားက ခေါင်းဆောင်။

မနေ့က စံမောင်ကြီးတို့ကျန်ခဲ့သော ငွေဒင်္ဂါးပြားများကို လုကြယက်ကြရာတွင် သူတို့က ဉာဏ်ကူသဖြင့် ငွေဒင်္ဂါးပြားတွေ ပို၍ရခဲ့၏။ မာရီးယားနှင့် ဆတ်သီးတို့က လူကောင်အကြီးကြီး၊ ဗလကြီးတွေ 'တွေ'နေသည့် သူကောင်သားများဖြစ်ကြရာ လုကြယက်ကြရာတွင် သူတို့နှစ်ယောက်က သူတို့ဗလကြီးတွေအားကိုးဖြင့် နှစ်ယောက်သား ခေါင်းချင်းဆိုင်၊ ရင်ချင်းအပ်လျက် ကျွဲနှစ်ကောင်ခတ်နေသလို ကုန်းကုန်းကြီး တည်ပေးထားကြ၏။ လူကောင်သေးသေးညှက်ညှက် စန္ဒရားက သူတို့နှစ်ယောက်၏ 'ဗလရိပ်'၌ အေးအေးဆေးဆေး မှောက်လျားထိုး၍ ဒင်္ဂါးပြားတွေကို မရ ရအောင် ဆွဲယူ၏။ သူများလက်က ငွေဒင်္ဂါးပြားတွေပုတ်ချ၊ သူ့ဝမ်းဗိုက်အောက် လက်ဖြင့်ယက်သွင်း။ ပြီးမှ အနှောင့်အယှက်ကင်းကင်း ကောက်ယူ။ သို့ဖြင့် လက်ကျည်ညီလုပ်ရှားခဲ့ကြရာ ငွေဒင်္ဂါးပြား ၁၈ ပြားရလျှင် အချင်းချင်းလက်ကုတ်အချက်ပေး၍ အသာလျှိုထွက်ခဲ့ကြသည်။ ပြီးလျှင် တပ်ခွဲ (၁)တပ်ခွဲလက်ရှိစခန်းချနေသည့် ညောင်တစ္ဆေပင်ကြီးအနီး ဘောင်မှဲ့ချုံအောက်၌ မြေမြှုပ်ဝှက်ထားလိုက်ကြ၏ လတ်တလော သုံးဖို့စွဲဖို့ ခြေစောင့်လက်စောင့် တစ်ယောက်တစ်ပြားစီ သားရေညှပ်ဖိနပ်အောက်ခံ ရာဘာဆိုးပြားကိုခွာ၍ထည့်၊ မီးမြှိုက်၍ ပြန်ဖိနင်းထား၊ ကိုယ်နှင့်မကွာဆောင်ထားလိုက်ကြ၏။ ထိုသုံးပြားကို ညနေပိုင်းက တစ်ပြားလျှင် ၅၀၀ ကျပ်





ဖြင့် ဦးဘစီကြီးထံ ရောင်းခဲ့ကြပြီးဖြစ်၏။ ထိုငွေဖြင့်ပင် အရက်တွေ၊ ကြက်သားဟင်း၊ ငါးကြော်တွေ ဝယ်သွင်းလာခဲ့လျက် ညတစ်ပိုင်းလုံး အားလိုက်သောက်လိုက် အိုကေ စိုပြည်ခဲ့ကြခြင်း ဖြစ်သည်။

အရက်ကလေး နင့်လောက်အောင်ဝင်မိလျှင် ဆတ်သီးစိတ်ကြွလာသည်။ မိုက်သွေးကလေးတွေ တရှိန်ရှိန်တက်လာသည်။ စိတ်ရိုင်းစိတ်ကြမ်းကလေးတွေ ဝင်စပြုလာသည်။

ပြီးလျှင် … သူတို့နည်းတူ ကိုယ်လုံး၍လု၍ရသည့် ငွေဒင်္ဂါးပြားများကို တပ်ကြပ်ကြီး အဘဦးဘိုကေ၊ ထောင်မှူး ဦးထွန်းလူတို့ထံ အကုန်မအပ်ဘဲ ကဲ့ထားချန်ထား လျှို့ထားဝှက်ထားသူတွေရှိသေးကြောင်း မြွေမြွေချင်းခြေမြင်၊ ရှီးတိုးရိပ်တိပ် သိထားသည်ကလည်း ရှိနေပြန်၏။ ကျော်ဆင့်ဆီမှာ (၃)ပြား၊ အာပြဲဆီ၌ (၂)ပြား၊ မောင်ဒွေး၊ ခမ်းငွေ၊ ဆယ်တင်၊ ဖိုးဉာဏ်တို့ဆီတွင် တစ်ယောက်တစ်ပြားစီ ရှိနေကြမှန်း တိတိပပ သိထားပြီးသား။ သည်အသိက အရက်ကလေးများ တော်တော်ဝင်၍ နာဂျာဂီရိဆင်ကြီးလို မှန်ယိုမူးယစ်လာနေသော သူတို့သက်မရှု့တစ်စုကို မြှောက်ပင့်ပေး၏။ သို့ဖြင့် …

အမှန်က ဓားပြတိုက်ခဲ့ခြင်း မဟုတ်။ ဦးဘစီးကြီးထံမှရခဲ့သော ငွေကလေးပြ၍ ငွေဒင်္ဂါးတစ်ပြားလျှင် ၃၀၀ ကျပ်ဖြင့် တောင်းဝယ်ခဲ့ခြင်းသာ။ လူသူလေးပါးမသိအောင် တိုးတိုးကျိတ်ကျိတ်လုပ်ခါမှ ကျော်ဆင့်နှင့်အာပြဲက မရောင်းဘူး အပြတ်ငြင်းရုံမျှမက ဝူးဝူးဝါးဝါးတွေ ထလုပ်သဖြင့် ဟင်းသီးဟင်းရွက်လှီးသော စည်ပတ်သံပြားဓားဖြင့် ကြိတ်လှီးလိုက်ခြင်း ဖြစ်သည်။ ကျောင်းမှန်းကန်မှန်းသိရုံ ခြောက်လိုက်လှန့်လိုက်ခြင်းကိုပင် တကယ်လုပ်ပြီအထင်နှင့် သွေးနည်းလွန်းသည့် သတ္တဝါတစ်ရှဉ်းက သံကုန်ဟစ်လိုက်ကြခြင်း ဖြစ်၏တဲ့။ ခပ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မားဒဏ်ရာဖြင့် သွေးတွေ အရွှဲသားနစ်နေသော ကျော်ဆင့်နှင့်အာပြ တို့ကို ဆေးမှူးတပ်ကြပ် ဦးမှင်းစိန်က ပြုစုကုသပေးရပါ၏။ အသာ ကလေး ကြိတ်လှီးလိုက်ပါသည်ဆိုသည့် ဒဏ်ရာများမှာ လေးငါးခြောက် ချက်စီ အစိမ်းချုပ် ချုပ်ပေးလိုက်ရသတတ်။ ယောက်ျားကြီးတွေတန် မဲ့ အခုပဲသေတော့မလို၊ အသက်ထွက်တော့မလို မျက်နှာကြီးတွေ သွေးဆုတ်ဖြူရော်လျက် အဖြစ်သဲနေကြသော သင်းတို့နှစ်ယောက်ကို Army Rum လေး နှစ်ပက်ခန့်စီတိုက်လိုက်မှသာ သံမှန်ပြန် ရောက်ကြ တော့၏။

လူရမ်းကား ဆတ်သီး၊ မာရီးယား၊ စန္ဒရားတို့ ငနဲသုံးကောင် ကိုမူ စခန်းရုံးခန်း၌ ထိတ်တုံးသွင်းထား၏။ ဘာကိုမျှ စစ်၍မေး၍ မရ သေး။ လူမှန်းသူမှန်းမသိအောင် မူးနေကြလေသည်ကိုး။

ကျော်ဆင့်နှင့်အာပြတို့၏ ဖွင့်ဟဝန်ခံချက်အရ 'ငွေအိုး' နှင့် 'ငွေဒင်္ဂါး' ကိစ္စကြီးမှာ ဖုံးမနိုင် ဖိမရ 'ဝုန်း'ခနဲ ပေါ်လာတော့သည်။

''ဦးထွန်းလှုရယ် ... ခင်ဗျားဗျာ။ ဝါရင့်သမ္မာရင့် အရာရှိ တစ်ယောက်လည်းဖြစ်တယ်။ လုပ်သက်ကလည်း ဖင်ဆောင့်နေပြီ။ မနက် ဖြန် သန်ဘက်ပဲ ပင်စင်ယူရတော့မယ်၊ ဒီလိုမျိုး မတော်မတည့်တွေကို စိတ်ကူးမိရသေးတယ်လို့ဗျာ။ အဘ ဦးဘိုကေလည်း အတူတူပဲ။ ခင်ဗျား ရဲ့ သက်ပြည့်ပင်စင်က တင်တောင်တင်ထားပြီးပြီ။ မကြာခင် ကြိုတင် ပြင်ဆင်ခွင့်လေးလက ကျလာတော့မယ်။ ဘယ်မှာလဲ ခင်ဗျားတို့ရဲ့ ဝန်ထမ်းသစ္စာ ... တယ်လေ ... ပြောလိုက်ရရင် မကောင်းရှိတော့ မယ်''

ထောင်ပိုင်ကြီး အလွန်အမင်း ဒေါသထွက်နေ၏။

မထွက်ခံနိုင်ရိုးလား။ 'ရွှေသမင်ဘယ်ကထွက်၊ မင်းကြီးတာ





က ထွက်' ဆိုသလို သူ့တပည့်အရင်းခေါက်ခေါက်ကြီး ဦးစိုင်းထွန်းလှုက ကွက်ကျော်ကွက်ကျန်တွေ ကစားထားလေသဖြင့် အခြားထောင်မှူးကြီး များ၊ ထောင်မှူးများ၏ ပြောစရာဖြစ်နေပြီ။

''ကဲ ... လုပ် ... ခင်ဗျားတို့သိမ်းထားတဲ့ ငွေဒင်္ဂါးပြားတွေ အားလုံးကို ငွေအိုးတွေ့ရှိမှု အစီရင်ခံစာနဲ့တကွ စာရင်းဇယားနဲ့ သေ ချာအပ်။ စီမံကိန်းထောင်မှူးကြီး ဦးထွန်းမြင့်က အဲဒီအစီရင်ခံစာတွေ၊ စာရင်းတွေပြီးတဲ့အထိ ကြီးကြပ်ပါ။ ငွေဒင်္ဂါးတွေကိုတော့ ဦးထွန်းလှု အပါအဝင် တပ်ခွဲ (၁)က ဝန်ထမ်းတွေရဲ့ အခန်းတွေ၊ သေတ္တာတွေ၊ အသုံးအဆောင်တွေထဲမှာ သေချာရှာပြီး သိမ်းဆည်းပါ။ ဦးထိုက်ညွှဏ် ဥက္ကဋ္ဌ၊ ဦးတင်ဦးနဲ့ ဦးထွန်းဟန်အဖွဲ့ဝင်။ နောက် ဦးတင်ထွဋ်က ဥက္ကဋ္ဌ လုပ်ပြီး ဦးထွန်းရီနဲ့ တပ်ကြပ်ကြီး ဉာဏ်အေး၊ တပ်ကြပ်ကြီး ကျောက် ချော၊ တပ်ကြပ် ဦးမြင့်ကြည်တို့က အဖွဲ့ဝင်တွေအဖြစ် တပ်ခွဲ (၁) အိပ်ဆောင်ကို အခုပဲ အထူးရှာဖွေရေးလုပ်ကြဗျာ။ သေသေချာချာ စေ့စေ့စပ်စပ်လုပ်ကြ။ ပြီးရင် တပ်ခွဲ (၁)က ရဲဘက်တပ်ခွဲမှူး၊ တပ်စိတ် မှူးတွေရယ် ငွေအိုးစ,တွေ့တဲ့ နှစ်ကောင်ရယ်ကို ပြစ်ဒဏ်တိုက်ထဲထည့် ထားလိုက်။ ပဏာမ စုံစမ်းစစ်ဆေးမှု လုပ်ရမယ်''

အတွေ့အကြုံရင့်၊ သမ္မာရင့် ထောင်ပိုင်ကြီးဖြစ်၍ လုပ်ငန်း အစီအစဉ်များကို လက်တန်းချသွားလိုက်သည်မှာ ဂျောင်းဂျောင်းပြေး ထောင့်ကိုစေ့လို့။ ပြီးလျှင် စံမောင်၊ မောင်မြင့်၊ စိန်ပိုးနှင့် သိန်းလှိုင် တို့အား သူကိုယ်တိုင်ပင် စစ်ဆေးတော့၏။

ကျွန်တော်က ထောင်ပိုင်ကြီး၏ အကူအဖြစ်ဆောင်ရွက်ခဲ့ရ သည်။ သုဝဏ္ဏဘုမ္မိင်ရဲ၏ ဇာတ်ကွက်တစ်ခန်း၌ အရုံဇာတ်ဆောင်အစ် ဦးပခင်ဗျ။ လင်းကြက်မတွန်မီမှာပင် ထောင်မှူးဦးစိုင်းထွန်းလှုက တရား



www.burmeseclassic.com

www.burmeseclassic.com



ဝင်အပ်နှံသော ငွေဒင်္ဂါးပြား ၁၃၅ ပြားအပြင် ဝန်ထမ်းများထံမှ ၄၈၊ အိပ်ဆောင် (၁)ရဲဘက်များ ရှာဖွေရာမှ ၂၃ ပြား၊ စုစုပေါင်း ၁၉၈ ပြား သိမ်းဆည်းနိုင်ခဲ့ပါတော့၏။

ညတွင်းချင်း တက်သုတ်ရိုက်၍ ပထမ စုံစမ်းစစ်ဆေးမှု အစီအရင်ခံစာ (Preliminary Inquiry Report) ကို အပြီးသတ်နိုင်ခဲ့၏။ မနက်လင်းသည်နှင့် ငွေအိုးတွေ့သည့်နေရာအား မြေပုံဆွဲခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ ပတ်လည် ပေ ၂၀ နှစ်ထပ် သံဆူးကြိုးကာရံခြင်းတို့ကိုလည်း ချက်ချင်းလုပ်ဆောင်နိုင်ခဲ့သည်။

ဇာတ်လမ်းက ဤမျှနှင့်ပြီးခဲ့မို့ ကောင်း၏။ ထိုသို့ဆိုလျှင် -

ဘာပဲပြောပြော သုဝဏ္ဏသာမ ဇာတ်တော်ထဲကနယ် သားရွှေအိုးထမ်း၍ ပြန်လာသည့်ကိန်း ဆိုက်ပေဦးမည်။

ယခုတော့ဖြင့် မဟုတ်။ မဟုတ်ရေးချ မဟုတ်။

■ ■ ■

| ၆ |

□

"ငွေဒင်္ဂါးတွေမှာ ဘဒြ၊ စန္ဒြ၊ သင်္ခ၊ ဂြိဝတ္တ၊ သွသ္တိက၊ ဝဖြပုံတွေ တွေ့ပါတယ်။ ဒီဒင်္ဂါးတွေကို ပျူမြို့တွေဖြစ်တဲ့ ဟလင်း၊ ထူးမိန်၊ ဂြိုကွေတြ (သီရိခေတ္တရာ)၊ ပိဿနိုးမြို့ဟောင်း၊ ဖုတ်သုတ်ဒေသ၊ ကယား၊ ရှမ်း၊ ယိုးဒယား၊ အခု ကမ်ပူးချလို့ခေါ်နေတဲ့ ဖူနန်နဲ့ ရှေးကသဘော် ဆိပ်ညသြဆိုတဲ့ နေရာတွေမှာ အနှံ့အပြားတွေ့နိုင်တယ်။ ဖူနန်မှာ ဘုရင်ဖန်မန် (အေဒီ - ၂၀၅, ၂၂၅) လက်ထက်က ထုတ်လုပ်တဲ့ ဒင်္ဂါးတွေဟာ အခု မြန်မာနိုင်ငံမှာ ဟလင်းဒင်္ဂါးလို့ခေါ်နေတဲ့ ဒင်္ဂါးနဲ့ ထပ်တူထပ်မျှ တူညီနေပါတယ်။ တစ်ဖက်မှာ သူရိယ၊ စန္ဒြ၊ ဂြိဝတ္တ၊ ဘဒြနဲ့ သွသ္တိက



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်တွေပါပြီး ကျန်တစ်ဖက်မှာ နေထွက်စ တံဆိပ်တွေပါရှိနေပါတယ်။ ဒီမှာ ဥက္ကဋ္ဌကြီးနဲ့ ထောင်ပိုင်ကြီးတို့ကြည့်ပါ။ အခု ထောင်ပိုင်ကြီးတို့ အပ်နှံတဲ့ ဒင်္ဂါးတွေဟာ အဲဒီဟာလင်းဒင်္ဂါးတွေပါပဲ''

မွန်ပြည်နယ်၊ ရှေးဟောင်း သုတေသနအရာရှိက ဒင်္ဂါးပြားများကို တစ်ခုစီကိုင်တွယ်၍ စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဘီလင်းမြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌဦးစောမိုးဇက်နှင့် မြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးထွန်းလင်း၊ လုပ်ငန်းစစ်ဥက္ကဋ္ဌ ဦးတင်လှ (ပန်းချီ)၊ ထောင်ပိုင်ကြီးတို့က ငွေဒင်္ဂါးပြားများကိုယူ၍ စေ့စေ့စပ်စပ် ကြည့်နေကြ၏။

ကျွန်တော်က ဘေးမှာလိုအပ်သည်များကို ကူညီရင်း တစေ့တစောင်း စပ်စုစေ့ငုရ၏။

''နေပါဦး ဆရာရဲ့။ ဒီဖူနန်နဲ့ ဟန်လင်းက ဒင်္ဂါးတွေက ဒီကို ဘယ်လိုလုပ် ရောက်လာနိုင်သလဲ။ အဲဒါ စိတ်ဝင်စားဖို့ ကောင်းတယ်''

ဦးစောမိုးဇက်က မေးမြန်းလိုက်ခြင်း ဖြစ်၏။

''ဒီလိုပါ ဥက္ကဋ္ဌကြီး။ မြေထဲပင်လယ်အရပ်က တရုတ်နိုင်ငံ အရောက် ကုန်သည်တွေ လာမြဲလမ်းကို 'ပိုးလမ်းမကြီး'လို့ ခေါ်ပါတယ်။ အခု အာသမ်ကို ရှေးက ကာမရူပလို့ခေါ်ပါတယ်။ အဲဒီ ကာမရူပကနေ မြစ်ကြီးနားကိုဖြတ်ပြီး ယုန်ကျန်အထိရောက်တဲ့ လမ်းမကြီးပေါ့။ အဲဒီလမ်းမကြီးရဲ့ လမ်းခွဲတစ်ခုက ရွှေဘိုနယ် ဟာလင်းကိုဆင်းပြီး ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါကတက်ရင် ယုန်ကျန်ကို ဒုတ်ဒုတ်ထိရောက်ပါတယ်။ တောင်ဘက်မှာ အလားတူကုန်သည် လမ်းမကြီး တစ်ခုကတော့ ယခုအခါ ကမ်းဖူချခေါ်တဲ့ ဖုနန်နယ်က မနန်မြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်ကိုဖြတ်ပြီး ပိဿနိုးမြို့ဟောင်း၊ သီရိခေတ္တရာနဲ့ ရခိုင်က ဝေသာလီအထိပေါက်ပြီး အိန္ဒိယကိုဝင်သွားပါတယ်။ အဲဒီ





လမ်းမကြီးတွေတစ်လျှောက်မှာ ပုံစံချင်း နီးစပ်တဲ့ ဒင်္ဂါးတွေ တွေ့နေရပါတယ်။ ဒီလိုတွေ့ရတာက ဒီလမ်းကိုသုံးခဲ့တဲ့ ကုန်သည်တွေဟာ ဒီနယ်တွေမှာ ဒီဒင်္ဂါးတွေကို အခြေခံထား ရောင်းဝယ်ခဲ့ကြလို့ပဲလို့ ယူဆရပါတယ်''

''ဪ ... ဒီလိုကိုး''

အားလုံးပင် သဘောပေါက် ရှင်းလင်းသွားကြဟန် တူပါသည်။ ခေါင်းတညိတ်ညိတ်ဖြင့် တည်ခင်းဧည့်ခံထားသော စားသောက်ဖွယ်များကိုစားရင်း တွေရာလေးပါး ပြောနေကြ၏။

''အဲဒီငွေအိုး စတင်တွေ့ခဲ့တဲ့ ကလေးနှစ်ယောက်ကို ခဏလောက်တွေ့သွားချင်သေးတယ် ထောင်ပိုင်ကြီး။ ပါတီယူနစ်နဲ့ မြို့နယ်ကောင်စီက ဂုဏ်ပြုငွေလည်း ချီးမြှင့်ခဲ့ချင်တယ်။ ထောင်ပိုင်ကြီးတို့ဘက်ကလည်း လျှော့ရက်လေးဘာလေး လုပ်ပေးကြပါဗျာ။ နိုင်ငံအတွက် အဖိုးတန်တဲ့ သမိုင်းအထောက်အထားတွေ ရလိုက်တာပဲ မဟုတ်လား။ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရမှာပေါ့''

''ဟုတ်ကဲ့ ... ဥက္ကဋ္ဌကြီး ... ဟုတ်ကဲ့။ ကဲ ... ကိုဇော်မြင့်ရေ ... ရှေ့တန်းတပ်ခွဲကို ကားနဲ့သွားပြီး 'စံမောင်'နဲ့ 'မောင်မြင့်' ကိုခေါ်လာခဲ့ဗျာ။ ဥက္ကဋ္ဌကြီးတို့နဲ့ တွေ့ပေးရအောင်။ ဪ ... သိပ်မကြာစေနဲ့နော်''

''ဟုတ်ကဲ့''

ကျွန်တော့်ခမျာ တပည့်ကျော် တင်ဝင်း၏ ဝီအီး ၅၂/၇၆၉၆ ဖြင့် ဝင်းပြန့်ကုန်းသို့ အပြေးကလေး သုတ်ခြေတင်ခဲ့ရပါ၏။

သို့သော်လည်း ... တဲ့။

မောသည့် အမောရယ်မှ မပြေနိုင်ခဲ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ် ထမင်းစားချိန် လုပ်ငန်းတစ်ခွဲသိမ်းချိန်၌ တပ်စိတ်မှူး စိန်ဖိုး၊ စံမောင်နှင့် မောင်မြင့်တို့ သုံးယောက်စလုံး ပျောက်ချက်သား ကောင်းနေသည်။ တော်တော်နှင့် ရောက်မလာ . . . တဲ့။

တပ်ခွဲမှူး ထောင်မှူး ဦးစိုင်းထွန်းလှူက မသင်္ကာသဖြင့် လူစုခွဲ၍ ဝင်းပြန့်ကုန်းတစ်ပိုက် လှည့်ခွဲရှာဖွေကြရာ မီးကင်းစောင့် တပ်ကြပ် ဦးဝင်းမောင်တို့တဲ၏ နောက်ဘက် ဧက ၁၀၀ ရာဘာခင်းအစပ် ဝါးရုံပင် အုပ်အုပ်အနီး ချုံထဲ၌ စံမောင်ကြီး၏အလောင်းကို ဓားခုတ်ရာတွေ ဗရပွနှင့် တွေ့သည်။

ဒါတင်ပဲလား။ မကတုံသေး။

မြေနီတောင်ခြေရင်း ဒူးရင်းခြံထဲ၌ မောင်မြင့်၏အလောင်းကြီးကိုလည်း ဦးခေါင်းမွမွကြေ၍ တွေ့ရပြန်တော့၏။ သွေးတွေရွှဲနေသော ကျောက်စရစ်တုံးကြီးကိုလည်း အနီး၌တွေ့သည်။ စိန်ဖိုးက ပြေးပြီ . . . တဲ့။

ကဲ . . . ကောင်းကြသေး၏ဇလား။

ကောင်းသည်၊ မကောင်းသည် အသာထားဘိဦး။ လူကြီးတွေထံ အသော့အလျင်ပြန်ကာ သတင်းပို့ရပါ၏။

ထောင်ပိုင်ကြီး မျက်နှာမကောင်း။

ဥက္ကဋ္ဌကြီးတွေ တဖျစ်တောက်တောက်။

အမှုက်စ၍ ပြဿဒ်မီးလောင်လေပြီ။

ဥက္ကဋ္ဌကြီးများက စခန်းမှအပ်နှံသော ငွေအိုးတစ်ခြမ်းပုံအပုံးနှင့် ငွေဒင်္ဂါးပြားတွေ သိမ်းဆည်းယူငင်၍ ပြန်သွားကြ၏။ မျက်နှာမရခြေထောက်ရသည့် ကိန်းပေါ်ကား။

ညနေ မှောင်စပျိုးချိန်၌ ရဲဘက်ပြေးစိန်ဖိုးကို ခြေချင်းကြီး





တန်းလန်းနှင့် သဲဖြူချောင်းတံတားရှိ တပ်မတော်ကင်းက ဖမ်းမိခဲ့လေ၏။ ငွေဒင်္ဂါးပြား ၃၂၀ ကို သူ့လက်ဝယ်မှ သိမ်းဆည်းမိခဲ့သည်။ စံမောင်ကြီးကို သူနှင့်မောင်မြင့်တို့ပေါင်း၍ သတ်ခဲ့ပုံ၊ မောင်မြင့်ကို သူကပဲ လက်စတုံးခဲ့ပုံတွေကို ဖြောင့်ချက်ပေးဝန်ခံခဲ့၏။ ဘီလင်းရဲတပ်ဖွဲ့စခန်းသို့ ညတွင်းချင်းပင် ရဲဘက်ပြေးမှု၊ လူသတ်မှုတွေ တစ်ထွေးကြီးဖြင့် အပ်နှံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

[၇]

ဝတ္ထုဇာတ်လမ်းသက်သက်ဆိုလျှင် 'ဤတွင်ရွှေ နိဂုံတံ' ဆိုပြီး ရပ်လိုက်သင့်သည်။ တကယ့်ပကတိဖြစ်ရပ်ဖြစ်၍ကား အကုသိုလ်၏ ကြိုးဟ် ဆိုးက ဤမျှနှင့်မရ၊ မတင်းတိမ်။

အကျဉ်းဦးစီးဌာနရုံးချုပ်သို့ 'စခန်းစောင့်နတ်' ဆိုသဟာက ရွှေပေလွှာပို့ကာ တိုင်ကြားခဲ့ပြန်သေးသည်။ သူက ဤသို့ဆို၏။

''စံမောင်ကြီးတို့ ငွေအိုးတွေ့သည့်နေ့၏ နောက်နေ့၊ ဆတ်သီးတို့ ဓားပြတိုက် အနုကြမ်းစီးမှုကြီးကြောင့် 'ငွေအိုးနှင့်ငွေဒင်္ဂါး' ဇာတ်လမ်းကြီး ဘွားခနဲပေါ်လာချိန်။ သက်ဆိုင်သူတွေကို စစ်တုန်းဆေးတုန်း ရှာကုန်းဖွေတုန်းအချိန်။ ဝန်ထမ်းနှင့် ရဲဘက် (၅)ယောက်က ဝင်းမြင့်ကုန်းရှိ ငွေအိုးတွေ့သည့်နေရာကို ထပ်မံတူးဆွရှာဖွေကြရာ ခပ်ငယ်ငယ်





ငွေအိုးနှစ်လုံးကို ထပ်မံတွေ့ရှိခဲ့သည်ဟု သိရကြောင်း၊ စခန်းတာဝန်ခံ ထောင်ပိုင်ကြီးကို အပ်မအပ်မသိသော်လည်း ထိုသူများမှာ ထောင်ပိုင်ကြီး၏တပည့် အရင်းအခြာများဖြစ်ကြောင်း၊ ထောင်ပိုင်ကြီး၏ဂျစ်ကား ဖြင့်လာသည်ဟု သိရကြောင်း၊ ...စသည် ...စသည်''

သည်တစ်ခါလည်း ရုံးချုပ်ကဆင်း၍ စစ်ကြောလိုက်၊ အရေးယူလိုက်သည်မှာ ထောင်းထောင်းကြေလို့ပါခင်ဗျာ ...။

စာရင်းချုပ်လိုက်တော့ ...

ထောင်မှူးကြီး ဦးအုန်းမောင်၊ ထောင်မှူးကြီးဦးထွန်းမြင့်တို့ နှစ်ဦးသာကျန်၍ ကျန်အရာရှိများ အငြိမ်းစားပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ ထုတ်ပယ်ခြင်းများကို တသီကြီးခံလိုက်ကြရ၏။

ဩော် ...ဒုက္ခ ...ဒုက္ခ ...ဒုက္ခ။

အိပ်ရာအောက်ရေဝင်ပြီး ပြဿနာက နွေခင်းကြောင်တောင်မီးခွက်တစ်လုံးနှင့် ရှာဖွေရောက်ရှိလာခဲ့ခြင်းပါတကား။

www.burmeseclassic.com

www.burmeseclassic.com

## |၈|

❑

"သိပ္ပံပညာရှင်တွေက စကြာဝဠာကြီးဟာ ဟိုက်ဒြိုဂျင်ဓာတ်နဲ့ ဖန်တီးထားတာလို့ ယုံကြည်ထားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစကြာဝဠာမှာ ဟိုက်ဒြိုဂျင်ဓာတ်က အပေါများဆုံးမို့တဲ့။ ကျွန်တော်ကလည်း ထပ်ပြောပါရစေ။ ဒီလောကမှာ အပေါများဆုံးက မိုက်မဲမှုပါပဲ ... လို့"

ဖရန့်ဇက်ပါ (အမေရိကန် ဂီတပညာရှင်၊ ၁၉၄၀-၁၉၉၂)က သည်လိုကြီး တထစ်ချ အပ်ကျမပ်ကျကြီးကို ပြောချခဲ့ဖူးသည်။ သူပြောသလို တကယ်ပဲ ဤကမ္ဘာမြေမှ လူ့နယ်လူ့ပြည်၌ အပေါများဆုံးသည် 'မိုက်မဲမှု'ပေလား။


သို့မဟုတ်လျှင် ...။

အင်း ... နဖူးပေါ်လက်တင်၍ အသေအချာ စဉ်းစားရပေဦးမည်။

❑ ❑ ❑

**ဧရာမြေမင်းသျှင်**





မိုင်းမော၊ ဗိဿထိုး၊ ဟာလင်း၊ ဗြိတ္တကြွ ပျူဒင်္ဂါးလေးမျိုး

ဖုနန်က ပျူမြို့တွေကိုဖြတ်ပြီး ရခိုင်ဝေသာလီထိသွားတဲ့ ကုန်သွယ်ကုန်းလမ်းတစ်လျှောက်မှာ တွေ့တယ်။ အရင်က ပျူငွေဒင်္ဂါးလို့ခေါ်ပေမယ့် ဖုနန်(ကမ်ဘိုဒီးယား)မှာ ခရစ် ၃ ရာစုနှစ်ဦးက သွန်းတဲ့ ဒင်္ဂါးဖြစ်နိုင်တယ်လို့ ပြောကြတယ်။ ဒီပုံတွေကို အောင်သော် 'ပျူဒင်္ဂါး'အမျိုးသားယဉ်ကျေးမှုစာစောင် ၁ ၊ ၁၉၆၂၊ ၁၀၆ က ကူးယူဖော်ပြတယ်။)

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မူ သိမှတ်

ဗုဒ္ဓဂါယာ တံဆိပ်တွေရဲ့


အဓိပ္ပာယ်ရှင်းလင်းချက်




သိရိဝစ္ဆ (အဓိဋ္ဌာန်)




သင်္ခ (ခရုသင်း)
ကောင်းမြတ်တဲ့အချိန်ကို ကြေညာချက်




ဝဇြ (ဝရဇိန်လက်နက်)
မကောင်းသူကိုဆုံးမရန်




သွတ္ထိက (မွန်းတည့်နေ)
ချမ်းသာကြီးပွား ဆောင်နိုင်တဲ့ အထိမ်းအ



အရထ (နေအရှက်,
ထိုးသင်ရေမှုန်ခြင်း



စေတိယ (စေတီ)
ကြည်ညိုဖွယ်



ဒမရု ဗဇိဋ္ဌ
ယထာတ်တုတ်နဲ့ ထိုင်ခုံ
တည်ငြိမ်ခြင်း

စိတ်ကူးသစ်စာပေ

www.burmeseclassic.com